သမဏာနဉ္စ ဒဿနံ ဧတံ မင်္ဂလမုတ္တမံ၊ ရဟန်းတော်များကို ဖူးမြော်ရခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၁၀ ရက်၊ ၂၀၀၄ ခုနှစ်၊ မတ် ၃၀ ရက်၊ အင်္ဂါနေ့၊ အတွဲ(၄၁)၊ အမှတ်(၁၈၂)

ဖွံ့ဖြိုးရေးစီမံကိန်းများ အောင်မြင်ဖြစ်ထွန်းနေခြင်းသည် လုပ်ငန်းစဉ်များ မှန်ကန်ပြည့်စုံမှုကိုဖော်ညွှန်းပြသ

ယခုအချိန်အခါတွင် နယ်စပ်ဒေသဖွံ့ဖြိုးရေး စီမံကိန်းများ အပါအဝင် ဖွံ့ဖြိုးရေးစီမံကိန်း အသီးသီး၏လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေခြင်းမှာ မိမိတို့၏အမျိုးသားရေးမူဝါဒနှင့် အမျိုးသားရေးလုပ်ငန်းစဉ်ကြီးများ၏ မှန်ကန်ပြည့်စုံမှုကို ဖော်ညွှန်းပြသနေခြင်းပင်ဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်မှုများ သွက်လက်မြန်ဆန်ဖြစ်ထွန်းသည့်အရှိန်အဟုန်ထိန်းသိမ်းမြှင့်တင် ဒေသစီးပွားရေးဖြစ်ထွန်းရေးနှင့် လမ်းပန်းဆက်သွယ်မှုတိုးတက်ကောင်းမွန်ရေးယှဉ်တွဲဆောင်ရွက်ပေးနေ လူ့စွမ်းအားအရင်းအမြစ်ပျိုးထောင်ပေးနိုင်သည်နှင့်အမျှ တိုးတက်သည့်လူ့ဘောင်အဖွဲ့အစည်းဖြစ်ထွန်း အမျိုးသားရေးလုပ်ငန်းစဉ်ကြီးများ အောင်မြင်စွာအကောင်အထည်ပေါ်ဖြစ်ထွန်းလာရေး နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းများအောင်မြင်ရေးသည် ပဓာနကျသောအခန်းကဏ္ဍတွင်ရှိနေ

ရန်ကုန် မတ် ၂၉

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီအစည်းအဝေး အမှတ်စဉ်(၁/၂၀၀၄)ကို ယနေ့နံနက် ၁၀ နာရီခွဲတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စစ်ဆင်ရေး အစည်းအဝေးခန်းမဋ္ဌကျင်းပရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက်၍ အမှာစကားပြောကြားသည်။

ကျောဖုံးသို့

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ အစည်းအဝေး အမှတ်စဉ်(၁/၂၀၀၄)တွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ မတ်လ ၃၀ ရက်)

အမျိုးသမီးကဏ္ဍနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကြိုးပမ်းမှု မြန်မာအမျိုးသမီးထုကြီးတစ်ရပ်လုံးတစ်စိတ်တစ်ဝမ်းတည်းဆောင်ရွက်

မြန်မာ့သမိုင်းစဉ်တစ်လျှောက်တွင် မြန်မာအမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူရည်တူ အခွင့်အရေး မျှမျှတတ ရရှိခံစားခဲ့ကြရသည်။ မိမိ မိသားစု၊ မိမိလူ့အဖွဲ့အစည်း၊ မိမိနိုင်ငံ၊ မိမိလူမျိုး တိုးတက်ကြီးပွားရေးအတွက် အမျိုးသားများနှင့် ရင်ပေါင်တန်းပြီး လွတ်လပ်တက်ကြွစွာ ပါဝင်စွမ်းဆောင်ခွင့် ရရှိခဲ့ကြခြင်းသည် မြန်မာအမျိုးသမီးတိုင်းအတွက် ဂုဏ်ယူဖွယ်ရာပင်ဖြစ်သည်။

မြန်မာအမျိုးသမီးတိုင်းသည် အမျိုးသမီးဖြစ်ရခြင်းကြောင့် သိမ်ငယ်စိတ်ဖြစ်ရသည်ဟုမရှိဘဲ မိမိကိုယ်မိမိ ယုံကြည်စိတ်ချမှု၊ စီမံခန့်ခွဲနိုင်မှုအရည်အသွေးများနှင့် ပြည့်ဝကြသည့်အလျောက် နိုင်ငံနှင့်လူမျိုးအတွက် အရေးကြုံလာသည့်အခါတိုင်းတွင် အမျိုးသားများနှင့်မခြား ထူးချွန်ထက်မြက်စွာ စွမ်းဆောင်နိုင်ခဲ့ကြသည်ကို သမိုင်းတွင် အထင်အရှားတွေ့ကြရမည်ဖြစ်သည်။

မတ်လ ၂၈ ရက်နေ့နံနက်ပိုင်းက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်း စင်တာ၌ ကျင်းပသော မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ပြည်နယ်၊တိုင်း အမျိုးသမီးရေးရာအဖွဲ့ ကိုယ်စားလှယ်များ စုံညီအစည်းအဝေးတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နာယက နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာ၌– **“မိမိတို့ နိုင်ငံတော်အစိုးရခေတ်ကာလတွင် မြန်မာအမျိုးသမီးထုကြီး၏ ထက်မြက်သည့်စွမ်းဆောင်ရည်နှင့် မိမိနိုင်ငံ၊ မိမိလူမျိုး၏သမိုင်းကြောင်း အခြေအနေ၊ ယဉ်ကျေးမှုဓလေ့စရိုက် အခြေခံများနှင့် ဆီလျော်ညီညွတ်စွာ ဖြစ်ထွန်းနေသည့် အမျိုးသမီးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုများကို အရှိန်အဟုန်ဖြင့် ဆက်လက်ဖွံ့ဖြိုးတိုးတက်စေရအောင် စနစ်တကျ အားပေးဆောင်ရွက်နေခြင်းဖြစ်ကြောင်း”** ပြောကြားသွားသည်။

နိုင်ငံတော်အစိုးရသည် အမျိုးသမီးများကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားပေးမြှင့်တင် ဆောင်ရွက်လျက်ရှိရာတွင် ဖြစ်ထွန်းတည်ရှိပြီးဖြစ်သည့် အမျိုးသမီး အခွင့်အရေးများ ပြည့်ပြည့်ဝဝ ခံစားနိုင်စေရေး၊ တိုးတက်ပြောင်းလဲလာသည့် ခေတ်ကာလနှင့်အညီ မြန်မာအမျိုးသမီး အခွင့်အရေးများ နစ်နာဆုံးရှုံးမှုမရှိစေရေး၊ အခွင့်အလမ်းကောင်းများ တိုးပွားဖြစ်ထွန်းစေရေးတို့အပြင် မြန်မာအမျိုးသမီး ထုကြီးတစ်ရပ်လုံးကို စုစည်းခိုင်မာသည့် တိုင်းကျိုးပြည်ဆောင် အင်အားစုကြီးအဖြစ် ပီပီပြင်ပြင် ဖြစ်ထွန်းလာစေရေးတို့ကို ဦးတည်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် နိုင်ငံတကာအမျိုးသမီးရေးရာ လှုပ်ရှားဆောင်ရွက်မှုများတွင် ဆက်စပ်ပူးပေါင်းပါဝင် ဆောင်ရွက်နိုင်စေရေးအတွက် ပေကျင်းမြို့၌ ကျင်းပခဲ့သည့် စတုတ္ထအကြိမ် ကမ္ဘာ့အမျိုးသမီးများ ညီလာခံကို ကိုယ်စားလှယ်များ စေလွှတ်တက်ရောက်စေခဲ့သည်။

မြန်မာအမျိုးသမီးများ ရရှိပြီးဖြစ်သည့် အမျိုးသမီးအခွင့်အရေးများ ပြည့်ပြည့်ဝဝရရှိခံစားနိုင်စေရေး၊ အမျိုးသမီးအခွင့်အရေးများ ခေတ်ကာလနှင့်အညီ နယ်ပယ်ကဏ္ဍစုံတွင် ဆက်လက်တိုးပွား ဖြစ်ထွန်းစေရေးတို့အတွက် ဦးဆောင်ဦးရွက်ပြု ဆောင်ရွက်သွားနိုင်စေရန် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ ကော်မတီကို ၁၉၉၆ခုနှစ်တွင် စတင်ဖွဲ့စည်းတာဝန်ပေးအပ်ဆောင်ရွက်စေခဲ့သည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ ကော်မတီအနေဖြင့်လည်း လုပ်ငန်းကော်မတီများ၊ ဘာသာရပ်ဆိုင်ရာ အဖွဲ့များဖွဲ့စည်းပြီး အမျိုးသမီးများအတွက် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုဆိုင်ရာ နယ်ပယ်ကဏ္ဍအသီးသီးတွင် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် စနစ်တကျ စီမံဖြန့်ကြက် ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရသည်။

အမျိုးသားစီးပွားရေးကဏ္ဍတွင် ရှေ့တန်းက ပါဝင်ဆောင်ရွက်နေကြသည့် အမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များ၊ ပညာရေး၊ ကျန်းမာရေး၊ သိပ္ပံနှင့်နည်းပညာ၊ သတင်းနှင့် ဆက်သွယ်ရေးဆိုင်ရာ နည်းပညာကဏ္ဍများတွင် ဦးစီးဦးဆောင်ပြု ဆောင်ရွက်နေကြသည့် အမျိုးသမီးပညာရှင်များ၊ အားကစား၊ ယဉ်ကျေးမှု၊ လူမှုရေးကဏ္ဍ အထွေထွေတွင် ထွန်းပေါက်အောင်မြင်နေသည့် အမျိုးသမီးစွမ်းဆောင်ရှင်များ၊ စေတနာ့ဝန်ထမ်း လူမှုရေးအဖွဲ့အစည်းများတွင် ဦးဆောင်ဦးရွက်ပြု ပါဝင်စွမ်းဆောင်နေကြသည့် စေတနာရှင်အမျိုးသမီးများ စဉ်ဆက်မပြတ် ပေါ်ထွန်းနေပြီး အမျိုးသမီးကဏ္ဍ တစ်ခေတ်ဆန်းသစ် ထွန်းတောက်နေပြီဖြစ်သည်ကို အထင်အရှားတွေ့မြင်နေရပြီ ဖြစ်သည်။

ယခုအခါ မြန်မာအမျိုးသမီးထုကြီး၏ အရေးအရာကိစ္စရပ်များကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ထိထိရောက်ရောက် တိုးမြှင့်လွှမ်းခြုံပေးနိုင်စေရန်အတွက် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ ကော်မတီကို မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ကြီးအဖြစ်ဖြင့် ပြင်ဆင်ဖွဲ့စည်းပေးခဲ့ပြီးဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ကြီးသည် အမျိုးသမီးများကဏ္ဍ ဖွံ့ဖြိုးတိုးတက် ရေး ကြိုးပမ်းဆောင်ရွက်မှုများနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်မှုများတွင် မြန်မာ အမျိုးသမီးထုကြီးတစ်ရပ်လုံး တစ်စိတ်တည်းတစ်ဝမ်းတည်း စုစည်းညီညွတ်စွာ လှုပ်ရှားဆောင်ရွက်သွား နိုင်မည်ဟု ယုံကြည်ပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တပ်မတော်နေ့အစီအစဉ်

“အနော်ရထာ၊ ဘုရင့်နောင်၊ အလောင်းဘုရား မင်းမြတ်တို့ တည်ထောင်ခဲ့သည့် ထက်မြက်သော တပ်မတော်များ၏ လက်ဆင့်ကမ်း အမွေခံလျက် ပိုမိုအင်အား တောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီတပ်မတော်အဖြစ် တည်ဆောက်ကာ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီ နိုင်ငံတော်သစ်ကို မူဝါဒလမ်းစဉ်(၇)ရပ်နှင့်အညီ တည်ဆောက်ကြပါစို့”

အောင်စကြာဆရာတော် တရားချီးမြှင့်မည်

ရန်ကုန် မတ် ၂၉

ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက် အောင်စကြာ တိုက်ကျောင်း ဦးစီးပဓာန နာယက(ဓမ္မကထိက ဗဟုဇနဟိတဓရ) ဘဒ္ဒန္တ စန္ဒသူရိယ အောင်စကြာဆရာတော်သည် ဧပြီ ၂ ရက်ညတွင် ကမာရွတ်မြို့နယ် (၅)ရပ်ကွက် ဆင်မလိုက် အုန်းတောဆရာစံလမ်းမကြီးတွင်လည်းကောင်း၊ ဧပြီ ၃၊၄၊၅ ရက်ညများတွင် ပန်းတနော်မြို့နယ် ရေပေါ်ကြီးကျေးရွာအုပ်စု ပျဉ်းမကုန်း ကျေးရွာတွင်လည်းကောင်း၊ ဧပြီ၆ရက်ညတွင် ကျောက်တန်းမြို့ ကျိုက်ပြာသဒ် တန့်စေတီတော်တွင်လည်းကောင်း၊ ဧပြီ၇ရက်ညတွင် မင်္ဂလာတောင်ညွန့်မြို့နယ် စံပြဖဆပလရပ်ကွက်တွင်လည်းကောင်း၊ ဧပြီ၁၃၊ ၁၄နှင့် ၁၅ရက် ညများတွင် မရမ်းကုန်းမြို့နယ် (၃) ရပ်ကွက် ကျိုက်ဝိုင်း သန့်စင်လမ်းတွင် လည်းကောင်း၊ ဧပြီ၁၇ရက်ညတွင် ဒလမြို့နယ် သမ္ဘတကမ်းခြေတွင်လည်းကောင်း၊ ဧပြီ ၁၉၊ ၂၀နှင့်၂၁ ရက်ညများတွင် ဘိုကလေးမြို့ မြို့မ(၈)ရပ်ကွက် ကြံတိုင်းအောင် ၄လမ်းတွင်လည်းကောင်း တရားတော်များ ဟောကြားတော်မူမည်ဟု သိရသည်။

(က–ပ)

ဗုဒ္ဓအဘိဓမ္မာ အထူးသင်တန်း

ရန်ကုန် မတ် ၂၉

သာသနာရေးဝန်ကြီးဌာန အကြံပေးပုဂ္ဂိုလ် ဒေါက်တာမင်းတင်မွန် (မဟာသဒ္ဓမ္မဇောတိကဓဇ)သည် ဗုဒ္ဓအဘိဓမ္မာသင်္ဂြိုဟ်ကိုးပိုင်းကို ရန်ကုန်မြို့ မဟာဗန္ဓုလလမ်း အမှတ် ၅၅၀ ရှိ မဟာသိမ်တော်ကြီးဓမ္မာရုံတွင် မတ် ၂၈ ရက်မှ ဧပြီ ၆ ရက်အထိ နေ့စဉ် ည ၆ နာရီမှ ၉ နာရီအထိ ခေတ်အမြင်၊ လက်တွေ့အသုံးချမှုများနှင့် ယှဉ်၍ ပြည့်စုံစွာ ဓမ္မဒါန သင်ကြားပို့ချပေးလျက်ရှိရာ စိတ်ဝင်စားသူတိုင်း တက်ရောက်နိုင်ကြောင်း သိရသည်။

(က–ပ)

မိတ္ထီလာမိုးကုတ်ရိပ်သာ ဒုလ္လဘဝတ်ပွဲနှင့် တရားစခန်းပွဲ

ရန်ကုန် မတ် ၂၉

မန္တလေးတိုင်း မိတ္ထီလာမြို့ ကျောင်းသစ်ကျောင်း မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ အဖွဲ့ခွဲအမှတ် (၁၂၉)၏ နှစ်စဉ် ကျင်းပအပ်သော ဒုလ္လဘရဟန်းခံပွဲနှင့် သင်္ကြန်အထူး တရားစခန်းပွဲကို ဧပြီ၁ရက်မှ ၁၇ရက်ထိ သဲကုန်းကျောင်းတွင် ကျင်းပပြီး မိတ္ထီလာဆရာတော်ဘဒ္ဒန္တပညာစာရ (ကမ္မဋ္ဌာနာစရိယ) ကိုယ်တော်တိုင် ဦးစီး၍ ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယ အတိုင်း ခန္ဓပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါး တရားတော်များ ဟောကြားမည်ဖြစ်သည်။ဒုလ္လဘရဟန်းခံလိုသူများနှင့် တရားစခန်းဝင်လိုသူများ ဖုန်း–၀၆၄ ၂၂၁၆၅သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(က–ပ)

မတ် ၂၅ ရက်က ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၆)အခြေခံပညာ မူလတန်းကျောင်း၂၀၀၃–၂၀၀၄ ပညာသင်နှစ် မူလတန်းအဆင့် သင်ယူပြီးမြောက်ခြင်း လက်မှတ် ချီးမြှင့်ပွဲ ကျင်းပရာ စတုတ္ထတန်း(ဂ)မှ မဝိုင်းသဉ္ဇာထက် အား ကျောင်းအုပ်ဆရာကြီး ဦးဟန်ဇော်က သင်ယူပြီးမြောက်ခြင်းလက်မှတ် ချီးမြှင့်စဉ်။ (က–ပ)

သုဝဏ္ဏမြို့ (၂၉)ရပ်ကွက် အထူးတရားပွဲ

ရန်ကုန် မတ် ၂၉

သင်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏ (၂၉)ရပ်ကွက် လုံးဆိုင်ရာ အထူးတရားပွဲကို ဧပြီ ၄ ရက် (တနင်္လာနေ့) ၌ (၈)ရပ်ကွက် သုဝဏ္ဏ သီဂီဓမ္မရိပ်သာ ဦးစီးပဓာနဆရာတော် မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ ကစ္စာယန (မိုးကုတ်ဝိပဿနာအဖွဲ့အချုပ်နာယကဆရာတော်)၊ ဧပြီ၅ရက် (တနင်္လာ) နေ့တွင် တိပိဋကရေဓမ္မ ဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသ (ရေစကြိုဆရာတော်)၊ ဧပြီ ၆ရက် (အင်္ဂါ)နေ့တွင် ရွှေဘုန်းပွင့်ဘုရား ပုဇွန်တောင်မြို့နယ်သီရိမင်္ဂလာကျောင်း ဆရာတော် ဓမ္မကထိက အရှင်ဉာဏလိင်္ကာရအရှင်သူမြတ်တို့က ညစဉ် ၆ နာရီတွင် ဓမ္မရေအေး တိုက်ကျွေး ဟောပြောပြသမည် ဖြစ်ကြောင်း သိရသည်။

(က–ပ)

ရေကြောင်းပညာတက္ကသိုလ်ကျောင်းတော်ကြီးတွင် အဆင့်မြင့်ရေကြောင်းပညာရပ်များပျော်ရွှင်ချမ်းမြေ့စွာသင်ယူဆည်းပူး နိုင်ငံတကာအဆင့်မီရေကြောင်းပညာရပ်များပွံ့ဖြိုးတိုးတက်မှု၌ ဦးဆောင်နိုင်သည့်ပညာရှင်များဖြစ်လာစေရန်အားထုတ်ကြိုးပမ်း

နိုင်ငံတော်ကအားထားရသည့် နိုင်ငံတကာအဆင့်မီတက္ကသိုလ်ကြီးအဖြစ် ရပ်တည်နိုင်ရေးပူးပေါင်းစွမ်းဆောင်

ရန်ကုန် မတ် ၂၉

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ပင်မအဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် သီလဝါရှိ အဆိုပါ မြန်မာနိုင်ငံရေကြောင်း ပညာတက္ကသိုလ်၌ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ချီးမြှင့်ပြီး အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

အခမ်းအနားသို့ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံ ရေကြောင်းပညာ တက္ကသိုလ်ပါမောက္ခချုပ်၊ ဒုတိယ ပါမောက္ခချုပ်နှင့် ပါမောက္ခများ၊ ဆရာ ဆရာမများ၊ တိုင်းရင်းသား ဆောက်လုပ်ရေးလုပ်ငန်းရှင်များ၊ လူမှုရေး အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရေကြောင်းပညာ တက္ကသိုလ်ကျောင်းသားများ၊ ဘင်ခရာ၊ ပန်းဖွားအဖွဲ့ဝင် ကျောင်းသား ကျောင်းသူများ၊ စည်တော်အက အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဖွင့်ပွဲအခမ်းအနားပထမပိုင်း အစီအစဉ်ကို တက္ကသိုလ်အဝင်မုခ်ဦးရှေ့၌ စတင်ကျင်းပရာ ရှေးဦးစွာ ရေကြောင်းပညာတက္ကသိုလ် ပထမနှစ် ထူးချွန်ကျောင်းသားများ ဖြစ်ကြသော မောင်ဉာဏ်လင်း၊ မောင်ဟန်ဇော်ဦးနှင့် မောင်ကောင်းမြတ်သူတို့က မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်အဝင် မုခ်ဦးကိုဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မြန်မာနိုင်ငံပညာရေး ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မြန်မာနိုင်ငံရေကြောင်းပညာ တက္ကသိုလ် ပင်မအဆောက်အအုံသစ် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခြင်း အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံရေကြောင်း ပညာတက္ကသိုလ်ပင်မအဆောက်အအုံ ရှေ့ သတ်မှတ်နေရာအသီးသီးတို့တွင် ကံ့ကော်ပင်များကိုစိုက်ပျိုးပေးကြသည်။

ထို့နောက် ရေကြောင်းပညာ တက္ကသိုလ် ပထမနှစ်ထူးချွန် ကျောင်းသား မောင်အင်န်ဇော်ခွန်၊ ဒုတိယနှစ် (အကြီးတန်း) ထူးချွန် ကျောင်းသားများဖြစ်ကြသော မောင်သက်နိုင်နှင့် မောင်ဇေယျာမောင်မောင် တို့က မြန်မာနိုင်ငံရေကြောင်းပညာ တက္ကသိုလ် ပင်မအဆောက်အအုံသစ် ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မြန်မာနိုင်ငံပညာရေး ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် ကမ္ပည်း မော်ကွန်းကျောက်ပြားနှင့် တက္ကသိုလ် အထိမ်းအမှတ်တံဆိပ် ကြေးပြားကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေး နံ့သာရည်တို့ဖြင့် ပက်ဖျန်းပေးသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ သည် မြန်မာနိုင်ငံရေကြောင်းပညာ တက္ကသိုလ် ပါမောက္ခချုပ်၊ ဒုတိယ ပါမောက္ခချုပ်နှင့် ဆရာ ဆရာမများ၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ကျောင်းသားများ၊ တာဝန်ရှိသူများနှင့် အတူ မြန်မာနိုင်ငံရေကြောင်းပညာ တက္ကသိုလ် ပင်မအဆောက်အအုံသစ် မုခ်ဦးဆောင်ရှေ့၌ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

နိုင်ငံတော်အတွက်ဂုဏ်ယူဖွယ်

ထို့နောက် ဖွင့်ပွဲအစီအစဉ် ဒုတိယ ပိုင်းကို မြန်မာနိုင်ငံရေကြောင်းပညာ တက္ကသိုလ် ပင်မအဆောက်အအုံ ပထမထပ်ရှိ အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပရာ အစီအစဉ်အရ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်က အမှာစကားပြောကြားရာ တွင် ယနေ့မြန်မာနိုင်ငံ ရေကြောင်း ပညာတက္ကသိုလ်ကြီးသည် စိမ်းလန်း စိုပြည်တင့်တယ်သာယာသည့်စိတ်အေး ချမ်းမြေ့ဖွယ် ပရဝဏ်ကြီးအတွင်း၌ ခေတ်မီတင့်လွင် ခံ့ညားထည်ဝါသော ပင်မအဆောက်အအုံကြီးနှင့် တကွ အဆင့်အတန်းမြင့်မားသည့် စာသင် ဆောင်များအတွင်းတွင် နိုင်ငံတကာ အဆင့်မီ သင်ကြားမှု သင်ယူမှု အထောက်အကူပြုပစ္စည်းများ ပြည့်ဝ စုံလင်စွာဖြင့် နိုင်ငံတကာ တက္ကသိုလ် ကြီးများ၏ ဂုဏ်အင်္ဂါရပ်များနှင့်အညီ သင်ကြား လေ့ကျင့်ပေးနေသည်ကို တွေ့ရသည့်အတွက် ကျောင်းသားများ အတွက်ရော၊ နိုင်ငံတော်အတွက်ပါ ဂုဏ်ယူဖွယ်ဖြစ်ကြောင်း၊ ယနေ့ အလွန်ခံ့ညားထည်ဝါသောရေကြောင်း ပညာတက္ကသိုလ် ပင်မအဆောက် အအုံကြီး ဖွင့်လှစ်နိုင်ခြင်းကိုလည်း ကြိုဆိုဂုဏ်ပြုပါကြောင်းကို ပြောကြား လိုကြောင်း။

ရေကြောင်းပညာတက္ကသိုလ် ကျောင်းတော်သားများ အနေဖြင့် လည်း နိုင်ငံတကာအဆင့်မီ တိုးတက် ဖြစ်ထွန်းလာပြီဖြစ်သည့် အမိမြန်မာ နိုင်ငံ ရေကြောင်းပညာတက္ကသိုလ် ကြီး၏ သစ်လွင်ခံ့ညား ထည်ဝါသော တက္ကသိုလ်အဆောက်အအုံများအတွင်း ခေတ်မီအဆင့်မြင့်သော သင်ကြားမှု၊ သင်ယူမှု အထောက်အကူပြုပစ္စည်း များကို ထိုက်တန်စွာ အသုံးချပြီး ရေကြောင်းပညာဆိုင်ရာ အဆင့်မြင့် ပညာရပ်များကို စိတ်အေးချမ်းမြေ့စွာ ကြိုးစားလေ့လာ သင်ယူနိုင်ကြခြင်း အားဖြင့် နိုင်ငံတော်က မျှော်မှန်းသည့် ထူးချွန်ထက်မြက်သော ရေကြောင်း ပညာဆိုင်ရာ အသိပညာရှင်၊ အတတ် ပညာရှင် အင်ဂျင်နီယာပညာရှင်များ မကြာသောကာလတွင်စဉ်ဆက်မပြတ် ပေါ်ထွန်းလာတော့မည်ဟု ယုံကြည် ထားပါကြောင်းကို တစ်ဆက်တည်း ပြောကြားလိုကြောင်း။

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ထံ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ပညာရေး ငွေပဒေသာပင် စိုက်ထူရန်အတွက် ရွှေမာလာကုမ္ပဏီဥက္ကဋ္ဌ ဦးအောင်ထွေး က အလှူငွေကျပ်သိန်း ၃၀၀ ကို ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် အဝင်မုခ်ဦးကို တွေ့ရစဉ်။ (သတင်းစဉ်)



ကိုယ့်နိုင်ငံကိုယ်ကြိုးပမ်း

ယနေ့အချိန်အခါသည် နိုင်ငံတော် အစိုးရအနေဖြင့် အမိပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးကို နိုင်ငံတကာ နှင့် ရင်ပေါင်တန်းဖွံ့ဖြိုးတိုးတက်စေ ရေးနှင့် လွတ်လပ်သည့် အချုပ်အခြာ အာဏာပိုင် နိုင်ငံတစ်နိုင်ငံအဖြစ်ဖြင့် နိုင်ငံတကာအလယ်တွင် ဂုဏ်သိက္ခာ ရှိရှိ တင့်တင့်တယ်တယ် ဝင့်ဝင့်ကြွားကြွား ရပ်တည်နိုင်စေရေးတို့အတွက် တိုင်းရင်းသား စည်းလုံးညီညွတ်မှု စွမ်းအား၊ နိုင်ငံတော် ခေတ်မီဖွံ့ဖြိုး တိုးတက်မှုစွမ်းအား၊ အမျိုးသားစီးပွား ရေး ဘဝတောင့်တင်းခိုင်မာမှုစွမ်းအား ဖြင့် နိုင်ငံတကာအဆင့်မီ ပညာရည် မြင့်မားသော လူသားအရင်းအမြစ် စွမ်းအားတို့ကို အခိုင်အမာ တည် ဆောက်ပြီး ကိုယ့်အားကိုယ်ကိုး ကိုယ့်နိုင်ငံကိုယ် ကြိုးပမ်းတည်ဆောက် နေသည့်အချိန်အခါကာလဖြစ်ကြောင်း။

ထို့အပြင် ယနေ့အချိန်အခါတွင် တစ်ကမ္ဘာလုံး လွှမ်းခြုံပြီး နိုင်ငံတကာ သိပ္ပံနှင့် နည်းပညာရပ်များ၏ နှိုင်းဆ မရနိုင်သည့် အရှိန်အဟုန်ဖြင့် တိုးတက် ပြောင်းလဲမှုများသည် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ ကာကွယ်ရေး၊ လုံခြုံရေးနယ်ပယ်ကဏ္ဍ စုံကို လွှမ်းမိုးကြီးစိုးလျက်လည်း ရှိနေ သည်ကို တွေ့ရကြောင်း။

ထို့ကြောင့် ယင်းကဲ့သို့ အခြေအနေ အချိန်အခါမျိုးတွင် နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်မှုစွမ်းအား၊ အမျိုးသားစီးပွား ရေးဘဝတောင့်တင်းခိုင်မာမှုစွမ်းအား ဖြင့် နိုင်ငံတကာအဆင့်မီ ပညာရည် မြင့်မားသော လူသားအရင်းအမြစ်စွမ်း အားတို့ကို အခိုင်အမာတည်ဆောက်

စာမျက်နှာ ၅ ကော်လံ ၁

30-3 (03).p65 1 3/24/05, 10:59 PM

မိုဆူးလ်၌ ခုခံတိုက်ခိုက်ရေးသမားများ ဒုံးကျည်ဖြင့်ပစ်ခတ် အီရတ်အရပ်သားနှစ်ဦးသေဆုံး၊ ငါးဦးဒဏ်ရာရ

ဘဂ္ဂဒက် မတ် ၂၈

အီရတ်ရဲအရာရှိတစ်ဦးသည် ကယ်ကွတ်မြို့ရှိ မိသားစုရှေ့တွင် သောကြာနေ့ညက ပစ်သတ်ခြင်းခံခဲ့ရပြီး မိုဆူးလ်မြို့တွင်လည်း လူနှစ်ဦး အသတ်ခံရကြောင်း အာဏာပိုင်များက စနေနေ့၌ ပြောကြားသည်။

ထိုသို့ ကယ်ကွတ်မြို့တွင် မိသားစုရှေ့၌ တိုက်ခိုက်ရေးသမားများက အီရတ်ရဲအရာရှိကို ပစ်သတ်ခဲ့သော်လည်း မိသားစုကိုမူ တစ်စုံတစ်ရာထိခိုက်အောင် ပြုလုပ်ခြင်းမရှိပေ။

ပစ်ခတ်

မိုဆူးလ်မြို့၌ ခုခံတိုက်ခိုက်ရေးသမားများသည် စနေနေ့က မြို့တော်ခန်းမကို ဒုံးကျည်တစ်စင်းထက်မနည်း ပစ်ခတ်တိုက်ခိုက်ခဲ့ကြသည်။ ထိုသို့ ပစ်ခတ်မှုကြောင့် အီရတ်အရပ်သားနှစ်ဦးထက်မနည်း သေဆုံးခဲ့ပြီး ငါးဦးဒဏ်ရာရခဲ့သည်။

စနေနေ့၌ နောက်ထပ်တိုက်ခိုက်မှုတစ်ခုသည် ဘဂ္ဂဒက်မြို့၏ ကာရာဒါအရပ်တွင် ဖြစ်ပွားခဲ့သည်။ လမ်းဘေးဗုံးပေါက်ကွဲခြင်းဖြစ်ပြီး အီရတ်ငါးဦး ဒဏ်ရာရခဲ့သည်။

ပေါက်ကွဲ

ကားများဖြတ်မောင်းသွားစဉ် လမ်းဘေးဗုံးပေါက်ကွဲသွားခြင်းဖြစ်ပြီး ဒဏ်ရာရသူများမှာ ဒုတိယကား၌ လိုက်ပါလာသူများဖြစ်ကြသည်။

(အင်တာနက်)

မတ် ၂၈ ရက်က မိုဆူးလ်မြို့၌ အီရတ်ပြောက်ကျားတို့၏ တိုက်ခိုက်မှုကြောင့် မီးလောင်ပျက်စီးနေသော အမေရိကန်စစ်ယာဉ်တစ်စီးကိုတွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ရေနံကြောင့်တိုက်သောစစ်ပွဲသို့ ပြန်မသွားလိုကြောင်း ကန်တပ်ကြပ်ကြီးပြင်းဆန်ပြောကြား

ဆာဗန်နာ မတ် ၂၆

လွန်ခဲ့သည့်ငါးလတွင် အီရတ်ရှိ အမေရိကန်တပ်ဖွဲ့မှ ထွက်ခွာသွားခဲ့သူ တပ်ဖွဲ့ဝင်အား တပ်ပြေးအဖြစ် တရားစွဲဆိုလိုက်ကြောင်း အမေရိကန်တပ်ဖွဲ့မှ ဗိုလ်ချုပ် ဝီလီယံဂျီဝက်ဘ်စတားက သောကြာနေ့တွင် ပြောကြားလိုက်သည်။

စစ်ဆေးမည်

ဖလော်ရီဒါအမျိုးသားအစောင့်တပ်မှ တပ်ကြပ်ကြီးက မီလိုစီကျီကို အထူးခုံရုံး၌ ရုံးတင်စစ်ဆေးမည်ဟု ဗိုလ်ချုပ် ဝီလီယံဝက်ဘ်စတားက ပြောကြားသည်။

သို့ရာတွင် တပ်ကြပ်ကြီး မီကျီအား စစ်ဆေးမည့်နေ့ရက်ကိုမူ သတ်မှတ်မထားကြောင်း ဖို့တ်စတီဝပ်ရှိ စစ်ဘက်တရားရုံးအကြီးအကဲ ဗိုလ်မှူး ရောဘတ်ရက်စနစ်ခ်က ပြောကြားသည်။

မသွားလို

မီကျီ ၂၈နှစ်သည် တရားစွဲဆိုမှုကိုရင်ဆိုင်ရန် ဖို့တ်စတီဝပ်သို့ မတ် ၁၇ ရက်က ပြန်လာခဲ့သည်။ ၎င်းသည် အောက်တိုဘာလ၌ ခွင့်နှစ်ပတ်ယူခဲ့ပြီးနောက် သူ၏တပ်ဖွဲ့ဖြစ်သော အမှတ်(၁၂၄)ခြေမြန်တပ်ရင်းသို့ ပြန်မသွားဘဲနေခဲ့သည်။ တပ်ကြပ်ကြီး မီကျီက ရေနံကြောင့်တိုက်သောစစ်ပွဲသို့ ပြန်မသွားလိုကြောင်း ပြောကြားသည်။

(အင်တာနက်)

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

အီရတ်မြောက်ပိုင်းနှင့် တောင်ပိုင်းရေနံတွင်းများမှ ရေနံများ ပြည်ပသို့ တင်ပို့ရာတွင် အခက်အခဲများစွာကြုံတွေ့နေ

ဒူဘိုင်း မတ် ၂၈

အီရတ်နိုင်ငံသည် မြောက်ပိုင်းနှင့် တောင်ပိုင်းရှိ ရေနံတွင်းများမှနေ၍ ပြည်ပသို့ ရေနံတင်ပို့ပေးရာတွင် အခက်အခဲများနှင့်ကြုံနေရသည်ဟု မစ်ဒဲလ်အိစ်အီကော်နောမစ်ဆာဗေးစာစောင်၏ တနင်္လာနေ့ထုတ်တွင် ဖော်ပြထားသည်။

ပြောကြား

တူရကီနိုင်ငံ စီဟန်ဆိပ်ကမ်းမှတစ်ဆင့် ကယ်ကွတ်ရေနံစိမ်းများ တင်ပို့မှုသည် ဧပြီလလယ်ထိတိုင်အောင် နှောင့်နှေးကြန့်ကြာမည်ဟု ရေနံလုပ်ငန်းကျွမ်းကျင်ပညာရှင်များက ပြောကြားသည်။ နည်းပညာပိုင်းဆိုင်ရာ ပြဿနာများကြောင့် ယခုအချိန်၌ စီဟန်သို့ ရေနံတင်ပို့ရေး နှောင့်နှေးကြန့်ကြာရခြင်းဖြစ်ကြောင်း ယင်းစာစောင်က ရေးသားသည်။

အီရတ်နိုင်ငံသည် မတ်လထဲ၌ ကယ်ကွတ်ရေနံစိမ်းစည် ခြောက်သန်းကို ရောင်းချခဲ့ပြီး မတ်လနှင့် ဧပြီလအတွင်း လစဉ်ပျမ်းမျှရေနံစိမ်းစည် တစ်နေ့ ၂၇၀၀၀၀ ရောင်းချရန် စီစဉ်ထားသည်။

ကြိုးပမ်း

တူရကီမှတစ်ဆင့် တင်ပို့သော ကယ်ကွတ်အနောက်ဘက်ရှိ အဓိက ရေနံတွင်းသည် ကြာသပတေးနေ့က ပေါက်ကွဲမီးလောင်ခဲ့သည်။ အီရတ်နိုင်ငံသည် တင်ပို့ရေးရေနံပိုက်လိုင်းများ ခုခံတိုက်ခိုက်ရေးသမားတို့၏ ထပ်ကာတလဲ တိုက်ခိုက်ခြင်းခံနေရသဖြင့် ရေနံပိုက်လိုင်းများ ပြန်ဖွင့်ရေးကိစ္စ ကြိုးပမ်းနေရသည်။

(အင်တာနက်)

အိုင်အေအီးအေမှ ကျွမ်းကျင်သူများ အီရန်သို့ရောက်ရှိ

တီဟီရန် မတ် ၂၈

အီရန်နိုင်ငံအတွင်းရှိ နျူကလီးယားအဆောက်အအုံများကို စစ်ဆေးမည့် နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီ(အိုင်အေအီးအေ)မှ ကျွမ်းကျင်သူများသည် အီရန်နိုင်ငံသို့ ပြန်လည်ရောက်ရှိလာပြီ ဖြစ်သည်။

အီရန်က ၎င်း၏နျူကလီးယားဆိုင်ရာ ဆောင်ရွက်မှုများ စတင်နေပြီဖြစ်ခြင်းကြောင့် အိုင်အေအီးအေ၏ စစ်ဆေးသုံးသပ်မှုလည်း စတင်ဆောင်ရွက်ပြီဖြစ်သည်။

အီရန်၏ နျူကလီးယား အစီအစဉ်သည် ငြိမ်းချမ်းရေးရည်ရွယ်ချက်အတွက် မှန်သည်ဖြစ်စေ၊ မမှန်သည်ဖြစ်စေ အိုင်အေအီးအေက သုံးသပ်ရန် ကြိုးစားလျက်ရှိသည်။ **(စီစီတီဗွီ)**

မတ် ၂၈ရက်က ဘဂ္ဂဒက်မြို့၌ လမ်းဘေးဗုံးပေါက်ကွဲမှုဖြစ်ပွားသည့်နေရာအနီးတွင် စစ်ဆေးမှုများ ပြုလုပ်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဩစတြေးလျရှိ သန္တာကျောက်တန်း၌ ဥပဒေမဲ့ ငါးဖမ်းခြင်း၊ လှေစီးခြင်းမပြုလုပ်ရန် တားမြစ်

ဆစ်ဒနီ မတ် ၂၈

ဩစတြေးလျနိုင်ငံရှိ နိုင်ငံခြားခရီးသွားများကို ဆွဲဆောင်ရာဖြစ်သော မိုင်ပေါင်း ၁၄၅၀၀၀ ရှည်လျားသည့် သန္တာကျောက်တန်းကြီး၏ သုံးပုံတစ်ပုံတွင် ဥပဒေမဲ့ ငါးဖမ်းခြင်း၊ လှေစီးခြင်းများ မပြုလုပ်ရန် တရားဝင်ထုတ်ပြန်လိုက်ပြီဖြစ်သည်။

၎င်းသန္တာကျောက်တန်းကြီးသည် သန္တာကျောက်တန်းငယ်ပေါင်း သုံးထောင်ဖြင့် ဖွဲ့စည်းထားပြီး ကမ္ဘာပေါ်တွင် အကာအကွယ်ပေးစောင့်ရှောက်မှု အပြုခံရဆုံး သန္တာကျောက်တန်းကြီးတစ်ခုဖြစ်သည်။

၎င်းသန္တာကျောက်တန်းများ တွင် တရားမဝင် ငါးအလွန်အကျွံဖမ်း ခြင်းကို ပိတ်ပင်ထားကြောင်းနှင့် ငါးမြောက်မြားစွာဖမ်းပါက ငါးပြုန်းတီးပြီး ရေညှိများပိုမိုများပြားလာကာ သန္တာကျောက်တန်းကြီးထွားလာမှုနှင့် အသစ်ဖြစ်ပေါ်မှုကို အတားအဆီးဖြစ်စေနိုင်သည်ဟု သိရသည်။

ထို့အပြင် စိုက်ပျိုးရေးလုပ်ငန်းသုံး မြေဩဇာများသည်လည်း သန္တာကျောက်တန်းများကို ထိခိုက်ပျက်စီးစေမည်ဖြစ်ပြီး အကြီးမားဆုံးအန္တရာယ်မှာ ကမ္ဘာကြီးပူနွေးလာမှုဖြစ်သည်။ ၎င်းသန္တာကျောက်တန်းကြီးသည် ယခုမျိုးဆက်တစ်ဆက်ပြီးဆုံးပြီးနောက် ကြီးထွားမှုရပ်တန့်သွားလိမ့်မည် ဖြစ်ကြောင်း သိရသည်။

(စီအက်ဖ်အိုင်)

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့်အတူ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ပင်မဆောင် အဆောက်အအုံသစ်ရှေ့တွင် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၃ မှ

နိုင်ရေးသည် မရှိမဖြစ်အလိုအပ်ဆုံး ဖြစ်နေသည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် ဖွံ့ဖြိုးတိုးတက်မှု နယ်ပယ်ကဏ္ဍစုံတွင် ခေတ်မီသိပ္ပံနှင့်နည်းပညာရပ်များ ဖွံ့ဖြိုးတိုးတက်ထွန်းကားပြန့်ပွားစေရန်နှင့် ယင်းခေတ်မီသိပ္ပံနှင့် နည်းပညာရပ်များ တတ်သိလိမ္မာကျွမ်းကျင်သည့် လူ့စွမ်းအားအရင်းအမြစ်များ နယ်ပယ်ကဏ္ဍစုံတွင် ပြုစုပျိုးထောင်မွေးထုတ်သွားနိုင်ရန်အတွက် စနစ်တကျစီမံအားပေး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

တစ်နည်းပြောရလျှင် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးဖြစ်ထွန်းလာရေးတွင် နိုင်ငံတကာသိပ္ပံနှင့် နည်းပညာ တိုးတက်ပြောင်းလဲမှုများနှင့် ဆီလျော်ညီညွတ်စွာ မိမိနိုင်ငံတော်အတွင်း ခေတ်မီသိပ္ပံနှင့် နည်းပညာရပ်များ နယ်ပယ်ကဏ္ဍစုံ၌ တိုးတက်ဖြစ်ထွန်းနေစေရန်နှင့် မိမိနိုင်ငံ မိမိတည်ဆောက်နိုင်စွမ်းရှိသည့် အရည်အသွေးမြင့်မားသော စက်မှုပညာရှင်များ၊ အင်ဂျင်နီယာများ၊ ဗိသုကာပညာရှင်များ၊ သိပ္ပံပညာရှင်များ ပြုစုပျိုးထောင် မွေးထုတ်နိုင်စေရန်သည် ပဓာန အကျဆုံးအမျိုးသားရေး လိုအပ်ချက်ဖြစ်သည်ကို တွေ့ရကြောင်း။

ပါရဂူဘွဲ့များအထိအပ်နှင်း

ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတကာတွင် ကျယ်ပြန့်နက်ရှိုင်းစွာ တိုးတက်ဖြစ်ထွန်းနေသည့် ပညာရပ်များအလိုက် အထူးပြုတက္ကသိုလ်ကြီးများကို နိုင်ငံတော်အတွင်း တိုးတက်ထူထောင်ပေးနေသကဲ့သို့ ပညာရပ်အသီးသီး၏ ကျယ်ပြန့်စွာ တိုးပွားဖြစ်ထွန်းလာနေသည့် ပညာရပ်များ၊ ပညာရပ်ခွဲများနှင့် ဆီလျော်ညီညွတ်သော အထူးပြုဘာသာရပ်များကိုလည်း တက္ကသိုလ်များ၊ ကောလိပ်များနှင့် သိပ္ပံများ၌ တိုးချဲ့သင်ကြားပေးပြီး ဘွဲ့လွန်ဒီပလိုမာ၊ မဟာဘွဲ့နှင့် ပါရဂူဘွဲ့များအထိ အပ်နှင်းနိုင်အောင် စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း။

ယင်းကဲ့သို့ မြန်မာနိုင်ငံတွင် တိုးတက် ပေါ်ထွန်းလာခဲ့သည့် တက္ကသိုလ်၊ ကောလိပ်များအနက်က မြန်မာနိုင်ငံ လေကြောင်းနှင့်အာကာသပညာတက္ကသိုလ်နှင့် မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်များသည် အလွန်ထူးခြားလေးနက်သည့်တိုးတက်ဖြစ်ထွန်းမှုများပင်ဖြစ်သည်ဟု ပြောကြားလိုကြောင်း။

နိုင်ငံတော်အကြီးအကဲဗိုလ်ချုပ်မှူးကြီး သန်းရွှေက နိုင်ငံတကာတွင် တိုးတက်ဖြစ်ထွန်းနေသည့် သိပ္ပံနှင့် နည်းပညာရပ်များနှင့် လိုက်လျောညီထွေစွာ သိပ္ပံနှင့် နည်းပညာရပ် နယ်ပယ်စုံတွင် တိကျခိုင်မာသည့် ရည်မှန်းချက်များ ထားရှိပြီး အနာဂတ်အတွက် စီမံကိန်းများ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်သွားရန်နှင့် ပထမအဆင့်အနေဖြင့် မြန်မာနိုင်ငံအတွင်းတွင် လေကြောင်းနှင့် အာကာသပညာရပ်များ၊ရေကြောင်းပညာရပ်များတိုးတက်ဖြစ်ထွန်းလာစေရေး၊ လေယာဉ်တည်ဆောက်ရေးနှင့် ရေယာဉ်တည်ဆောက်ရေးဆိုင်ရာ ဗိသုကာပညာရှင်များနှင့် တည်ဆောက်ရေး အင်ဂျင်နီယာများ၊ လေကြောင်းပို့ဆောင်ရေးနှင့်ရေကြောင်းပို့ဆောင်ရေးတို့နှင့် နီးနွယ်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များ မွေးထုတ်ပေးနိုင်စေရေးတို့အတွက် သက်ဆိုင်ရာ တက္ကသိုက်များ ထူထောင်သွားရန် လမ်းညွှန်ခဲ့ခြင်းကြောင့် ယခုကဲ့သို့ နိုင်ငံတကာအဆင့်မီ မြန်မာနိုင်ငံ လေကြောင်းနှင့် အာကာသပညာတက္ကသိုလ်နှင့် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်တို့ အလျင်အမြန် ပေါ်ထွန်းလာခဲ့ခြင်းပင် ဖြစ်ကြောင်း။

ရေကြောင်းပညာရပ်များနှင့် ပတ်သက်ပြီးပြောရမယ်ဆိုလျှင် ယနေ့နိုင်ငံတကာတွင် ပင်လယ်ရေကြောင်းပို့ဆောင်ရေးသည် ကမ္ဘာ့ကုန်သွယ်ရေး၊ ကုန်စည်ပို့ဆောင်ရေး၊ ရေနံနှင့် သဘာဝဓာတ်ငွေ့သယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို လွှမ်းမိုးကြီးစိုးနေဆဲဖြစ်သကဲ့သို့ ကမ္ဘာလှည့်ခရီးသွား သင်္ဘောကြီးများ၊ ဇိမ်ခံသင်္ဘောကြီးများနှင့် အပန်းဖြေခရီးသွားလာမှုများလည်း တွင်ကျယ်ခေတ်စားနေသည်ကို တွေ့နိုင်ကြောင်း၊ ထို့ပြင် နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတွင်လည်း ရေကြောင်းဆိုင်ရာစွမ်းပကားသည် ပဓာနကျသည့်အခန်းကဏ္ဍက ပါဝင်နေဆဲဖြစ်ကြောင်း။

ကာကွယ်စောင့်ရှောက်

ထို့ကြောင့် နိုင်ငံတော်အတွင်း ရေကြောင်းဆိုင်ရာ အရာရှိများ၊ ရေကြောင်းအင်ဂျင်နီယာများ၊ ရေယာဉ်နှင့် သင်္ဘောတည်ဆောက်ရေးဆိုင်ရာ အင်ဂျင်နီယာနှင့် ဗိသုကာပညာရှင်များ ပြုစုပျိုးထောင်မွေးထုတ်နိုင်ရေးသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသားစီးပွားရေးဘဝ တောင့်တင်းခိုင်မာရေးတို့အတွက်သာမက နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအတွက်ပါ များစွာ အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း။

ထို့အပြင်ပြည်ထောင်စုမြန်မာနိုင်ငံတော်ကဲ့သို့ မြစ်ချောင်းပေါများပြီး ရှည်လျားကျယ်ပြန့်သည့် ပင်လယ်ကမ်းရိုးတန်းများနှင့် တန်ဖိုးမဖြတ်နိုင်သော သဘာဝသယံဇာတအရင်းအမြစ်များကြွယ်ဝလှသည့် ပင်လယ်ပြင်တို့ကို ပိုင်ဆိုင်ထားသည့် နိုင်ငံတစ်နိုင်ငံအဖို့ မြစ်ချောင်းများပြုပြင်ထိန်းသိမ်းမှု၊ စီမံခန့်ခွဲမှုနှင့်ပင်လယ်ဆိပ်ကမ်းများတည်ဆောက်မှု၊ ဆိပ်ကမ်းများစီမံခန့်ခွဲမှုနယ်ပယ်ကဏ္ဍများကိုက ျွမ်းကျင်ပိုင်နိုင်စွာ ထိန်းသိမ်းမြှင့်တင်ဆောင်ရွက်နိုင်ခြင်းအားဖြင့် အမျိုးသားရေးအကျိုးစီးပွားကို များစွာ

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ပညာရေးငွေပဒေသာပင် စိုက်ထူရန်အတွက် ရွှေမာလာကုမ္ပဏီမှ အလှူငွေကျပ်သိန်း ၃၀၀ ကို မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ပါမောက္ခချုပ်ထံ လွှဲပြောင်းပေးအပ်စဉ်။ (သတင်းစဉ်)

စောင့်ရှောက် မြှင့်တင်ပေးနိုင်မည် ဖြစ်သကဲ့သို့ ပင်လယ်ပြင်လွှမ်းမိုးကြီးစိုးနိုင်မှုကိုလည်း များစွာအထောက်အကူပြုလာမှာဖြစ်ကြောင်း။

ယင်းကဲ့သို့ အခြေအနေအချိန်အခါတွင် နိုင်ငံတကာအဆင့်မီ ရေကြောင်းဆိုင်ရာပညာရပ်များ ဖွံ့ဖြိုးတိုးတက်ထွန်းကားရေးကို ဖော်ဆောင်ပေးနိုင်မည့် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်ကြီးကို နိုင်ငံတကာတက္ကသိုလ်ကြီးများ၏ ဂုဏ်အင်္ဂါရပ်များနှင့်အညီ စနစ်တကျထူထောင်သွားနိုင်စေရန် နိုင်ငံတော်အစိုးရက စနစ်တကျဘက်စုံထောင့်စုံတွင် စီမံကိန်းများချမှတ်ပြီး ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းကြောင့် ခံ့ညားထည်ဝါသော ခေတ်မီတက္ကသိုလ်ကြီး ယခုကဲ့သို့ ပေါ်ထွန်းလာခြင်းဖြစ်ကြောင်း။

မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်ကြီးတွင် သင်ရိုးညွှန်းတမ်းများ၊ သင်တန်းဇယားများ နိုင်ငံတကာအဆင့်မီစေရေး၊ ခေတ်မီသင်ကြားမှုသင်ယူမှု အထောက်အကူပြု ပစ္စည်းကိရိယာများ၊ ရည်ညွှန်းစာအုပ်စာတမ်းများ ပြည့်စုံလုံလောက်စေရေး၊ ရေကြောင်းပညာရပ်ဆိုင်ရာ နယ်ပယ်စုံတွင် ဖြစ်ထွန်းနေသည့် ပညာရပ်များ စုံလင်စွာ သင်ကြားနိုင်ရေး၊ အရည်အသွေးပြည့်ဝသည့် ဆရာများပြည့်စုံလုံလောက်ရေးစသည့် လိုအပ်ချက်အဝဝကိုပြည့်ဝစွာဖြည့်ဆည်းပေးနိုင်စေရန် ဦးစီးကော်မတီနှင့်ဆပ်ကော်မတီများဖွဲ့စည်းပြီးစနစ်တကျစီမံဆောင်ရွက်ခဲ့ကြောင်း။

ပေါင်းစည်းဖွင့်လှစ်

ထို့ကြောင့် ယခုဆိုလျှင် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်ကြီးတွင် ရေယာဉ်တည်ဆောက်ရေးအင်ဂျင်နီယာဘွဲ့ B.E (Naval Architecture)၊ ရေကြောင်းအင်ဂျင်နီယာဘွဲ့ B.E(Marine Engineering)၊ ရေကြောင်းလျှပ်စစ်အင်ဂျင်နီယာဘွဲ့ B.E(Marine Electrical System & Electronics)၊ မြစ်ချောင်းများနှင့် သမုဒ္ဒရာအင်ဂျင်နီယာဘွဲ့ B.E(River & Ocean Engineering)၊ ဆိပ်ကမ်းအင်ဂျင်နီယာဘွဲ့ B.E(Port & Harbour Engineering)ဆိုသည့် အင်ဂျင်နီယာဘွဲ့သင်တန်းများအပြင် ရေကြောင်းသိပ္ပံဘွဲ့နှင့် ရေကြောင်းသိပ္ပံ(ဂုဏ်ထူး)ဘွဲ့ B.Sc & B.Sc (Hons) (Nautical Science) သင်တန်းများကိုပါ ပေါင်းစည်း ဖွင့်လှစ်ပို့ချပေးနိုင်နေပြီဖြစ်ကြောင်း။

သင်ရိုးညွှန်းတမ်းများ ပို့ချလေ့ကျင့်သင်ကြားပေးမှုများ နိုင်ငံတကာအဆင့်မီစေရန်အတွက် နိုင်ငံတကာ ရေကြောင်းပညာတက္ကသိုလ်များ၊ ပညာရှင်များနှင့် ဆက်သွယ်ဆောင်ရွက်နေသကဲ့သို့ နိုင်ငံတကာမှ ဧည့်ပါမောက္ခများကိုလည်း ခေါ်ယူပို့ချပေးလျက်ရှိသည်ကို တွေ့ရကြောင်း၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်မှ ဆရာဆရာမများကိုလည်း အဆင့်မြင့်ပညာရပ်များ ဆည်းပူးနိုင်ရန် ပြည်ပသို့ စေလွှတ်သင်ကြားစေလျက်ရှိသည်ကို တွေ့ရကြောင်း။

ထို့ပြင် နိုင်ငံတကာအဆင့်မီ သင်ကြားမှုသင်ယူမှုအထောက်အကူပြုပစ္စည်းကိရိယာများလည်း ဝယ်ယူတပ်ဆင်ပေးပြီး ဖြစ်သည့်အတွက် ယခုဆိုလျှင် Ship Handling Simulator & Engine Room Simulator များ၊ Engineering Application Software များ အပါအဝင် နိုင်ငံတကာအဆင့်မီ သင်ထောက်ကူပစ္စည်းများအသုံးပြုသင်ကြားပေးနိုင်နေပြီဖြစ်ကြောင်း။

ယနေ့သစ်လွင်ခံ့ညားထည်ဝါသော တက္ကသိုလ်အဆောက်အအုံကြီးများပါ ပေါ်ထွန်းလာပြီဖြစ်သည့်အတွက် မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်ကြီးသည် အသွင်သဏ္ဌာန်ရော၊ အနှစ်သာရပါ နိုင်ငံတကာ ရေကြောင်းပညာတက္ကသိုလ်ကြီးများ၏ အင်္ဂါရပ်များနှင့် ညီညွတ်ပြည့်စုံသည့် ခေတ်မီတက္ကသိုလ်အဖြစ် ပြည့်ပြည့်ဝဝ ဖြစ်ထွန်းလာခဲ့ပြီဖြစ်ကြောင်း။

ထို့ကြောင့် ကျောင်းသားများအနေဖြင့် အမိမြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်ကြီး၏ အေးမြသည့် အရိပ်အာဝါသအောက်တွင် အဆင့်မြင့်ရေကြောင်းဆိုင်ရာပညာရပ်များလေ့လာဆည်းပူးခွင့်ရရှိကြသည့် မျိုးဆက်သစ်လူငယ်များအနေဖြင့် ယနေ့ ပေါ်ထွန်းလာပြီဖြစ်သည့် ခံ့ညားထည်ဝါသော တက္ကသိုလ်ကြီး၌ နိုင်ငံတကာအဆင့်မီ သင်ကြားမှုသင်ယူမှု အထောက်အကူပြုပစ္စည်းကိရိယာများကို ထိရောက်အကျိုးရှိစွာအသုံးပြုပြီး တန်ဖိုးရှိသော ပညာရပ်များကို ကြိုးစားလေ့လာသင်ယူရင်း နိုင်ငံတော်က မျှော်မှန်းထားသည့် ထူးချွန်ထက်မြက်သော ရေကြောင်းဆိုင်ရာပညာရှင်များ၊ ဗိသုကာများ၊ အင်ဂျင်နီယာများဖြစ်လာစေရအောင် အားထုတ်ကြိုးပမ်းသွားကြပါဟု မှာကြားလိုကြောင်း။

ဆရာဆရာမများအနေဖြင့်လည်း မိမိတို့၏ တပည့်မျိုးဆက်သစ်လူငယ်များကို အတတ်ပညာ၊ နည်းပညာဆိုင်ရာတွင် အရည်အသွေးမြင့်မားထက်မြက်စေရအောင်သာမက မိမိတို့တတ်သိကျွမ်းကျင်သည့် ပညာရပ်များနှင့် မိမိနိုင်ငံ၊ မိမိလူမျိုးအကျိုးသယ်ပိုးစွမ်းဆောင်ပေးလိုသော စိတ်ပိုင်းဆိုင်ရာ တိုးတက်ဖွံ့ဖြိုးမှုများပါ တစ်ပါတည်း ဖြစ်ထွန်းလာစေရအောင် သွန်သင်ပဲ့ပြင်ပြီး ရည်မှန်းချက်အတိုင်း ပေါက်မြောက်အောင်လေ့ကျင့်သင်ကြားပေးကြပါဟု တစ်ဆက်တည်း မှာကြားလိုကြောင်း။

လူ့စွမ်းအားအရင်းအမြစ်ပေါ်ထွန်း

အမိပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးအဖြစ် ဖြစ်ထွန်းလာစေရေးတွင် အဓိကလိုအပ်နေသည့် လူ့စွမ်းအားအရင်းအမြစ်များပေါ်ထွန်းလာစေရေးဆိုသော ဦးတည်ချက်ဖြင့် အမိမြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်ကြီးမှသည် ထူးချွန်ထက်မြက်ပြီး နိုင်ငံတကာအဆင့်မီ အရည်အသွေးမြင့်မားသော ရေကြောင်းဆိုင်ရာ ပညာရှင်များ၊ ဗိသုကာပညာရှင်များ၊ အင်ဂျင်နီယာများ စဉ်ဆက်မပြတ်ပေါ်ထွန်းလာစေရအောင် အမျိုးသားရေး အသိစိတ်ဓာတ်နှင့် ဆရာ၊ ကျောင်းသား ညီညွတ်စွာဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြပါဟု ထပ်လောင်းမှာကြားလိုကြောင်း။

စာမျက်နှာ ၆ ကော်လံ ၁

စာမျက်နှာ ၅ မှ

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ–

- **ယနေ့ ပေါ်ထွန်းလာပြီဖြစ်သည့် မြန်မာနိုင်ငံ ရေကြောင်းပညာ တက္ကသိုလ် ကျောင်းတော်သစ်ကြီးတွင် အဆင့်မြင့် ရေကြောင်းပညာရပ်များကို ပျော်ရွှင်ချမ်းမြေ့စွာ သင်ယူဆည်းပူး လေ့လာရင်း နိုင်ငံတော်အတွင်း နိုင်ငံတကာအဆင့်မီ ရေကြောင်းပညာရပ်များ ဖွံ့ဖြိုးတိုးတက်မှု၌ ဦးဆောင်နိုင်သည့် အသိပညာရှင်များ၊ အတတ်ပညာရှင်များ၊ အင်ဂျင်နီယာပညာရှင်များ ဖြစ်လာစေရအောင် အားထုတ်ကြိုးပမ်းသွားကြပါ၊**
- **အမိမြန်မာနိုင်ငံ ရေကြောင်းပညာ တက္ကသိုလ်ကြီးကို နိုင်ငံတော်အတွက်လိုအပ်နေသည့်ရေကြောင်းသိပ္ပံပညာရှင်များ၊ ရေယာဉ်တည်ဆောက်မှုဆိုင်ရာ အင်ဂျင်နီယာများနှင့် ဗိသုကာများ၊ မြစ်ချောင်းနှင့် သမုဒ္ဒရာဆိုင်ရာ ပညာရှင်များ၊ ဆိပ်ကမ်းစီမံခန့်ခွဲမှုဆိုင်ရာ ပညာရှင်များစသည့် အရည်အသွေးမြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များပြုစုပျိုးထောင် မွေးထုတ်ပေးရေးတွင် နိုင်ငံတော်ကအားထားရသည့် နိုင်ငံတကာ အဆင့်မီ တက္ကသိုလ်ကြီးအဖြစ် ထာဝရ တင့်တယ်ထည်ဝါစွာ ရပ်တည်နိုင်စေရအောင် ဆရာ၊ မိဘ၊ ကျောင်းသားများ ပူးပေါင်းပါဝင် ကြိုးပမ်းစွမ်းဆောင်ပေးကြပါ**

ဟုတိုက်တွန်းမှာကြားရင်းနိဂုံးချုပ်လိုက်ပါကြောင်းဖြင့် ပြောကြားသွားသည်။

ဆက်လက်၍ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်ပါမောက္ခချုပ် ဦးသိန်းထွန်းက မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် တည်ထောင်ဖွင့်လှစ်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာတွင် မြန်မာနိုင်ငံ၏ ပထမဆုံးသော ရေကြောင်းပညာတက္ကသိုလ်ကြီးကို အချိန်တိုအတွင်းတွင် ပြီးပြည့်စုံသော နိုင်ငံတကာအဆင့်မီ တက္ကသိုလ်ကြီးအဖြစ် ဖွင့်လှစ်နိုင်ခြင်းနှင့် ပတ်သက်၍ ဆောင်ရွက်ထားရှိမှုများကို အကျဉ်းချုံးတင်ပြလိုပါကြောင်း၊ ယခုအခါတွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ဖြစ်သော "ပညာရေးဖြင့်ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်အံ့"ဆိုသည့် ဆောင်ပုဒ်နှင့်အညီ နိုင်ငံတော်အတွက် လိုအပ်လျက်ရှိသော ပင်လယ်ရေကြောင်းပညာရပ်ဆိုင်ရာ ကျွမ်းကျင်သူ အရာရှိများ၊ အင်ဂျင်နီယာများ၊ သင်္ဘောတည်ဆောက်မှုဆိုင်ရာ ဗိသုကာအင်ဂျင်နီယာများစသည်တို့ကို မွေးထုတ်ပေးနိုင်မည့် မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် ဖြစ်မြောက်ရေးကို အားသွန်ခွန်စိုက် ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပါကြောင်း။

ပညာသင်ကြားရေးနှင့်ပတ်သက်၍ စာတွေ့လက်တွေ့ မျှတအောင် သင်ကြားပေးပြီး ကျောင်းပိတ်ရက်များတွင် သင်္ဘောကျင်းများ၊ စက်ရုံများ၌ လက်တွေ့လေ့လာ ဆည်းပူးမှုပြုလုပ်စေကြောင်း၊ အခါအားလျော်စွာ မြစ်ကြောင်းခရီး၊ ပင်လယ်ရေကြောင်းခရီးတို့ကိုလည်း ကြယ်ငါးပွင့်ရေယာဉ်များနှင့် ပြည်တွင်းရေကြောင်းရေယာဉ်များကိုအသုံးပြု၍ လက်တွေ့ ရေယာဉ်ပေါ်တွင် သင်ကြားပေးသည့် အခွင့်အလမ်းများကို ရရှိစေပါကြောင်း၊ စက်ရုံတွင်းလက်တွေ့ပညာဆည်းပူးမှုနှင့်ပတ်သက်၍ မြန်မာ့သင်္ဘောကျင်းလုပ်ငန်း၌ ခေတ်မီ CAD/CAM ကွန်ပျူတာစနစ်များအသုံးပြုပုံများကို လေ့လာသင်ကြားစေခဲ့ကြောင်း။

ရေယာဉ်တည်ဆောက်မှုပညာနှင့် ပတ်သက်၍ဒုတိယနှစ်မှစကာ သင်္ဘောကျင်းများတွင် လေ့လာခြင်း၊လက်တွေ့ ပါဝင်လုပ်ဆောင်ခြင်း၊ ဗိသုကာပုံစံရေးဆွဲခြင်းအပြင် ရေယာဉ်ကိုယ်ထည်အား ပုံစံထုတ်ဝေခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ကြောင်း။

ရေကြောင်းအင်ဂျင်နီယာဘာသာရပ်နှင့် ရေကြောင်းသိပ္ပံ ဘာသာရပ်များအတွက် အဓိကထားပြီး လေ့ကျင့်နိုင်ရန် Navigation Simulator နှင့် Engine Room Simulator တစ်စုံစီအား ဝယ်ယူတပ်ဆင်ထားပြီး တစ်ကြိမ်လျှင် ကျောင်းသား ၃၂ဦးအား သင်ကြားပေးနိုင်မည်ဖြစ်ကြောင်း။

လိုအပ်သည့် စာအုပ်စာတမ်းများနှင့် သင်ထောက်ကူ ပစ္စည်းများကို ပြည်တွင်းပြည်ပမှ နှစ်အလိုက်ဝယ်ယူဖြည့်တင်းဝယ်ယူလျက်ရှိကြောင်း။

အားသွန်ကြိုးပမ်း

တစ်ချိန်တည်းတွင် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်မှ ဆရာ ဆရာမများအား အရည်အသွေးမြှင့်တင်ရန်အတွက် ပြည်တွင်း၌ ပါရဂူဘွဲ့၊ M.E ဘွဲ့၊ M.A(Eng) ဘွဲ့တို့ကို ဆက်လက် တက်ရောက်စေလျက်ရှိသကဲ့သို့ ပြည်ပနိုင်ငံများသို့လည်း ဘွဲ့လွန်သင်တန်းများ တက်ရောက်ရန် ခွင့်ပြုခဲ့ကြောင်း။

ထို့အပြင် နိုင်ငံတကာရေကြောင်းပညာဆိုင်ရာ အဖွဲ့အစည်းများနှင့် အဆက်အသွယ်ယူ၍ သင်ရိုးညွှန်းတမ်းများကို ခေတ်နှင့်လျော်ညီအောင် ပြုပြင်ရေးဆွဲရေး ကိစ္စများကိုလည်း ညှိနှိုင်းဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်ကြီးကို ကမ္ဘာ့အဆင့်မီ တက္ကသိုလ်ကြီး ဖြစ်လာစေရန် အားသွန်ကြိုးပမ်းလျက်ရှိပါကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် (ရေယာဉ်တည်ဆောက်ရေးပညာ) (Naval Architecture) ဒုတိယနှစ်(အကြီးတန်း) ထူးချွန်ကျောင်းသား မောင်သက်နိုင်က မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် တည်ဆောက်ဖွင့်လှစ်ပေးခြင်းအတွက် ကျောင်းသားများ ကိုယ်စားကျေးဇူးတင်ဝမ်းမြောက်စကား ပြောကြားသည်။

ယင်းနောက် ရွှေမာလာကုမ္ပဏီ ဥက္ကဋ္ဌ ဦးအောင်ထွေးက မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ပညာရေးငွေပဒေသာပင် စိုက်ထူရန်အတွက် ငွေကျပ် သိန်း ၃၀၀ ကိုပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လက်ခံသည်။

လွှဲပြောင်းပေးအပ်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရွှေမာလာကုမ္ပဏီမှလှူဒါန်းသည့် ငွေကျပ်သိန်း ၃၀၀ကို မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် ပါမောက္ခချုပ်ထံ လွှဲပြောင်းပေးအပ်လိုက်သည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က "2003 Rina Myanma Shipyards Award" ရရှိသည့် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် (ရေယာဉ်တည်ဆောက်ရေးပညာ) ဒုတိယနှစ် (အကြီးတန်း)မှ ထူးချွန်ကျောင်းသား မောင်သက်နိုင်အား ဂုဏ်ပြုဆု လက်မှတ်ကို ချီးမြှင့်ပေးအပ်သည်။

ဆက်လက်၍ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ပညာရေးငွေပဒေသာပင် စိုက်ထူရန်အတွက် ကပ္ပတိန် ဦးကိုကိုထူး (Myanmar Industrial Port)နှင့် ဇနီး ဒေါ်စန္ဒာအောင်တို့က ငွေကျပ်သိန်း၅၀၊ ဦးထွန်းမြင့်နိုင်(Asia World Port Management Co.,Ltd.)ကငွေကျပ်သိန်း ၄၀၊ ဂျပန်–မြန်မာပူးပေါင်းဆောင်ရွက်ရေးအသင်း၊ Silver Wave Co., Ltd. နှင့် Mr.Murataတို့က ငွေကျပ် ၂၂၅၀၀၀၀၊ Suntac Technologiesကငွေကျပ် ၁၀သိန်းနှင့် ငွေကျပ် ၂၅၀၀၀၀၀တန်ဖိုးရှိ Marine ICT စာအုပ်များ၊ Queen Star Computer Centre Co.,Ltd. က ငွေကျပ် ၉၇၅၀၀၀ တန်ဖိုးရှိ Computer Table ၂၅ လုံးနှင့် LCD ၁၅လက်မ မော်နီတာ တစ်လုံး၊ Panasonic Co.,Ltd. က ငွေကျပ် ၃၀၉၁၀၀၊ United Machinery Co.,Ltd. က ငွေကျပ် သုံးသိန်း၊ ဦးစိုးမြင့် (Agricultural&Industrial Development Co.,Ltd.)က ငွေကျပ်သုံးသိန်း၊ Gold Star Shipping Co.,Ltd. က ငွေကျပ် ၃၅၀၀၀၀၊ ဦးဇော်ဝင်း(အရှေ့ဦးကုမ္ပဏီ)က ငွေကျပ်သုံးသိန်း၊ ဦးစိုးနိုင် (Up Land Co.,Ltd.)၊ ဦးဉာဏ်ဝင်း(ရေယာဉ်ပိုင်ရှင်)နှင့် Multi Point Co.,Ltd. တို့က ငွေကျပ်နှစ်သိန်းစီနှင့် အလှူရှင် ၂၅ဦးတို့၏ စုပေါင်းလှူဒါန်းငွေကျပ် ၂၂၈၀၀၀၀တို့ကို ပေးအပ်လှူဒါန်းကြရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးဖေသန်းနှင့်ဗိုလ်မှူးကြီး ဉာဏ်ထွန်းအောင်နှင့် ပါမောက္ခချုပ် ဦးသိန်းထွန်းတို့က လက်ခံကြပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဦးသိန်းထွန်းက မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၏ ပညာသင်ထောက်ပံ့ကြေးကို ကျောင်းသားများကိုယ်စား ကျောင်းသားတစ်ဦးအား ပေးအပ်သည်။

ယင်းနောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် ပင်မအဆောက်အအုံသစ်ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ပါမောက္ခချုပ် ဦးသိန်းထွန်းက ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင်ပစ္စည်းကို ဂါရဝပြုပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် ပင်မဆောင်မြေညီထပ်၌ ခင်းကျင်းပြသထားသည့် Suntac Technologies Silver Wave Co.,Ltd.နှင့် Bagan Cybertech တို့၏ ကွန်ပျူတာပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။ ထို့နောက် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် စာသင်ဆောင်ရှိ Engine Room Simulator Lab နှင့် Ship Handling Simulator Labတို့၏ ကျောင်းသားများ ခေတ်မီရေကြောင်းပညာရပ်များ လေ့ကျင့်သင်ကြားနေမှုတို့ကို ကြည့်ရှုအားပေးကြသည်။ **(သတင်းစဉ်)**

စိန်စည်သာသနာ့ရိပ်သာ သကြၤန်တရားစခန်းပွဲ

ရန်ကုန် မတ် ၂၉

ဒဂုံမြို့သစ်(မြောက်ပိုင်း) (၄၈) ရပ်ကွက် ဗိုလ်မင်းရောင်လမ်း မဟာစည် သြဝါဒခံ စိန်စည်သာသနာ့ရိပ်သာအတွင်း နှစ်စဉ် ကျင်းပမြဲဖြစ်သည့် ဒုလ္လဘရဟန်းခံ ရှင်ပြုသီလရှင်ဝတ်ပွဲနှင့် သင်္ကြန်အထူးတရားစခန်း ပွဲများကို ဧပြီ ၉ရက်မှ ၁၈ ရက်အထိ ကျင်းပမည်ဖြစ်ရာ ဖုန်း– ၅၈၀၁၀၆၇ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။ **(က–ပ)**

(၅၉)နှစ်မြောက်တပ်မတော်နေ့ပြပွဲ တပ်မတော်စစ်သမိုင်းပြတိုက်

(ရွှေတိဂုံဘုရားလမ်း)

(၂၆–၃–၂၀၀၄ မှ ၄–၄–၂၀၀၄)

(မည်သူမဆိုအခမဲ့ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါသည်။)

ပြန်ကြားရေးဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းအား ဗီယက်နမ်အသံလွှင့်ကိုယ်စားလှယ်အဖွဲ့တွေ့ဆုံ

ရန်ကုန် မတ် ၂၉

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား မြန်မာနိုင်ငံတွင် လေ့လာရန်ရောက်ရှိနေသည့် ဗီယက်နမ်အသံလွှင့်ဌာန ဒုတိယညွှန်ကြားရေးမှူး Mr. Nguyen Van Khoa ခေါင်းဆောင်၍ အဖွဲ့ဝင် သုံးဦးပါဝင်သည့် ဗီယက်နမ်အသံလွှင့်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။ (အပေါ်ပုံ)

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ဦးစီးဌာနနှင့်လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ရုံးအဖွဲ့မှူးတို့ တက်ရောက်ကြသည်။

ထိုသို့လာရောက်တွေ့ဆုံစဉ် နှစ်နိုင်ငံသတင်းပြန်ကြားရေးဆိုင်ရာကိစ္စများ တိုးမြှင့်ပူးပေါင်းဆောင်ရွက်ရေးကို ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

ဝိပဿနာခုနစ်ရက် တရားစခန်းဖွင့်မည်

ရန်ကုန် မတ် ၂၉

အနာဂါမ်ဆရာသက်ကြီးဝိပဿနာအဖွဲ့ချုပ်က ကြီးမှူးလျက် ကမ္ဘာ့ဌာန်းဆရာကြီး ဦးသန်း(မဟာ သဒ္ဓမ္မဇောတိကဓဇ)ဦးဆောင်သော မြန်မာလပြည့်နေ့တိုင်း ဖွင့်လှစ်မြဲဖြစ်သည့် ၁၀၄ ကြိမ်မြောက် အနာဂါမ်ဆရာသက်ကြီး ဝိပဿနာ ခုနစ်ရက် တရားစခန်း (ယောဂီဟောင်း)ကို သန်လျင်မြို့ နာရီစင်အနီး ဝိဇ္ဇာလမ်းရှိ ဟံသာဝတီ ကမ္မဋ္ဌာန်းရိပ်သာ၌ ဧပြီ၄ရက် ညနေ ၆နာရီတွင် ဖွင့်လှစ်မည်ဖြစ်၍ ဖုန်း– ၂၅၄၉၀၆နှင့် ၀၅၆–၂၁၄၃၂ တို့သို့ ဆက်သွယ် စာရင်းသွင်းနိုင်ကြောင်းနှင့် တရားစခန်းဖွင့်မည့် ဧပြီ ၄ရက် ညနေ ၃နာရီထက် နောက်မကျစေဘဲ မိမိတို့၏ အမျိုးသားမှတ်ပုံတင်များ ယူဆောင်ပြီး ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ မင်္ဂလာဗျူဟာအသင်းချုပ်သို့ လာရောက်ကြပါက မော်တော်ယာဉ်များဖြင့် အခမဲ့ပို့ဆောင်ပေးရန် စီစဉ်ထားကြောင်းသိရသည်။ **(က–ပ)**

တပ်မတော်နေ့စာပေအနုပညာပြပွဲဆက်လက်ကျင်းပ

ရန်ကုန် မတ် ၂၉

(၅၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စာပေအနုပညာပြပွဲ ပြိုင်ပွဲကျင်းပရေးကော်မတီက (၅၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စာပေအနုပညာပြပွဲကို ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ယနေ့ဆက်လက် ပြသလျက်ရှိရာ ရဟန်းရှင်လူ ပြည်သူများ၊ မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ကျောင်းသားကျောင်းသူများ စုစုပေါင်း ၆၅၀ကျော် စိတ်ပါဝင်စားစွာလာရောက်ကြည့်ရှုလေ့လာကြသည်။

ပြပွဲ၌ကျင်းပလျက်ရှိသော စာပေအနုပညာပြပွဲဆိုင်ရာဉာဏ်စမ်းမေးခွန်းဖြေဆိုပွဲကိုလည်း နေ့စဉ်ကျင်းပပေးပြီးဆုရရှိသူများအား ပြိုင်ပွဲပြီးလျှင် ပြီးချင်းဆုငွေများကို ချီးမြှင့်ပေးကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

ကျွန်းကုန်းမိုးကုတ်ရိပ်သာ သင်္ကြန်အထူးခုနစ်ရက်တရားစခန်း

ရန်ကုန် မတ် ၂၉

ပဲခူးတိုင်း အုတ်ဖိုမြို့နယ် ကျွန်းကုန်းရိပ်သာ ရာသက်ပန် အမြဲတမ်း တရားစခန်းရိပ်သာကြီးတွင် သင်္ကြန်အထူးခုနစ်ရက်တရားပွဲကြီးကို ဧပြီ ၁၁ရက်မှ ၁၇ရက်အထိ ကျင်းပမည်ဖြစ်ရာ မိုးကုတ် ဆရာတော်ကြီး၏ ဥပနိဿယအတိုင်းမိုးကုတ်ဓမ္မကထိက သဒ္ဓမ္မဇောတိကဓဇ သီဟသုဓမ္မမဏိဇောတဓရ ဆရာကြီး ဦးမြင့်ဆွေက ဟောကြားပြသမည်ဖြစ်သည်။

တရားစခန်းဝင်လိုသူများ ဖုန်း– ၀၅၃–၃၀၄၃၂သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။ **(က–ပ)**

မြန်မာ့ရုပ်မြင်သံကြား

၃၀–၃–၂၀၀၄(အင်္ဂါနေ့)

နံနက်ပိုင်း:

- ၇:၀၀ ၁။ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၅။ ကဗျာပန်းဥယျာဉ်
- ၈:၀၅ ၆။ အကပြိုင်ပွဲ
- ၈:၁၀ ၇။ နှောင်းခေတ်တေးပဒေသာ
- ၈:၂၀ ၈။ မန်းချောင်းတံတား
- ၈:၃၀ ၉။ International News
- ၈:၄၅ ၁၀။ Grammar Made Easy

ညပိုင်း:

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ တေးဂီတအစီအစဉ်
- ၁၆:၄၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (အထူးပြုအားလုံး) (မြန်မာစာ)
- ၁၇:၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၁၇:၁၅ ၆။ ခံစားနားဆင်တေးဇာတ်ဝင်
- ၁၇:၃၀ ၇။ (၅၉)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၁၇:၄၀ ၈။ ဆိုကြမယ် ပျော်ကြမယ်
- ၁၈:၃၀ ၉။ ညနေခင်းသတင်း
- ၁၉:၀၀ ၁၀။ မိုးလေဝသအခြေအနေ
- ၁၉:၀၅ ၁၁။ ကြေးမုံရိပ်သွင်တေးနှယ်ဉ်
- ၁၉:၂၀ ၁၂။ သားငါးဖွံ့ဖြိုးပြည့်အကျိုး
- ၁၉:၃၀ ၁၃။ တေးဂီတအစီအစဉ်
- ၁၉:၄၀ ၁၄။ သံလွင်တံတား(မော်လမြိုင်) တည်ဆောက်ရေး ဂုဏ်ပြုအစီအစဉ်(၃)
- ၂၀:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **"အချစ်ဆိုသည်မှာ"** (အပိုင်း–၁၇)

ပြည်နယ်၊ တိုင်း အမျိုးသမီးရေးရာအဖွဲ့ စုံညီအစည်းအဝေးအောင်မြင်စွာ ကျင်းပပြီးစီး
စုံညီအစည်းအဝေးဒုတိယနေ့တွင် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေအမှာစကားပြောကြား

ရန်ကုန် မတ် ၂၉

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ပြည်နယ်၊ တိုင်း အမျိုးသမီးရေးရာအဖွဲ့ကိုယ်စားလှယ်များ စုံညီအစည်းအဝေး ဒုတိယနေ့အစီအစဉ်များကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ(**Myanmar Convention Centre**)၌ ဆက်လက်ကျင်းပပြီး ညနေပိုင်းတွင် အစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီးသွားသည်။

အမှာစကားပြောကြား

မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ပြည်နယ်၊ တိုင်း အမျိုးသမီးရေးရာ အဖွဲ့ကိုယ်စားလှယ်များ စုံညီအစည်းအဝေး ဒုတိယနေ့တွင် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ နိဂုံးချုပ် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့ ယဉ်ကျေးမှု၊ ပြန်ကြားဆက်သွယ်ရေး၊ အမျိုးသမီးငယ်/ရွယ်၊ တိုင်းရင်းသားရေးရာလုပ်ငန်းကဏ္ဍများအပေါ် ခြုံငုံသုံးသပ်ဆွေးနွေးစဉ်။ (သတင်းစဉ်)

အဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးသက် ပညာရေး၊ ကျန်းမာရေး၊စီးပွားရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းကဏ္ဍများအပေါ် ခြုံငုံသုံးသပ် ဆွေးနွေးစဉ်။ (သတင်းစဉ်)

အဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း စည်းကမ်းထိန်းသိမ်းရေး၊ ဘဏ္ဍာရေးနှင့် စီမံရေးရာ၊ စည်းရုံးရေးလုပ်ငန်းကဏ္ဍများအပေါ် ခြုံငုံသုံးသပ်ဆွေးနွေးစဉ်။ (သတင်းစဉ်)

အဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌပါမောက္ခဒေါက်တာ ဒေါ်မေမေရီက အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေး၊ လူမှောင်ခို လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းကဏ္ဍအပေါ် ခြုံငုံသုံးသပ်ဆွေးနွေးစဉ်။ (သတင်းစဉ်)

အစည်းအဝေးသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ပါမောက္ခ ဒေါက်တာဒေါ်မေမေရီ၊ ဒေါ်ခင်လေးသက်၊ ဒေါ်သန်းသန်းနွဲ့နှင့် ဒေါ်ခင်ခင်ဝင်း၊ အကြံပေးပုဂ္ဂိုလ် ဒေါ်ခင်သန်းနွဲ့နှင့် အကြံပေးပုဂ္ဂိုလ်များ၊ အထွေထွေအတွင်းရေးမှူး ပါမောက္ခ ဒေါက်တာဒေါ်ခင်အေးဝင်းနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ လုပ်ငန်းအဖွဲ့ဝင်များ၊ အထောက်အကူပြုအဖွဲ့ဝင်များ၊ ပြည်နယ်၊ တိုင်းအမျိုးသမီးရေးရာ အဖွဲ့နာယကများ၊ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ ခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

အစည်းအဝေးတွင် သဘာပတိအဖွဲ့ဝင်များအဖြစ် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ပါမောက္ခဒေါက်တာဒေါ်မေမေရီ၊ ဒေါ်ခင်လေးသက်၊ ဒေါ်သန်းသန်းနွဲ့နှင့် ဒေါ်ခင်ခင်ဝင်းတို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသမီးငယ်ရွယ်အဖွဲ့အဖွဲ့ဝင်ဒေါ်နန်းမြတ်နီလာအောင်က ဆောင်ရွက်သည်။

ရှေးဦးစွာ သဘာပတိအဖွဲ့ဝင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက အမှာစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ၂၀၀၄ ခုနှစ် ဇန်နဝါရီလမှ မတ်လအထိ သုံးလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် စပ်လျဉ်း၍ အစီရင်ခံစာကို ပြည်နယ်၊ တိုင်း အမျိုးသမီးရေးရာအဖွဲ့ကိုယ်စားလှယ်များက တင်ပြကြရာ ပဲခူးတိုင်း(အနောက်) အမျိုးသမီးရေးရာအဖွဲ့ကိုယ်စား ပဲခူးတိုင်း(အနောက်) အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ဆွေဦးကလည်းကောင်း၊ မကွေးတိုင်းအမျိုးသမီးရေးရာအဖွဲ့ကိုယ်စား မကွေးတိုင်းအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးဝေက လည်းကောင်း၊ မန္တလေးတိုင်း အမျိုးသမီးရေးရာ အဖွဲ့ကိုယ်စား မန္တလေးတိုင်း အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဆွေဝင်းကလည်းကောင်း၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ကိုယ်စား ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ချယ်ရီရဲခေါင်ကလည်းကောင်း၊ ဧရာဝတီတိုင်း အမျိုးသမီးရေးရာအဖွဲ့ကိုယ်စား ဧရာဝတီတိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းစန်းငွေးကလည်းကောင်း အသီးသီးရှင်းလင်းတင်ပြကြသည်။

စာမျက်နှာ ၁၃ ကော်လံ ၁

အထွေထွေ အတွင်းရေးမှူး ပါမောက္ခဒေါက်တာ ဒေါ်ခင်အေးဝင်း အစည်းအဝေးကြီးမှ အကြံပြုချက်များ တင်ပြစဉ်။ (သတင်းစဉ်)

မကွေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးဝေ ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

ပဲခူးတိုင်း (အနောက်) အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ဆွေဦး ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဆွေဝင်း ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

ဧရာဝတီတိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းစန်းငွေး ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ချယ်ရီရဲခေါင် ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

အခမ်းအနားမှူးအဖြစ် ဒေါ်နန်းမြတ်နီလာအောင် (ငယ်/ရွယ်)က ဆောင်ရွက်စဉ်။ (သတင်းစဉ်)



30-3 (07).p65 1 3/24/05, 10:59 PM

နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများသည် တိကျခိုင်မာသောမျှော်မှန်းချက်ဖြင့် အကောင်အထည်ဖော်သောလုပ်ငန်းများဖြစ် လုပ်ငန်းများအရှိန်အဟုန်မပျက် တစ်နှစ်ထက်တစ်နှစ်တိုးတက်အောင်မြင်စေရန် ရည်မှန်းချက်ထားဆောင်ရွက်

ကျောဖုံးမှ

အထူးဖိတ်ကြားထားသည့် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

ညှိနှိုင်းအစည်းအဝေးတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်းက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

အစည်းအဝေးတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက အဖွင့်အမှာစကားပြောကြားရာ၌ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများဆောင်ရွက်ရာတွင် ပထမဦးစွာ တိုင်းရင်းသားအဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်ခဲ့ပြီး ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့ဖြစ်ထွန်းအောင် တည်ဆောက်ရင်း ငြိမ်းချမ်းရေးတိုးပွားခိုင်မာအောင် ဆောင်ရွက်ခဲ့ကြောင်း။

အထူးကြိုးပမ်းအားထုတ်

ဤသို့ နယ်စပ်ဒေသများနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး တိုးပွားခိုင်မာမှုကို အထောက်အကူဖြစ်စေရေးတို့အတွက် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အထူးကြိုးပမ်းအားထုတ်ဆောင်ရွက်ခဲ့ရကြောင်း။

နယ်စပ်ဒေသများနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးမှုနောက်ကျခဲ့သည့် အတိုင်းအတာ ပမာဏမှာ လွန်စွာကြီးမားခဲ့သည့်အလျောက် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်မည့် ဝန်ကြီးဌာနတစ်ခု ဖွဲ့စည်းပေးခဲ့ရသည့်အပြင် အခြားသော ဝန်ကြီးဌာနများကပါ လုပ်ငန်းများ ထိရောက်စွာပေါင်းစည်းဆောင်ရွက် နိုင်ရေးအတွက် လမ်းညွှန်မှုပြုနိုင်ရန် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီကို ဖွဲ့စည်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

ထို့အပြင် ကြီးမားကျယ်ပြန့်လှသည့် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဗဟိုကော်မတီကိုယ်စား ထိရောက်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရန် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီကို ဖွဲ့စည်းဆောင်ရွက်စေခဲ့ကြောင်း။

တစ်ချိန်တည်းမှာပင် နယ်စပ်ဒေသများ၌ ရှိနေခဲ့သည့် မူးယစ်ဆေးဝါးစိုက်ပျိုးထုတ်လုပ်မှုများပပျောက်ပြီး သမ္မာအာဇီဝ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများဖြစ်ပေါ်လာအောင် ဘိန်းအစားထိုးစိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ရေးလုပ်ငန်းများ ဖြစ်ထွန်းလာစေရေးအတွက် မူးယစ်ဆေးဝါးပပျောက်ရေးစီမံကိန်းများကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း။

ဘိန်းစိုက်ပျိုးထုတ်လုပ်မှုကျဆင်းလာ

ဤသို့ စနစ်တကျဖြင့် ဘက်စုံထောင့်စုံမှ စီမံဆောင်ရွက်ခဲ့သဖြင့် ၁၀နှစ်ကျော်မျှသော အချိန်တိုကာလအတွင်း နယ်စပ်ဒေသများမှာ အရှိန်အဟုန်ဖြင့် သိသာထင်ရှားစွာ ဖွံ့ဖြိုးတိုးတက်လာခဲ့သလို ဘိန်းစိုက်ပျိုးထုတ်လုပ်မှုမှာလည်း ကျဆင်းလာခဲ့ကြောင်း။

နယ်စပ်ဒေသများ၏ ဖွံ့ဖြိုးတိုးတက်မှုများမှာ သွက်လက်မြန်ဆန်သည့်အလျောက် ရရှိဖြစ်ထွန်းနေသော အရှိန်အဟုန်ကို ဆက်လက်ထိန်းသိမ်းမြှင့်တင်ဆောင်ရွက်သွားနိုင်စေရေးအတွက် ယခုအစည်းအဝေးတွင် လုပ်ငန်းများသုံးသပ်ပြီး ရှေ့ဆက်တိုးတက်အောင် ဆောင်ရွက်သွားရမှာဖြစ်ကြောင်း။

အဓိကကျ

နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဒေသ၏စီးပွားရေး လုပ်ငန်းများတိုးတက်ဖြစ်ထွန်းရေးနှင့် လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေးတို့ကို ယှဉ်တွဲဆောင်ရွက်ပေးနေကြောင်း၊ နယ်မြေဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးတွင် လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေးသည် အဓိကကျကြောင်း။

ယခုအခါတွင် နယ်စပ်ဒေသများ၌ လမ်းများတိုးတက်ကောင်းမွန်လာပြီဖြစ်သော်လည်း ဆက်လက်ဆောင်ရွက်ဖွယ်ရာများ ကျန်ရှိသေးကြောင်း၊ ရာသီမရွေး သွားလာနိုင်သောလမ်းများဖြစ်စေရေး၊ လိုအပ်သည့်လမ်းမကြီးများကို ကတ္တရာလမ်းများဖြစ်စေရေးတို့အတွက် ဆက်လက်ဆောင်ရွက်ကြရဦးမှာဖြစ်ကြောင်း။

ပီပီပြင်ပြင်ကြိုးပမ်းဆောင်ရွက်

ယခုကဲ့သို့ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအောင်မြင်ဖြစ်ထွန်းမှု၊ လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်မှုတို့ရရှိဖြစ်ထွန်းနေပြီး စက်မှုနှင့်လျှပ်စစ်စွမ်းအားကဏ္ဍတွင်လည်း ဒေသအလိုက် တစ်ပိုင်တစ်နိုင် ဆောင်ရွက်ပေးနိုင်သည့်အပြင် ပညာရေး၊ ကျန်းမာရေးအခြေခံများလည်း အထိုက်အလျောက်ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်သည့် အခြေအနေတွင် လုပ်ငန်းများအရှိန်အဟုန်မပျက် အောင်မြင်ဖြစ်ထွန်းစေရေးအတွက် ဖိဖိစီးစီး ပီပီပြင်ပြင် ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း။

ဒေသခံပြည်သူများ မိမိဘဝ မိမိရပ်တည်နိုင်ပြီး လူနေမှုဘဝအဆင့်အတန်းတိုးတက်မြင့်မားလာရေး၊ ဆင်းရဲနွမ်းပါးမှုလျော့နည်းပပျောက်ရေးတို့အတွက် ဆက်လက်ဆောင်ရွက်ပေးသွားကြရမှာဖြစ်ကြောင်း၊ အထူးသဖြင့် နယ်စပ်ဒေသတိုးတက်ဖြစ်ထွန်းမှုများ စဉ်ဆက်မပြတ် တိုးတက် မြင့်မားသွားစေရအောင် လူ့စွမ်းအားအရင်းအမြစ်များပေါ်ထွန်းလာရေးအတွက်ပါ စီမံဆောင်ရွက်သွားရန်လိုကြောင်း။

ထို့ကြောင့် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပညာရေး၊ ကျန်းမာရေးမြှင့်တင်မှု လုပ်ငန်းများကို အလေးထားထည့်သွင်းဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း၊ မိမိတို့နယ်စပ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများစတင် ဆောင်ရွက်ချိန်တွင် ကျောင်းနေသည့် အလေ့အထပင်မရှိသေးသည့်ဒေသများတွင် စာသင်ကျောင်းများထူထောင်ပေးခဲ့ရသည့်အပြင် ကျောင်းနေရွယ် ကလေးများကျောင်းနေစေရေးအတွက် ပညာပေးစည်းရုံးသိမ်းသွင်းမှုများဆောင်ရွက်ခဲ့ရကြောင်း။

အဆင့်မြင့်ပညာများ ဆက်လက်သင်ယူနိုင်

ယခုအချိန်အခါတွင် နယ်စပ်ဒေသများ၌ အထက်တန်းကျောင်းများ တိုးတက်ဖြစ်ထွန်းလာပြီဖြစ်သည့်အပြင် အထက်တန်းပညာ ပြီးဆုံးသည့် နယ်စပ်ဒေသမှလူငယ်များ အဆင့်မြင့်ပညာများ ဆက်လက်သင်ယူနိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသား လူငယ်များစွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်များကို ရန်ကုန်နှင့်မန္တလေးတို့၌ ဖွင့်လှစ်ပေးထားပြီးဖြစ်ကြောင်း။

ယင်းအစီအမံများနှင့်အညီ ဒေသအလိုက် စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ကုန်ထုတ်လုပ်ရေး၊ စက်မှုနှင့်လျှပ်စစ်စသည့် အခြေခံအဆောက်အအုံများနှင့်ယှဉ်တွဲပြီး လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်မြှင့်တင်ပေးနိုင်သည်နှင့်အမျှ နယ်စပ်ဒေသများမှာလည်း ဖွံ့ဖြိုးမှုနောက်ကျကျန်နေသည့် လူ့ဘောင်အဖွဲ့အစည်းဘဝမှ ဖွံ့ဖြိုးတိုးတက်သည့် လူ့ဘောင်အဖွဲ့အစည်းအဖြစ်သို့ တိုးတက်ဖြစ်ထွန်းလာမှာဖြစ်ကြောင်း။

သို့ဖြစ်၍ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ဤသဘောထား၊ ဤအမြင်တို့ကိုခံယူပြီး ဖွံ့ဖြိုးမှုနောက်ကျကျန်နေခဲ့သော နယ်စပ်ဒေသများကိုအခြေခံကအစ အဘက်ဘက်က မြှင့်တင်ဆောင်ရွက်ပေးသွားရမှာဖြစ်ကြောင်း။

မိမိတို့နိုင်ငံတော်၏ တာဝန်ကို ရယူခဲ့ချိန်မှစ၍ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသာစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသည့် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေး မူဝါဒအဖြစ်ချမှတ်ပြီး ယင်းအမျိုးသားရေးမူဝါဒအကောင်အထည်ဖော်ဖြစ်ထွန်းလာစေရေးအတွက် အမျိုးသားရေးလုပ်ငန်းစဉ်ကြီးများဖြစ်သော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက် (၁၂)ရပ်နှင့်အညီ လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း။

အမျိုးသားရေးမူဝါဒ

အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေးသုံးပါးကို သဘောတရားရေးခံယူချက်အဖြစ်စွဲမြဲစွာခံယူပြီးယင်းခံယူချက်များနှင့်အညီ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဆိုသည့် အမျိုးသားရေးပန်းတိုင်သို့ရောက်ရှိရေး ဦးတည်လျက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ဖွံ့ဖြိုးရေးအထူးဒေသကြီး ၂၄ခုစီမံကိန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ်ကို ပေါင်းစပ်အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

ယခုအချိန်အခါတွင် နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းများအပါအဝင် ဖွံ့ဖြိုးရေးစီမံကိန်းအသီးသီး၏ လုပ်ငန်းများအောင်မြင်ဖြစ်ထွန်းနေခြင်းမှာ မိမိတို့၏ အမျိုးသားရေးမူဝါဒနှင့် အမျိုးသားရေးလုပ်ငန်းစဉ်ကြီးများ၏ မှန်ကန်ပြည့်စုံမှုကို ဖော်ညွှန်းပြသနေခြင်းပင်ဖြစ်ကြောင်း။

အောင်မြင်အောင်ကြိုးပမ်းဆောင်ရွက်

သို့ဖြစ်၍ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဆိုသည့် အမျိုးသားရေးပန်းတိုင်သို့ ရောက်ရှိစေရေးဦးတည်ပြီး အကောင်အထည်ဖော် ဆောင်ရွက်နေသည့် အမျိုးသားရေးလုပ်ငန်းစဉ်ကြီးများ အောင်မြင်စွာအကောင်အထည်ပေါ် ဖြစ်ထွန်းလာရေးတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ အောင်မြင်ပြည့်မြောက်ရေးသည် ပဓာနကျသော အခန်းကဏ္ဍတွင် ရှိနေသည်ဆိုခြင်းကို သိမြင်ခံယူပြီး တာဝန်ရှိသူအသီးသီးက လုပ်ငန်းများအောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် ပြောကြားသည်။

ထို့နောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီဝင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဆွေးနွေးတင်ပြရာ၌ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီကို ၁၉၈၉ခုနှစ် မေလ ၂၅ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့ပြီး ဗဟိုကော်မတီက လမ်းညွှန်ချမှတ်ပေးသည့် မူဝါဒဆိုင်ရာ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်နိုင်ရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီကိုလည်း ၃၁-၅-၈၉ ရက်နေ့တွင် ဖွဲ့စည်းဆောင်ရွက်ခဲ့ပါကြောင်း။

တိုးတက်ဖြစ်ထွန်း

ဗဟိုကော်မတီ အစည်းအဝေးများက ချမှတ်လမ်းညွှန်ပေးခဲ့သည့် မူဝါဒပိုင်း ဆိုင်ရာကိစ္စရပ်များကို နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ၏ ကြီးကြပ်မှုနှင့် လုပ်ငန်းဆပ်ကော်မတီများ၊ ဒေသဆိုင်ရာ လုပ်ငန်းကော်မတီများက နယ်စပ် ဒေသတိုင်းရင်းသားများနှင့် ဟန်ချက်ညီပူးပေါင်းအားထုတ်ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ယနေ့အခြေအနေမှာ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများသည် အရှိန်အဟုန်ဖြင့် တိုးတက်ဖြစ်ထွန်းနေသည်ကို တွေ့ရပါကြောင်း။

ဗဟိုကော်မတီဥက္ကဋ္ဌကြီး၏ မူဝါဒ လမ်းညွှန်ချက်များနှင့်အညီ ဖွံ့ဖြိုးမှု နောက်ကျကျန်ခဲ့သည့် နယ်စပ်ဒေသများတွင် စီးပွားရေး အခြေခံ

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီ တွဲဖက်အတွင်းရေးမှူး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင် သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့် မဟာဗျူဟာလမ်းများ တည်ဆောက်ထိန်းသိမ်းမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ရှင်းလင်းတင်ပြ

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွှန့်တင် ကုန်းမြင့်ဒေသ လယ်မြေဖော်ထုတ်ခြင်းလုပ်ငန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

နယ်စပ်ဒေသလူ့စွမ်းအားအရင်းအမြစ်များ

၁။	တိုင်းရင်းသားလူငယ်ဖွံ့ဖြိုးရေး သင်တန်းကျောင်း	၁၉ ကျောင်း
၂။	အမျိုးသမီးအိမ်တွင်းမှုပညာ သင်တန်းကျောင်း	၁၆ ကျောင်း
၃။	ပြည်ထောင်စုတိုင်းရင်းသား လူငယ်များစွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်	၂ ကျောင်း
၄။	၂၀၀၄ပညာသင်နှစ်မူလတန်း	၃၇၇ ဦး
၅။	၂၀၀၄ပညာသင်နှစ်အလယ်တန်း	၉၂၃ ဦး
၆။	၂၀၀၄ပညာသင်နှစ်အထက်တန်း	၄၄၉ ဦး
၇။	ဘွဲ့ဒီဂရီရရှိပြီးသူ	၁၄၁ ဦး
၈။	အိမ်တွင်းမှုပညာသင်ကြားပေးပြီး အမျိုးသမီးငယ်	၁၂၇၁၇ ဦး

အဆောက်အအုံဖြစ်သည့် လမ်းတံတားကဏ္ဍ၊ စွမ်းအင်ကဏ္ဍနှင့် ဆက်သွယ်ရေးကဏ္ဍများ၊ လူမှုရေးဆိုင်ရာအခြေခံအဆောက်အအုံဖြစ်သည့် ပညာရေး၊ ကျန်းမာရေး၊ ပြည်သူ့ဆက်ဆံရေးကဏ္ဍများ၊ ကုန်ထုတ်လုပ်မှုအခြေခံလုပ်ငန်းများဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သတ္တုရှာဖွေတူးဖော်ရေးနှင့် သစ်တောလုပ်ငန်းများကို အရှိန်အဟုန်တိုးမြှင့် တည်ဆောက်ပေးခဲ့ပါကြောင်း၊ တစ်ဖက်ကလည်း မူးယစ်ဆေးဝါးပပျောက်ရေးအတွက် စီမံကိန်းများ ရေးဆွဲချမှတ်ပြီး အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ဤကဲ့သို့ဆောင်ရွက် နိုင်ခဲ့ခြင်းကြောင့် အချို့သော နယ်စပ်ဒေသများမှာ လူမှုစီးပွားရေးအခြေအနေများ မျှော်မှန်းသည်ထက် ပိုမိုတိုးတက်ဖြစ်ထွန်းလာခဲ့ပြီး မူးယစ်ဆေးဝါး စိုက်ပျိုးထုတ်လုပ်မှုသည်လည်း သိသိသာသာ လျော့နည်းကျဆင်းလာသည်ကို တွေ့ရှိရပါကြောင်း။

၁၉၈၉ ခုနှစ်မှ စတင်ပြီး ယနေ့အထိ နယ်စပ်ဒေသအသီးသီးတွင် ဆောင်ရွက်ပေးခဲ့ပြီးဖြစ်သည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အကျဉ်းချုံးတင်ပြသွားမည်ဖြစ်ပါကြောင်း။

လမ်းတံတားကဏ္ဍ

လမ်းတံတားကဏ္ဍအနေဖြင့် ဖွံ့ဖြိုးတိုးတက်နောက်ကျနေသည့် နယ်စပ်ဒေသများ၏ အဓိကလိုအပ်ချက်ဖြစ်သော လမ်းတံတားတည်ဆောက်ရေးလုပ်ငန်းများကို အထူးဦးစားပေး ဆောင်ရွက်ခဲ့ရာတွင် မြေလမ်း ၂၉၀၃ မိုင်၊ ကျောက်ခင်းလမ်း ၁၆၉၈ မိုင်၊ ကတ္တရာလမ်း ၃၁၅ မိုင်၊ လမ်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း ၃၀၉၄ မိုင်၊ တံတားကြီး ၄၃ စင်း၊ တံတားငယ် ၆၆၁ စင်းနှင့် ကြိုးတံတား ၁၆ စင်းတို့ကို တည်ဆောက်ပေးနိုင်ခဲ့ပါကြောင်း၊ ဖြစ်ပါကြောင်း၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုကိုလည်း ကြီးစွာအထောက်အကူပြုလျက်ရှိပါကြောင်း။

ပြည်သူ့ဆက်ဆံရေးကဏ္ဍ

ပြည်သူ့ဆက်ဆံရေးကဏ္ဍအနေဖြင့် ဆက်လက်တင်ပြရလျှင် နယ်စပ်ဒေသအသီးသီး၌ ရုပ်မြင်သံကြားထပ်ဆင့် အသံလွှင့်စက်ရုံ၉၇ရုံကို တည်ဆောက်ပေးနိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊ ဤကဲ့သို့ဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက် နိုင်ငံတော်တစ်ဝန်းဆောင်ရွက်နေသော ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် နိုင်ငံတော်၏ အေးချမ်းတည်ငြိမ်ဖွံ့ဖြိုးတိုးတက်မှုများကို နယ်စပ်ဒေသ အစွန်အဖျားမှာရှိကြသည့် တိုင်းရင်းသားညီအစ်ကိုများသိရှိလေ့လာခွင့်ရရှိခဲ့ပြီး စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာအထောက်အကူပြုလျက်ရှိပါကြောင်း၊ ဝေးလံခေါင်သီပြီး ဆင်းရဲချို့တဲ့သည့်ဒေသက ရွာများတွင် ရုပ်မြင်သံကြားဖမ်းစက်ထောက်ပံ့ကြည့်ရှုစေခြင်းဖြင့် ပြန်ကြားရေးလုပ်ငန်းကို ချဲ့ထွင်ဆောင်ရွက်လျက်ရှိကြောင်း၊ နယ်စပ်ဒေသ တိုင်းရင်းသားများ အသိပညာနှင့် ဗဟုသုတတိုးပွားရေး ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။

ကျန်းမာရေးကဏ္ဍ

ကျန်းမာရေးကဏ္ဍအနေဖြင့် နယ်စပ်ဒေသများတွင် ဆေးရုံ ၅၄ ရုံ၊ ကျေးလက်ကျန်းမာရေးဌာန ၃၂ ခု၊ ကျန်းမာရေးဌာနခွဲ ၅၂ခု၊ နယ်စပ်ဆေးပေးခန်း၈၁ခု တိုးချဲ့ဖွင့်လှစ်ပေးနိုင်ခဲ့သည့်အတွက် နယ်စပ်ဒေသများတွင် ရောဂါကြိုတင်ကာကွယ်ရေး၊ ကုသရေးနှင့် ပညာပေးရေးလုပ်ငန်းများကို ဆောင်ရွက်ရာ၌ အရှိန်အဟုန်ရရှိနေပြီဖြစ်ပါကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှု ထူးထူးခြားခြားဖြစ်ထွန်းနေသည်ကိုလည်း တွေ့ရပါကြောင်း။

ပထမအဆင့် ငါးနှစ်စီမံကိန်း စတင်ဆောင်ရွက်လျက်ရှိရာတွင် ယခုချိန်ထိ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်၌ ဧက ၇၃၂၆ ဧက ဖော်ထုတ်ပြီး စတင်အရှိန်အဟုန်ရရှိနေပြီ ဖြစ်ပါကြောင်း။

လူ့စွမ်းအားအရင်းအမြစ်ပေါ်ထွန်းရေး

ဆက်လက်ပြီး နယ်စပ်ဒေသ လူ့စွမ်းအားအရင်းအမြစ်များပေါ်ထွန်းရေးအတွက် ဆောင်ရွက်ချက်များကို တင်ပြမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံတော်တွင် အရည်အသွေးမြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များပေါ်ထွန်းရေးနှင့် ဒေသအလိုက်လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေးတို့ကို ဟန်ချက်ညီညီ အကောင်အထည်ဖော်လျက်ရှိရာတွင် နယ်စပ်ဒေသများမှ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးသည့် တိုင်းရင်းသားလူငယ်များ မွေးထုတ်ပေးနိုင်အောင် နယ်စပ်ဒေသအသီးသီး၌ တိုင်းရင်းသားလူငယ်ဖွံ့ဖြိုးရေးသင်တန်းကျောင်းပေါင်း ၁၉ ကျောင်းနှင့် အမျိုးသမီးအိမ်တွင်းမှု ပညာသင်တန်းကျောင်း ၁၆ ကျောင်း၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့၌ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်နှစ်ခု အသီးသီး ဖွင့်လှစ်ပျိုးထောင်ပေးလျက်ရှိပါကြောင်း။

တိုင်းရင်းသားလူငယ်ဖွံ့ဖြိုးရေး သင်တန်းကျောင်းပေါင်း ၁၉ကျောင်းတွင် ယခု ပညာသင်နှစ်၌ မူလတန်း ၃၇၇ ဦး၊ အလယ်တန်း ၉၂၃ ဦးနှင့် အထက်တန်း ၄၄၉ ဦး စုစုပေါင်း တိုင်းရင်းသားလူငယ် ၁၇၄၉ ဦး တက်ရောက်ပညာသင်ကြားလျက်ရှိပါကြောင်း၊ ထပ်မံ၍ လူငယ်ဖွံ့ဖြိုးရေး သင်တန်းကျောင်း ရှစ်ကျောင်းကို လားရှိုး၊ ပင်လုံ၊ ဘားအံ၊ ပခုက္ကူ၊ ဖလမ်း၊ တွန်းဇံ၊ ကလေးနှင့် ထန်တလန်တို့၌ ဖွင့်လှစ်နိုင်ရေးစတင် စီစဉ်ဆောင်ရွက်လျက်ရှိနေပြီဖြစ်ပါကြောင်း။

ထို့အပြင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေး ဝန်ကြီးဌာန အထောက်အပံ့ခံကျောင်းများဖြစ်သည့် ဘူးသီးတောင်၊ မောင်တော၊ ကျောက်တော်၊ ပလက်ဝ၊ မိုင်းဆတ်၊ လေရှီး၊ လဟယ်၊ မိုင်းပျဉ်း၊ ဖလမ်း၊ မင်းတပ်တို့ရှိ ပရဟိတကျောင်းများနှင့် မတူပီရှိ မိဘမဲ့ကျောင်းမှ ကျောင်းသား စုစုပေါင်း ၅၇၉ဦးအတွက်ကိုလည်း ဆန်နှင့်အဝတ်အထည်များ ထောက်ပံ့လျက်ရှိပါကြောင်း။

ဖွံ့ဖြိုးမှုနောက်ကျသည့်ဒေသများနှင့်ဖွံ့ဖြိုးပြီးဒေသများ ဆက်စပ်ပေါင်းစည်းမိပြီး ဖွံ့ဖြိုးမှုအရှိန်အဟုန်တိုးတက်မြန်ဆန် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းရေး ဖွံ့ဖြိုးရေးနှင့်စည်းရုံးရေးတွဲဖက်ဆောင်ရွက်

အဓိကကျသည့် နေရာဒေသများ၌ ရာသီမရွေးသွားလာနိုင်သည့် လမ်းများဖြစ်လာအောင် ဆောင်ရွက်ပေးနိုင်ခဲ့၍ နယ်စပ်ဒေသနှင့်အတွင်းပိုင်းဒေသများ အလွယ်တကူ ဆက်သွယ်သွားလာနိုင်ပြီး ချစ်ကြည်ရင်းနှီးမှု၊ ကုန်စည်ကူးသန်းမှု ပိုမိုဖြစ်ထွန်းကာ ဒေသဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ကောင်းစွာဖြင့် ရခဲ့သည်ကို တွေ့ရပါကြောင်း။

စွမ်းအင်ကဏ္ဍ

စွမ်းအင်ကဏ္ဍအနေဖြင့် နယ်စပ်မြို့ ရှစ်မြို့ကို အငယ်စားနှင့် အလတ်စား ရေအားလျှပ်စစ်စက်ရုံများ တည်ဆောက်ပေးနိုင်ခဲ့ပြီး မြို့/ရွာ ၁၈၆ ခု တွင်လည်း မီးစက် ၂၅၁ လုံး တပ်ဆင်ပေးခဲ့နိုင်သည့်အတွက် မြို့/ရွာ မီးလင်းရေးနှင့် အသေးစားကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း၊ ဒေသခံတိုင်းရင်းသားများကလည်း ကိုယ့်အားကိုယ်ကိုး ရေအားလျှပ်စစ်အငယ်စား၊ အလတ်စားများ ဆောင်ရွက်နေသဖြင့် လူနေမှုအဆင့်အတန်းများ များစွာတိုးတက်လာခဲ့သည်ကို တွေ့မြင်ရပြီ ဖြစ်ပါကြောင်း။

ဆက်သွယ်ရေးကဏ္ဍ

ဆက်သွယ်ရေးလုပ်ငန်းကဏ္ဍအနေဖြင့် စာတိုက် ၄၇ ခု၊ ကြေးနန်းရုံး ၄၂ ရုံး၊ တယ်လီဖုန်းလုပ်ငန်းပေါင်း ၈၀ ခုတို့ကို တည်ဆောက်ပေးနိုင်သည့်အတွက် နယ်စပ်ဒေသ လူမှုရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး လုပ်ငန်းများ၊ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနေသည်ကို တွေ့ရပါကြောင်း၊ နယ်စပ်ဒေသများနှင့် ရန်ကုန်ဗဟိုနှင့် တယ်လီဖုန်းဆက်သွယ်မှုများ ရနေသည့်အနေအထားမျိုး ရောက်ရှိနေပြီဖြစ်ပါကြောင်း။

ပညာရေးကဏ္ဍ

ပညာရေးကဏ္ဍအနေဖြင့် တင်ပြရလျှင် နယ်စပ်ဒေသအသီးသီးတွင် အထက ၆၅ ကျောင်း၊ အလက ၅၈ ကျောင်း၊ အမက ၆၄၄ ကျောင်း တိုးချဲ့ဆောက်လုပ်ဖွင့်လှစ်ပေးနိုင်ခဲ့ပါကြောင်း၊ ၁၉၈၉-၉၀ ပညာသင်နှစ်တွင် မူလတန်းကျောင်းသား ၁၅၄၁ ဦးနှင့် အလယ်တန်းကျောင်းသား ၁၂ ဦး သာရှိခဲ့သည့် နယ်စပ်ဒေသများ၌ ယခုအခါအထက်တန်းကျောင်းသား ၇၃၈၁ ဦး၊ အလယ်တန်းကျောင်းသား ၃၂၀၃၆ ဦးနှင့် မူလတန်းကျောင်းသား ၆၉၂၀၄ ဦး စုစုပေါင်း ကျောင်းသားကျောင်းသူ ၁၀၈၆၂၁ ဦး၊ ပညာသင်ကြားလျက်ရှိသည်ကို တွေ့ရပါကြောင်း၊ ၁၉၈၉ ခုနှစ်နှင့် နှိုင်းစာလျှင် နယ်စပ်ဒေသကျောင်းသားအင်အားသည် ၆၉ ဆကျော် တိုးတက်တိုးပွားလာသည်ကို အားရ ဖွယ်မြင်တွေ့ရပြီဖြစ်ပါကြောင်း၊ နယ်စပ်ဒေသ ကျောင်းသားအင်အား တိုးပွားလာခြင်းသည် အပြန်အလှန် နားလည်ယုံကြည်မှုနှင့် တရားဥပဒေစိုးမိုးတည်ငြိမ်မှုကို ဦးတည်စေသဖြင့် ကြီးမားသည့် အောင်မြင်မှုတစ်ရပ်ရာ၌ အရှိန်အဟုန်ရရှိနေပြီဖြစ်ပါကြောင်း။

နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေး ကျခံသုံးစွဲပြီးငွေ

၁။	၁၉၈၉ခုနှစ်မှယနေ့အထိ	ကျပ်သန်း	၂၆၀၀၀ ကျော်
၂။	ဝန်ကြီးဌာနအလိုက်ပံ့ပိုးငွေ	ကျပ်သန်း	၂၇၀၀၀ ကျော်
၃။	သုံးစွဲပြီးစုစုပေါင်းငွေ	ကျပ်သန်း	၅၄၀၀၀

စိုက်ပျိုးရေးလုပ်ငန်းကဏ္ဍ

စိုက်ပျိုးရေးလုပ်ငန်းကဏ္ဍအနေဖြင့် နယ်စပ်ဒေသများ၌ စိုက်ပျိုးရေးရုံး ၃၁ ရုံး၊ စိုက်ပျိုးရေးစခန်း ၁၁၇ ခု၊ တည်ဆောက်ဆဲနှင့် တည်ဆောက်ပြီးဆည် ၄၃ ခု၊ တိုင်းတာပြီးဆည် ၁၇ ခု၊ တူးမြောင်းလေးခုနှင့် ထွန်စက်စခန်း ၁၁ ခုတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက် ဒေသရိက္ခာဖူလုံရေးအပြင် စီးပွားဖြစ်သီးနှံများ စိုက်ပျိုးရေးကိုပါ အခွင့်အလမ်းကောင်းများ ဖန်တီးပေးနိုင်ခဲ့ပါကြောင်း၊ စိုက်ပျိုးရေးကုန်ထုတ်လုပ်ငန်းများမှတစ်ဆင့် စီးပွားရေးအခြေခံများဖြစ်ထွန်းလျက်ရှိနေသည်ကို တွေ့ရပါကြောင်း၊ စိုက်ပျိုးရေးကဏ္ဍက အပိုဝင်ငွေများ ရရှိခြင်းနှင့် ဘိန်းအစားထိုးသီးနှံစိုက်ပျိုးရေးကိုပါ ပိုမိုတိုးတက်ဆောင်ရွက်လျက်ရှိနေသည်ကို တွေ့ရပါကြောင်း။

မွေးမြူရေးလုပ်ငန်းကဏ္ဍ

မွေးမြူရေးလုပ်ငန်းကဏ္ဍအနေဖြင့်ဆိုလျှင် မွေးမြူရေးခြံ၁၉ခြံ၊ တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးရုံး ၄၁ ရုံးတို့ကို နယ်စပ်အစွန်အဖျား ဒေသများ၌ ဖွင့်လှစ်ပေးခဲ့ပြီး နွားနှင့် မြည်းမျိုးကောင်း (၁၁၁)ကောင်တို့ကိုလည်း ဖြန့်ဖြူးပေးကာ မျိုးပွားမှုလုပ်ငန်းများကိုပါ ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

သစ်တောလုပ်ငန်းကဏ္ဍ

သစ်တောလုပ်ငန်းကဏ္ဍအနေဖြင့် သစ်တောပျိုးဥယျာဉ်ခုနစ်ခု၊ သတ်မှတ်ပြီး ကြိုးဝိုင်းသစ်တောလေးခု၊ စီစဉ်ဆဲကြိုးဝိုင်းသစ်တောလေးခု၊ သစ်စက် ၁၂ခုတို့ကို ထူထောင်ပေးခဲ့ပြီး သစ်တောထွက်ပစ္စည်းများလုံလောက်စွာ ထုတ်ယူသုံးစွဲနိုင်ရေး၊ သစ်တောပြုန်းတီးမှုမှ ဟန့်တားရေးတို့ကို ဒေသခံတိုင်းရင်းသားများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိနေပြီဖြစ်ပါကြောင်း၊ ဥပဒေမဲ့ သစ်ထုတ်သစ်ခုတ်ထွင်မှုများကိုလည်း တားဆီးနိုင်ခဲ့ပါကြောင်း။

သတ္တုကဏ္ဍ

သတ္တုကဏ္ဍအနေဖြင့် နယ်စပ်ဒေသ သတ္တုသိုက်များကနေ ရှာဖွေဖော်ထုတ်ရေး၊ စီးပွားဖြစ်တွေ့ရှိသည့် သတ္တုသိုက်များကို စနစ်တကျ တူးဖော်ရေး၊ သတ္တုကဏ္ဍမှ နယ်စပ်ဒေသ တိုင်းရင်းသားများ အလုပ်အကိုင်အခွင့်အလမ်းပေါ်ပေါက်လာရေး ဦးတည်ချက်များဖြင့် ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိရာ အချို့ဒေသများတွင် စီးပွားဖြစ် သတ္တုထုတ်လုပ်မှုများဆောင်ရွက်နိုင်လျက်ရှိနေပြီဖြစ်ပါကြောင်း၊ အထူးသဖြင့် 'ဝ'ဒေသနှင့် မိုင်းလားဒေသတွင် သတ္တုထုတ်လုပ်ရေးကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်နေသည်ကို တွေ့ရှိရပါကြောင်း။

စီးပွားရေးအခြေခံအဆောက်အအုံများဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တော၊ သတ္တုကဏ္ဍများတွင်လည်း နိုင်ငံတော်ကတည်ဆောက်ပေးသည့် အခြေခံအဆောက်အအုံများပေါ် မှီတည်ပြီး ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ကောင်းများရရှိနေပြီဖြစ်ပါကြောင်း၊ ဤကဲ့သို့ အခြေခံကောင်းများရရှိအောင် ၁၉၈၉ ခုနှစ်မှ ယနေ့အထိ နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေက ငွေကျပ်သန်း ၂၆၀၀၀ ကျော်၊ ဘီလျံအားဖြင့် ၂၆ ဘီလျံ၊ ဝန်ကြီးဌာနအလိုက် ပံ့ပိုးဆောင်ရွက်သည့် ငွေကျပ်သန်းပေါင်း ၂၇၀၀၀ ကျော် စုစုပေါင်း ငွေကျပ်သန်းပေါင်း ၅၄၀၀၀ သုံးစွဲခဲ့ပြီးဖြစ်ပါကြောင်း၊ ဘီလျံအနေဖြင့်ဆိုလျှင် ၅၄ ဘီလျံ သုံးစွဲပြီးဖြစ်ပါကြောင်း။

တောင်ပေါ်ဒေသတိုင်းရင်းသားများ ဘဝတည်ငြိမ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရွှေ့ပြောင်းတောင်ယာစနစ်မှ ကုန်းမြင့်လယ်ယာစနစ်သို့ ပြောင်းလဲရေးကို

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် သစ်တောများကို စနစ်တကျ ပြုစုထိန်းသိမ်းသွားမည့် လုပ်ငန်းရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင် ဒေသအလိုက် အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

အဆိုပါသင်တန်းကျောင်းများက ပညာရည်မြင့်မားသည့် တိုင်းရင်းသား လူငယ်များအား တက္ကသိုလ်ပညာဆက်လက်သင်ကြားနိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်နှစ်ခု ရန်ကုန်နှင့် မန္တလေးမြို့တို့၌ ဖွင့်လှစ်ပေးပြီး တိုင်းရင်းသားလူငယ် ၁၄၁ ဦးကို ဘွဲ့/ဒီဂရီရရှိအောင် ပြုစုပျိုးထောင်ပေးနိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊ ယင်းဘွဲ့/ဒီဂရီ ရရှိပြီးဖြစ်သည့် ၁၄၁ ဦးသည်လည်း နယ်စပ်ဒေသများ၌ပင် ဝန်ကြီးဌာနအသီးသီး၌ တာဝန်များပေးပြီး နယ်စပ်ဒေသများ၌ တာဝန်ထမ်းဆောင်လျက်ရှိနေပြီဖြစ်ပါကြောင်း၊ ယခုပညာသင်နှစ်တွင်လည်း တိုင်းရင်းသားလူငယ် ၃၈၈ ဦး ကို ဝိဇ္ဇာ/သိပ္ပံနှင့် AGTI ပညာရပ်များ သင်ကြားပေးလျက်ရှိနေပြီဖြစ်ပါကြောင်း။

အိမ်တွင်းမှုပညာရပ်

အမျိုးသမီးအိမ်တွင်းမှုပညာသင်တန်းကျောင်းများနှင့် ပတ်သက်လို့နယ်စပ်ဒေသ အမျိုးသမီးငယ်များ တစ်ဖက်နိုင်ငံကို သွားရောက်အလုပ်လုပ်ကြသည့်အခါ အကျင့်စာရိတ္တပျက်ပြားမှု၊ လူမှုရေးအရ နစ်နာမှုမဖြစ်စေရန် အဓိကရည်ရွယ်ပြီး နယ်စပ်ဒေသအသီးသီးတွင် အမျိုးသမီးအိမ်တွင်းမှု ပညာသင်ကျောင်းများ ဖွင့်လှစ်ပျိုးထောင်ပေးလျက်ရှိသည့်အတွက် ယခုဆိုလျှင် ဖွင့်လှစ်ပြီး ၁၆ ကျောင်းမှ ယနေ့အထိ နယ်စပ်ဒေသအမျိုးသမီးငယ် ၁၂၇၁၇ ဦးအား အိမ်တွင်းမှုပညာရပ်များ သင်ကြားလေ့ကျင့် ပေးခဲ့ပြီးဖြစ်ပါကြောင်း။

ထို့အပြင် ရာသီဥတုအေးမြသည့် ဒေသဖြစ်သော ချင်းပြည်နယ်၌ဒေသနှင့် ကိုက်ညီမှုရှိမည့် သိုးမွေးထိုးပညာရပ်ကို အထူးပြုဘာသာတစ်ရပ်အနေဖြင့် သင်ကြားပေးလျက်ရှိနေပြီ ဖြစ်ပါကြောင်း။

သိသိသာသာလျော့နည်းကျဆင်းလာ

ဆက်လက်ပြီး နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် မူးယစ်ဆေးဝါး ပပျောက်ရေးကြိုးပမ်းချက်အခြေအနေများကို ဆက်လက်တင်ပြမည်ဖြစ်ပါကြောင်း၊ နယ်စပ်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ရည်ရွယ်ချက် (၅) ရပ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင် "နယ်စပ်ဒေသ စီးပွားရေးလုပ်ငန်းများ ထူထောင်ပေးခြင်းဖြင့် မူးယစ်ဆေးဝါးစိုက်ပျိုးမှု လုံးဝချုပ်ငြိမ်းစေရန်"ဆိုသည့် ရည်ရွယ်ချက်တစ်ရပ်ကိုလည်း မူဝါဒအနေဖြင့် ထည့်သွင်းချမှတ်ဆောင်ရွက်စေခဲ့ခြင်းကြောင့်လည်း နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် ဘိန်းစိုက်ပျိုးဒေသများ၏ လူမှုစီးပွားရေးအခြေခံအဆောက်အအုံများကို ဦးစားပေးတည်ဆောက်ပေးခဲ့ပါကြောင်း၊ စာရင်းဇယားများအရကြည့်မည်ဆိုလျှင် နယ်စပ်ဒေသဖွံ့ဖြိုးရေး အတွက် သုံးစွဲခဲ့သည့်

စာမျက်နှာ ၁၁ ကော်လံ ၁

အမ္ဗာရာမ တရားစခန်းဖွင့်မည်

ရန်ကုန် မတ် ၂၉

ရန်ကုန်မြို့ ကြည့်မြင်တိုင် ပန်းလှိုင်လမ်း အမ္ဗာရာမ ဝိပဿနာ ကျောင်းတိုက်၌ အမ္ဗာရာမ ဆရာတော်ကြီးများဖြစ်ကြသော ဆရာတော်အရှင် ဦးတိက္ခိန္ဒြိယ၊ ဆရာတော် ဦးတိက္ခတို့ ညွှန်ပြတော်မူခဲ့သည့် နည်းအတိုင်း သတိပဋ္ဌာန်ဝိပဿနာ တရားတော်ကို ဧပြီ ၁ရက်မှစ၍ သင်္ကြန်ရက်အတွင်း ခုနစ်ရက် တရားစခန်း ဖွင့်လှစ်၍ တရားအားထုတ်ကြ မည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

သားငါးပွံ့ဖြိုး ပြည်အကျိုး

စွမ်းရည်မြင့်မား မြန်မာအမျိုးသမီးများ

ခင်ဆွေမြင့် (မြန်မာစာ)

ရွှေဝသွား
ပါးလိုက်ကွဲ့ဆောင်ပါလေ
လွမ်းသူ့စာခွေ။
အထွေထွေ
ပါလေရဲ့မောင်မေး။
စီလို့သာကုံးရတယ်
စာလုံးတယ်မလှလေဘု
မိန်းမလက်ရေး။ ။

ကျွန်မတို့ကျောင်းသူဘဝငယ်စဉ်က စာအုပ်တိုက်များသည် ရေးကဗျာများကို စုစည်းပြီး စာအုပ်များထုတ်ဝေလေ့ရှိကြသည်။ စာအုပ်စုတတ်၊ ဝယ်တတ်သော ကျွန်မဖေဖေ၏ ကျေးဇူးကြောင့် ရေးကဗျာစာအုပ်များစွာကို ဖတ်ခဲ့ရသည်။ ရေးကဗျာများ၏ အရသာကိုလည်း ခံစားခဲ့ရသည်။ **'ရွှေဝသွား'**တြိချိုးလေးကို ဖတ်မိသောအခါတွင်မူ ကျွန်မဘဝင်မကျဖြစ်ခဲ့မိသည်။ မိန်းမလက်ရေးကျမှ မလှရတာလား၊ ယောကျ်ားလက်ရေးတိုင်းရောလှလို့လား၊ လက်ရေးလှတဲ့မိန်းမတွေအများကြီးရှိတာပဲဟူ၍ **'ရွှေဝသွား'**ကို ငယ်စိတ်ဖြင့် ကြိတ်၍ ဘဝင်မကျဖြစ်ခဲ့ဖူးသည်။

ကျွန်မတို့ မြန်မာအမျိုးသမီးများသည် လုပ်ရည်ကိုင်ရည်ဉာဏ်ရည် မြင့်မားကြသူများဖြစ်သည်။ ကျွန်မတို့နိုင်ငံ၊ ကျွန်မတို့ယဉ်ကျေးမှုအရလည်း အမျိုးသမီးများကို လေးစားကြ၊တန်ဖိုးထားကြသည်။ အမျိုးသားများနှင့် တန်းတူအခွင့်အရေး ပေးထားကြသည်။ အမျိုးသမီးများကလည်း မိမိတို့နယ်ပယ်၊ မိမိတို့အခန်းကဏ္ဍတိုင်းတွင် စွမ်းစွမ်းတမံ လုပ်ဆောင်နိုင်စွမ်းရှိကြသူများ ဖြစ်ကြသည်။

မြန်မာအမျိုးသမီးမိခင်များသည် သားသမီးများကို မွေးဖွားရုံမျှသာမက ကျွေးမွေးပြုစုခြင်း၊ ဆုံးမသွန်သင်ခြင်းများကို စဉ်ဆက်မပြတ်လုပ်ဆောင်ကြသည်။ မြန်မာမိခင်တစ်ဦးသည် မိမိအသက်ရှင်နေသမျှ ကာလပတ်လုံး မိမိသားသမီးများ အဘယ်မျှ အရွယ်ရောက်ရင့်ကျက်နေပြီဖြစ်ပါစေ သားသမီးများကို စောင့်ရှောက်လမ်းညွှန်ကြမြဲ ဖြစ်သည်။

"မကောင်းမြစ်ထား၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ၊ ပေးဝေနှီးရင်း၊ ထိမ်းမြားခြင်းလျှင် ဝတ်ငါးအင်၊ ဖခင်မယ်တို့တာ"

ဟူသော ဗုဒ္ဓ၏ဩဝါဒကို ခံယူကြသည်။

"လက်ဦးဆရာ၊ မည်ထိုက်စွာသည် ပုဗ္ဗာစရိယ၊ မိနှင့်ဖ"

ဟူသော ရှေးဆရာတို့၏ အဆိုအမိန့်ကိုလည်း လိုက်နာကြသည်။

"ပုခက်လွှဲသောလက်သည် ကမ္ဘာကိုစိုးမိုးနိုင်သည်"

ဟူသော ဆိုရိုးစကားကိုလည်း လက်ခံကြသူများဖြစ်ကြသည်။ မြန်မာ့လူဘောင်တွင် မိခင်ကိုအတိုင်းမသိ ကျေးဇူးရှိသူအဖြစ် အနန္တော အနန္တ ငါးပါးတွင် ထည့်သွင်း၍လည်း အလေးအမြတ်ပြုကြသည်။

စင်စစ်အားဖြင့် မြန်မာမိသားစုများတွင် မိခင်ကသာ မိသားစုတာဝန်ကို ယူသူမဟုတ်ပါချေ။ အဘွား၊အဒေါ်၊မိကြီးမိလေးများပင် ဖြစ်ကြသော အမျိုးသမီးများသည်လည်း အဘွားနေရာ၊ အဒေါ်နေရာ၊ မိကြီးမိလေးနေရာများမှနေ၍ မိသားစုတာဝန်၊ အိမ်မှုကိစ္စတာဝန်များကို ယူလေ့ရှိကြသည်။

အိမ်ထောင့်တာဝန် ထမ်းဆောင်ရာတွင်လည်း **"မောင်တစ်ထမ်း၊ မယ်တစ်ရွက်"**ဟူသောစကားကိုစွဲကိုင်၍ ခင်ပွန်းသည်ကိုကူညီပြီး စီးပွားရှာတတ်ကြသည်။ ဈေးများတွင် အမျိုးသမီးဈေးသည်ဦးရေက ရာခိုင်နှုန်း အလွန်များသည်ကို သတိပြုမိကြပါလိမ့်မည်။

အိမ်ရှင်မသည် စီးပွားရှာရ၍ဖြစ်စေ၊ အိမ်ထောင်ကြီး၍ဖြစ်စေ ကူဖော်လောင်ဖက်လိုအပ်သောအခါတွင်လည်း အမျိုးသမီးများကိုသာ ငှားရမ်းကြရသည်။ ယင်းသို့သော အခြေခံအလုပ်လုပ်သူများမှစပြီး ကုန်သည်ကြီးများ၊ ကုမ္ပဏီ ပိုင်ရှင်ကြီးများ၊ စီးပွားရေးလုပ်ငန်းရှင်ကြီးများအထိ မြန်မာအမျိုးသမီး အမြောက်အမြား ပါဝင်လုပ်ကိုင်နေကြသည်ကို တွေ့နိုင်သည်။

နိုင်ငံ့ဝန်ထမ်းနယ်ပယ်တွင်လည်း ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဆရာဝန်ကြီးများ၊ ပါမောက္ခများ၊ ကျောင်းအုပ်ဆရာမကြီးများ၊ စီးပွားရေးပညာရှင်များ၊ ဥပဒေပညာရှင်များစသည့် အမျိုးသမီးများစွာ တွေ့ရှိရသည်။ မြန်မာအမျိုးသမီးများသည် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးစသော နယ်ပယ်အသီးသီးတွင် အစွမ်းထက်မြက်ကြသူများ ဖြစ်သည်။

မြန်မာအမျိုးသမီးများ၏ အရည်အသွေး တောက်ပြောင်ထက်မြက်မှုသည် သမိုင်းနှင့်ချီ၍ ပေါ်ထွန်းလာခဲ့ခြင်းပင်ဖြစ်သည်။

လွန်ခဲ့သော နှစ်ပေါင်းတစ်ထောင်ခန့်ကစ၍ ခမ်းနားကြီးကျယ်ခဲ့သော ပုဂံခေတ်တွင် တိုင်းရေးပြည်ရေး၊ သာသနာရေး၊ ထီးရေးနန်းရေး၊ မိသားစုရေးများစသည်တို့တွင် အလွန်ထက်မြက်ထင်ရှားသော ပုဂံသူအမျိုးသမီးများ များစွာရှိခဲ့သည်။ သိဃ်သူ့သမီး၊ ညောင်ရမ်းကြီးသမီးတို့သည် တရားပြည့်ဝနှလုံးလှသူများအဖြစ် ထင်ရှားခဲ့ကြသည်။ နရသီဟပတေ့မင်း၏ မိဖုရားကြီးတစ်ပါးဖြစ်သော မိဖုရားစောကို မင်းကြီး၏ အမျက်မာန်စောင် ပါးလျားအောင် ဖျောင်းဖျနားချနိုင်သူ၊ အကြံကောင်းဉာဏ်ကောင်းများပေးနိုင်သူအဖြစ် မြန်မာရာဇဝင်ကျမ်းများတွင် အလေးအမြတ်ထား ဖော်ပြကြသည်။

ပုဂံခေတ်၏ တရားစီရင်နိုင်ခွင့်ရှိသူ ခုနစ်ဦးတွင် ကလန်၊ သံပျင်၊ တရားသူကြီး၊ အမတ်ကြီး၊ မင်းညီမင်းသား၊ မိဖုရားခေါင်းကြီးနှင့် မင်းဧကရာဇ်တို့ပါဝင်သည်။ အမျိုးသမီးစာချီ၊ အမျိုးသမီးကလန်၊ အမျိုးသမီးသံပျင်၊ အမျိုးသမီးတရားသူကြီး၊ အမျိုးသမီးဆယ်အိမ်ခေါင်း၊ အမျိုးသမီးပြည်စိုးများလည်းရှိခဲ့သည်။ ရှေးမြန်မာအမျိုးသမီးများသည် မိမိတို့နေအိမ်တွင် မိသားစုဘဝကို စီမံခန့်ခွဲသောတာဝန်ကိုယူရုံမျှမက မိမိနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး၊ လူမှုရေးတာဝန်များကို ထမ်းဆောင်ခဲ့ကြသည်။ တစ်မျိုးသားလုံးနှင့်သက်ဆိုင်သော အရေးကိစ္စများနှင့် ကြုံကြိုက်လာသောအခါများတွင်မူ ရှေ့တန်းစစ်မြေပြင်နေရာမှာပင် ပါဝင်ဆင်နွှဲခဲ့ကြသည်။

၁၈၂၅ခုနှစ် အင်္ဂလိပ်-မြန်မာ ပထမစစ် ဝက်ထီးကန်တိုက်ပွဲတွင် ရှမ်းတိုင်းရင်းသူသုံးဦးသည် စစ်မြေပြင်၌ မြင်းကိုစီးပြီး တိုက်ပွဲဝင်ရဲမက်များကို မကြောက်မရွံ့လိုက်လံအားပေးခဲ့ကြသည်။ ဒဏ်ရာရသောရဲမက်များကိုကူညီကြသည်။ နောက်ဆုံးတွင် မျက်နှာဖြူအင်္ဂလိပ်တို့၏ ကျည်သင့်ပြီးကျဆုံးခဲ့ကြရသည်။ နိုင်ငံနှင့်လူမျိုးအတွက် ဝံ့ဝံ့စားစားအသက်စွန့်သွားကြသူများပါပေ။

ယင်းသို့ပင် ၁၈၈၅ ခုနှစ် အင်္ဂလိပ်-မြန်မာ စစ်ပွဲပြီးသည့်နောက် တစ်နိုင်ငံလုံး အုံကြွတော်လှန်ခဲ့သော နယ်ချဲ့တော်လှန်ရေးတွင်လည်း မြန်မာအမျိုးသမီးများသည် မကြောက်မရွံ့ နောက်မတွန့်ဘဲ ပါဝင်ခဲ့ကြသည်။ ကိုယ်တိုင်လက်နက်စွဲကိုင်ပြီး တိုက်ပွဲဝင်ခဲ့သော ပင်းခင်ခင်၊ စာပို့၊ ရိက္ခာပို့ သတင်းထောက်လှမ်းစသော တာဝန်များကို ထမ်းဆောင်ခဲ့သော မုံရွာခင်လေးကြီး၊ ချင်းတောင်တန်းတိုက်ပွဲတွင် အသက်စွန့်သွားခဲ့သော ချင်းတိုင်းရင်းသူ ရှစ်ဦးတို့သည် မြန်မာ့သမိုင်းတွင် မော်ကွန်းတင်ခံရသော ထက်မြက်ထင်ရှား မြန်မာအမျိုးသမီးများ ဖြစ်ကြသည်။

၁၉၀၀ပြည့်နှစ်ကျော်ကာလတွင် ဝိုင်အမ်ဘီအေ၊ ဂျီစီဘီအေ စသောအဖွဲ့အစည်းများဖွဲ့စည်းပြီး နယ်ချဲ့တို့အား နိုင်ငံရေးနည်းဖြင့် တိုက်ပွဲဝင်ကြသော အခါတွင်လည်း မြန်မာအမျိုးသမီးများသည် နိုးကြားတက်ကြွစွာ ပါဝင်ခဲ့ကြသည်။ မြန်မာနိုင်ငံအနှံ့အပြားတွင် ကုမ္မာရီအသင်းများ ဖွဲ့စည်းကြပြီး နိုင်ငံခြားပစ္စည်းမသုံးစွဲရေး၊ တိုင်းရင်းဖြစ်အထည်ဝတ်ဆင်ရေး၊ မြန်မာအမျိုးသမီးများ အထည်ရက်လုပ်တတ်ရေး၊ မြန်မာမုန့်ပဲသရေစာများကိုသာ စားသုံးရေး စသည်ဖြင့် စည်းရုံးလှုံ့ဆော်ခဲ့ကြသည်မှာ အလွန်အောင်မြင်ခဲ့သည်ဟု သိရှိရသည်။

ပညာရေးဘက်တွင်လည်း မြို့မအမျိုးသမီးကျောင်း၊ ကြည့်မြင်တိုင် အေဘီအမ်ကျောင်းတို့ကဲ့သို့ နေရှင်နယ်အမျိုးသမီးကျောင်းများကို မြန်မာတစ်ပြည်လုံးတွင် ဖွင့်လှစ်ကြပြီး မြန်မာအမျိုးသမီးများသည် နယ်ချဲ့တို့၏ ကိုလိုနီပညာရေးစနစ်ကို ဆန့်ကျင်တိုက်ခိုက်ခဲ့ကြသည်။

မြန်မာအမျိုးသမီးများသည် နယ်ချဲ့တို့၏ ကိုလိုနီအုပ်ချုပ်ရေးစနစ်ကို ဆန့်ကျင်သော တိုက်ပွဲများတွင်လည်း နိုးကြားတက်ကြွစွာ ပါဝင်ခဲ့ကြသည်။ နိုင်ငံရေးတိုက်ပွဲဝင်သောကြောင့် ဗြိတိသျှအစိုးရက ထောင်ဒဏ်တစ်လခွဲ၊ သို့မဟုတ် ဒဏ်ငွေဆောင်ရန် အမိန့်ချမှတ်သောအခါ ဒဏ်ငွေမဆောင်ဘဲ ထောင်ကျခံသော သုံးဆယ်ဒေါ်စိန်ပွင့်ကဲ့သို့သော ရဲရဲတောက်မြန်မာအမျိုးသမီးများ များစွာရှိခဲ့သည်။

သတင်းစာတိုက်များ တည်ထောင်ပြီး ကိုယ်တိုင်ဆောင်းပါးများရေးကာ နယ်ချဲ့အစိုးရကို ဆန့်ကျင်တိုက်ခိုက်ကြသော အမျိုးသမီးသတင်းစာဆရာများလည်းရှိခဲ့သည်။ သုံးဆယ်ဒေါ်ဖွားရှင်သည် သာယာဝတီသတင်းစာကို ထုတ်ဝေခဲ့သည်။ အင်ဒီပင်းဒင့် ဒေါ်စန်းကမူ အင်ဒီပင်းဒင့် သတင်းစာတိုက်ကို တည်ထောင်ပြီး မြန်မာ့နိုင်ငံရေးသာမကဘဲ ကမ္ဘာ့နိုင်ငံရေးကိုပါ ဝေဖန်သော ခေါင်းကြီးများ၊ ဆောင်းပါးများဖြင့် နယ်ချဲ့အစိုးရကို စူးစူးရှရှ ထိုးနှက်ခဲ့သည်။

တို့ဗမာအစည်းအရုံးဝင် သခင်မများဆိုလျှင်မူ လွတ်လပ်ရေးအတွက် အားနှင့်မာန်နှင့် ပါဝင်ခဲ့ကြသည်။ လွတ်လပ်ရေးအတွက် လိုအပ်လျှင် လက်နက်ကိုင်တိုက်ပွဲဝင်နိုင်ရန်အတွက် မယ့်လက်ရုံးတပ်ကိုဖွဲ့စည်းပြီး အခြေခံစစ်ပညာများကို လေ့ကျင့်သင်ကြားခဲ့ကြသည်။

အခြားတစ်ဖက်တွင်လည်း အုပ်ချုပ်ရေးယန္တရားတွင် ပါဝင်ခွင့်ရအောင် ကြိုးပမ်းခဲ့ကြသည်။ သို့ဖြင့် ဗြဋ္ဌာနအုပ်ချုပ်ရေးတွင် ဒေါ်အမာ၊ ဒေါ်မမခင် စသော အမျိုးသမီးအမတ်များ ပါဝင်လာနိုင်ကြသည်။ ဂျနီဗာကွန်ဖရင့်သို့လည်း အမ်အေဒေါ်မြစိန်နှင့် ဒေါက်တာဒေါ်စောဆတို့ တက်ရောက်နိုင်ခဲ့ကြသည်။

ဖက်ဆစ်၏ နှိပ်စက်ညှဉ်းပန်းမှုအောက်၌ လူးလိမ့်ခံခဲ့ကြရသော ခေတ်တွင်ပင် အာရှလူငယ်အစည်းအရုံးများသို့ ဝင်ရောက်ကြပြီး လူငယ်များ ကာယဗလ၊ ဉာဏဗလ၊ မိတ္တဗလ၊ စာရိတ္တဗလ၊ ဘောဂဗလ ဟူသော ဗလငါးတန် ဖွံ့ဖြိုးရေးအတွက် သွက်လက်တက်ကြွစွာ ပါဝင်လှုပ်ရှားခဲ့ကြသည်။

ဖက်ဆစ်တော်လှန်ရေး ကာလတွင်လည်း မြန်မာအမျိုးသမီးများသည် စာပို့တာဝန်၊လက်နက်နှင့်ရိက္ခာပို့တာဝန်မှအစ လျှို့ဝှက်တာဝန်အမျိုးမျိုးကို မဆုတ်မတွန့်ထမ်းဆောင်ကြခြင်းဖြင့် တော်လှန်ရေးခရီးစဉ်ကို များစွာအထောက်အကူပြုခဲ့သည်။

ဖက်ဆစ်တော်လှန်ရေးကြီး ပြီးဆုံးသည့်နောက်တွင်ပင် မြန်မာ့လွတ်လပ်ရေးအတွက် လိုအပ်က လက်နက်ကိုင်နိုင်ရန်ဆိုပြီး အမျိုးသမီးတပ်ဖွဲ့များကို ဖွဲ့စည်းခဲ့ကြသေးသည်။ လွတ်လပ်ရေးရပြီးနောက် ၁၉၅၄တွင်မူ နိုင်ငံတော်က မြန်မာ့တပ်မတော်တွင် အမျိုးသမီးတပ်ဖွဲ့ကို ဖွဲ့စည်းပေးသောအခါ တပ်မတော်တာဝန်ကိုပါ မြန်မာအမျိုးသမီးများ ပါဝင်ထမ်းဆောင်ခဲ့ကြသည်။

လွတ်လပ်ရေးခေတ်တွင်မူ မြန်မာအမျိုးသမီးများသည် စီးပွားရေးလောက၊ ပညာရေးလောက၊ လူမှုဆက်ဆံရေးလောက၊ စာပေလောကစသည်တို့တွင်ပါ တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ခဲ့ကြသည်။ ထိုမျှသာမက တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်လာပြီဖြစ်သောကြောင့် မြန်မာအမျိုးသမီးများစွာသည် နိုင်ငံ့ဝန်ထမ်းများအဖြစ် တာဝန်ထမ်းဆောင်လာကြသည်။ ဆရာဝန်များ၊ ဆရာမများ၊ တရားရေးဝန်ထမ်းများ၊ ဥပဒေဝန်ထမ်းများ၊ ကုန်သည်များ၊ ဈေးသည်များစသည်ဖြင့် ကျန်းမာရေး၊ ပညာရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး ကိစ္စရပ်များကို ခေတ်အဆက်ဆက် တာဝန်ယူခဲ့ကြသည်။

ယနေ့ခေတ်တွင် နယ်ပယ်အသီးသီး၌ ထက်မြတ်သော နိုင်ငံ့ဂုဏ်ဆောင် အမျိုးသမီးများ များစွာပေါ်ထွန်းနေပြီဖြစ်သည်။ အမျိုးသမီးအင်ဂျင်နီယာများ၏ စွမ်းပကားဖြင့် တံတားကြီးများကိုလည်း တည်ဆောက်နိုင်ခဲ့ပါပြီ။ စွမ်းရည်ထက်မြက်သော မြန်မာအမျိုးသမီးများသည် အသိပညာရှင်၊ အတတ်ပညာရှင်၊ စာပေပညာရှင်၊ အနုပညာရှင်များမှာသာမက ပညာသင်အရွယ် မိန်းကလေးငယ်များအဖြစ်နှင့်လည်း ပါဝင်လာကြသည်ကို တွေ့ရှိရသည်။ နိုင်ငံတကာအဆင့်တွင် ပါဝင်ယှဉ်ပြိုင်နိုင်ခဲ့သော ပန်းချီဆုရ၊ သင်္ချာဆုရ၊ ဗိသုကာပညာဆုရ အမျိုးသမီးငယ်များလည်း ပေါ်ထွက်နေပြီဖြစ်သည်။

အားကစားနယ်ပယ်တွင် အာရှအပြေးထူးချွန်သူ ရင်ရင်ခိုင်၊ ဂူရှူးရွှေတံဆိပ်များ ဆွတ်ခူးပေးသော ခိုင်ခိုင်မော်နှင့် ဆွေဆွေသန်း၊ ရေကူးထူးချွန်သူ မိုးသူအောင် တို့သည် နိုင်ငံ့ဂုဏ်ဆောင် မိန်းကလေးငယ်များ ဖြစ်ကြသည်။ နိုင်ငံအတွက် ရွှေတံဆိပ်များစွာယူပေးသော မြန်မာအမျိုးသမီး လှေလှော်အဖွဲ့ဆိုလျှင်မူ လှေလှော်သား ၂၂ယောက်ကို မြင်ရရုံနှင့်ပင် စိတ်အားရတက်ကြွလာရသည်။ ရေကုန်ရေခန်းအလွန်ကြိုးပမ်းသော မြန်မာအမျိုးသမီး ဘောလုံးအသင်းဆိုလျှင်လည်း မြန်မာပြည်သူတို့၏ အချစ်တော်များ ဖြစ်ကြသည်။

မြန်မာ့သမိုင်းစဉ်တစ်လျှောက်ရှိ မြန်မာအမျိုးသမီးများ၏ကဏ္ဍကို ဤမျှအနှစ်ချုပ်ကြည့်မိလျှင်ပင်စွမ်းရည်မြင့်မားသော မြန်မာအမျိုးသမီးများ၏ ပုံရိပ်ကို ပီပြင်ထင်ရှားစွာ တွေ့မြင်ကြရမည်ဖြစ်သည်။

ကျွန်မတို့နိုင်ငံတွင် မြန်မာအမျိုးသမီးများသည် သင်လိုသော ပညာကို သင်နိုင်သည်။ လုပ်လိုသော စီးပွားကုန်သွယ်လုပ်ငန်းများကို လုပ်နိုင်သည်။ ဖန်တီးလိုသော စာပေ၊ ယဉ်ကျေးမှု၊ အနုပညာရပ်များကို ဖန်တီးနိုင်သည်။ လှပ၍ သိက္ခာရှိသော မြန်မာ့ဝတ်စားဆင်ယင်မှုများ၊ သိမ်မွေ့နူးညံ့သော မြန်မာ့ယဉ်ကျေးမှု စရိုက်လက္ခဏာများဖြင့် ပေါ့ပါးပျော်ရွှင်စွာနေတတ်သော မြန်မာ့လူမှုဝန်းကျင်တွင် ပျော်ရွှင်စွာ၊ တင့်တယ်စွာ ရပ်တည်လှုပ်ရှားနိုင်ကြသည်။ ဤသို့သော မြန်မာအမျိုးသမီးများ၏ ဘဝနှင့်စွမ်းရည်များ မြင့်မားထက်မြက်လာသည်နှင့်အမျှ နိုင်ငံ့လူဦးရေ၏ ၅၀ ဒသမ ၃ ရာခိုင်နှုန်းမျှရှိသော မြန်မာအမျိုးသမီးများသည် မြန်မာ့လူ့ဘောင်၏ အမျိုးသားရေးတာဝန်များကို ထိထိရောက်ရောက် ပါဝင်ထမ်းဆောင်နိုင်လျက် ရှိနေကြပြီဖြစ်သည်။ မြန်မာအမျိုးသမီးထုတစ်ရပ်လုံး အမျိုးသမီးများဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းစွမ်းတမံဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးခြင်းဖြင့် မြန်မာအမျိုးသမီးများ၏ ဘဝလက်ရေးသည်လည်း ဝိုင်းစက်လှပလာမည်ဖြစ်သည်။ ယခုပင်လျှင်-

ရွှေဝသွား
ပါးလိုက်ကွဲ့ဆောင်ပါလေ
လွမ်းသူ့စာခွေ။
အထွေထွေ
ပါလေရဲ့မောင်မေး။
စီလို့သာကုံးလိုက်တယ်
စာလုံးတကယ်လှပါတဲ့
မိန်းမလက်ရေး။ ။

ဟူ၍ အလင်္ကာတစ်ပိုဒ်ကို အသစ်ပြင်ဆင် ရေးဖွဲ့နိုင်ပြီဖြစ်ပါသည်။ ။

ကျောင်းကုန်းမြို့နယ်အသင်း(ရန်ကုန်) ဆွမ်းဆန်စိမ်းလောင်းလှူမည်

ရန်ကုန် မတ် ၂၉

ကျောင်းကုန်းမြို့နယ်လုံးဆိုင်ရာ နှစ်(၅၀)ပြည့်ရွှေရတု ဆွမ်းဆန်စိမ်းလောင်းလှူပွဲအခမ်းအနားတွင် ကျောင်းကုန်းမြို့နယ်အသင်း(ရန်ကုန်)မှ ဆွမ်းဆန်စိမ်း လောင်းလှူပွဲသို့ ဧပြီ ၁၇ ရက်တွင် သွားရောက်၍ တစ်မြို့နယ်လုံးရှိ ကျောင်းပေါင်း ၂၀၀ အား တစ်ကျောင်းလျှင် သင်္ကန်းတင်စုံကျစီ အလှူဒါနပြုကြမည်ဖြစ်သည်။ လိုက်ပါလှူဒါန်းလိုသူ မြို့နယ်သူ မြို့နယ်သားများသည် ဧပြီ ၁၇ ရက်နံနက် ၇ နာရီတွင် ဆူးလေဘုရားလမ်း ဗဟိုမီးသတ်ရှေ့မှ ထွက်ခွာမည်ဖြစ်ပြီး ဦးမြင့်ဆန်း ဖုန်း- ၂၂၀၃၂၇၊ ဦးစောလွင် ဖုန်း-၅၃၆၈၂၇ တို့သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။ (က-ပ)

စာမျက်နှာ ၉ မှ

ရန်ပုံငွေစုစုပေါင်း၏ ၇၉ ဒသမ ၅ရာခိုင်နှုန်းကို ဘိန်းစိုက်ပျိုးမှုနှင့် ဆက်စပ်နေသည့်ဒေသများ၌ သုံးစွဲဆောင်ရွက်ပေးခဲ့သည်ကို တွေ့ရမှာဖြစ်ပါကြောင်း၊ ယင်းသို့ဆောင်ရွက်ပေးခဲ့၍လည်း နယ်စပ်ဒေသများရှိ ဘိန်းစိုက်တောင်သူများသည် အခြားစီးပွားရေး အခွင့်အလမ်းများပေါ်ပေါက်လာပြီး ဘိန်းစိုက်ပျိုးမှုအပေါ် မှီခိုအားထားမှု သိသိသာသာလျော့နည်းကျဆင်းလာသည်ကိုလည်း တွေ့ရပါကြောင်း။

ဘိန်းစိုက်ပျိုးမှု၊ ထုတ်လုပ်မှုနှင့်ပတ်သက်ပြီး မြန်မာနိုင်ငံ၏ အခြေခံစာရင်းကောက်ယူမှုအရလည်းကောင်း၊ မြန်မာနိုင်ငံနှင့် အမေရိကန်နိုင်ငံတို့ ပူးပေါင်းပြီး ဘိန်းအထွက်နှုန်း ကွင်းဆင်းတိုင်းတာမှုအပေါ် အခြေခံထုတ်ပြန်သည့် အမေရိကန်အစိုးရ၏ နှစ်စဉ်ထုတ်ပြန် ကြေညာချက်အရလည်းကောင်း၊ ဘိန်းစိုက်ပျိုးမှု တစ်နှစ်ပြီးတစ်နှစ် လျော့နည်းကျဆင်းနေသည် ဆိုသည်ကို ထုတ်ပြန်ချက်များအရ တွေ့ရပါကြောင်း၊ နိုင်ငံတကာမူးယစ်ဆေးဝါး ထိန်းချုပ်ရေးအဖွဲ့(INCB)၏ ထုတ်ပြန်ချက်အရ မြန်မာနိုင်ငံ၏ ၂၀၀၃ခုနှစ် ဘိန်းစိုက်ပျိုးမှုသည် ၄၇၁၃၀ ဟက်တာဖြစ်သည့်အတွက် ၁၉၉၆ ခုနှစ်က ဘိန်းစိုက်ပျိုးမှု ၁၆၃၀၀၀ ဟက်တာနှင့်နှိုင်းစာလျှင် သုံးပုံနှစ်ပုံ လျော့နည်းကျဆင်းသွားသည်ကို တွေ့ရပါကြောင်း၊ နိုင်ငံတကာအဖွဲ့အစည်းများ၏ ထုတ်ပြန်ချက်များတွင် တစ်ခုနှင့်တစ်ခု အနည်းငယ်ကွာခြားမှုရှိသော်လည်း ဤကာလအတွင်း မြန်မာနိုင်ငံ၏ ဘိန်းစိုက်ပျိုးထုတ်လုပ်မှုသည် သိသိသာသာလျော့နည်း ကျဆင်းသွားသည်ဆိုသည်ကို နိုင်ငံတကာအဖွဲ့အစည်းများကနေပြီး ကိန်းဂဏန်းများဖြင့် ဖော်ပြပေးကြသည်ကို တွေ့ရပါကြောင်း။

ပန်းတိုင်သစ်စီမံချက်

မူးယစ်ဆေးဝါး ကျဆင်းပပျောက်ရေးအတွက် ယခင်က ဘိန်းခင်းများကို လေယာဉ်ဖြင့် ဆေးဖျန်းဖျက်ဆီးခြင်း၊ စစ်ဆင်ရေးကြီးများဖြင့် တားဆီးနှိမ်နင်းဖျက်ဆီးခြင်းလုပ်ငန်းများကို ပြင်းပြင်းထန်ထန် ပြုလုပ်ခဲ့သော်လည်း ဘိန်းစိုက်ပျိုးထုတ်လုပ်မှု သိသိသာသာလျော့နည်းကျဆင်းမှု မရှိသည်ကို တွေ့ရပါကြောင်း၊ ယခုကာလမှာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ပေးသည့်အခါ၌ ဒေသဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ဘိန်းအစားထိုးစိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းနှင့် အခြားစီးပွားရေးအခွင့်အလမ်းများပေါ်ပေါက်လာသည်ကိုတွေ့ရပါကြောင်း၊ ထို့အပြင် နယ်စပ်ဒေသ တိုင်းရင်းသားများအကြား မူးယစ်ဆေးဝါး၏ ဆိုးကျိုးကို အသိပညာပေးနိုင်သည့်အခွင့်အလမ်းများ ပိုမိုရရှိလာခြင်းကြောင့် ဘိန်းစိုက်ပျိုးထုတ်လုပ်မှုသည် သိသိသာသာ လျော့နည်းကျဆင်းနေပြီဖြစ်ပါကြောင်း၊ ဘိန်းပပျောက်ရေး ၁၅နှစ်စီမံကိန်းနှင့် ပန်းတိုင်သစ်စီမံချက်တို့ကို ဖြည့်စွက်ပြီး ဆောင်ရွက်နေသည့်အတွက် ဘိန်းသိသိသာသာကျဆင်းမှုများ ဖြစ်ပေါ်လာသည်ကို တွေ့ရပါကြောင်း၊ ဘိန်းစိုက်ပျိုးမှုလျော့နည်းပပျောက်ရေးကို အရှိန်အဟုန်ဖြင့်ဆောင်ရွက်နိုင်ခဲ့သည့်အတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနတို့က ဒုတိယဝန်ကြီးလေးဦး ဦးဆောင်သည့် Task Forceအဖြစ် ဖွဲ့စည်းပေးပြီး ဘိန်းအစားထိုးစိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို ကွင်းဆင်းကြီးကြပ်ပြီး အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

ကုလသမဂ္ဂအဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် ကုလသမဂ္ဂ မူးယစ်ဆေးဝါးအနေဖြင့် မှုခင်းဆိုင်ရာရုံး(UNODC)နှင့် မူးယစ်ဗဟိုပူးပေါင်းဆောင်ရွက်လျက်ရှိသည့်‘ဝ’ဒေသ အခြားနည်းဖြင့် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (Wa Alternative Development Project–WADP) စီမံကိန်းကို UNODCထည့်ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၁ဒသမ ၆၂၃ သန်းဖြင့် ၁၉၉၈ ခုနှစ်မှ ၂၀၀၅ခုနှစ်အတွင်း ‘ဝ’ဒေသ(တောင်ပိုင်း) မိုင်းပေါက်မြို့နယ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အထူးသဖြင့် ပညာရေး၊ ကျန်းမာရေး၊ စားနပ်ရိက္ခာဖူလုံရေး၊ လူထုဖွံ့ဖြိုးရေး၊ အစားထိုးဝင်ငွေရရှိရေး၊ မူးယစ်ဆေးဝါးနှင့် AIDSရောဂါ အသိပညာပေးရေး၊ အခြေခံအဆောက်အအုံ တည်ဆောက်ရေး၊ ဘိန်းစိုက်ပျိုးမှု စောင့်ကြည့်လေ့လာရေးနှင့် အကဲဖြတ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း။

ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်(WFP)အနေဖြင့် ၂၀၀၃ခုနှစ် စက်တင်ဘာလမှ ဒီဇင်ဘာလအတွင်း ကိုးကန့်ဒေသ ဘိန်းမစိုက်ပျိုးသော တောင်သူများအား ဆန်တန်ချိန် ၇၆၀ကို ထောက်ပံ့ပေးခဲ့ကြောင်း၊ ဆန်များကို ကုန်းကြမ်းမြို့နယ် ရောက်ကိုင်နှင့် တာရွှေထန်တွင် ကျေးရွာအရောက် သယ်ယူထောက်ပံ့ပေးခဲ့ပြီး သယ်ယူစရိတ်နှင့် ဆန်ဖိုးအပါအဝင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၉၉ သိန်း သုံးစွဲခဲ့ပါကြောင်း၊ WFP မှ ဒုတိယအဆင့်အနေဖြင့် ၂၀၀၄ ခုနှစ် ဧပြီလမှ ၂၀၀၅ခုနှစ် မတ်လကုန်အထိ ဆန်တန်ချိန်၉၈၅၅တန်ကို ကိုးကန့်၊ ‘ဝ’၊ ကောင်းခါး၊ မုံးကိုး၊ ဖောင်းဆိုင်၊ တာမိုးညဲ၊ မန်တုံ၊ မန်ပန်ဒေသအတွင်းတွင် Food for Work နှင့် School Feedingအစီအစဉ်များဖြင့် ဖြန့်ဝေပေးသွားရန် စီစဉ်ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ စရိတ်စကအပါအဝင် အမေရိကန်ဒေါ်လာ ၃ဒသမ၆သန်း အကုန်ကျခံ ထောက်ပံ့သွားမည်ဟု သိရပါကြောင်း။

ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် လူ့စွမ်းရည်ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း အဆင့်(၄) HDI Phase IV မှ ဝေးလံမြို့နယ်များ ဖွံ့ဖြိုးမှုစီမံကိန်း CDRT Project ကို UNDP ထည့်ဝင်ငွေ အမေရိကန်ဒေါ်လာ ၅ဒသမ၅သန်းဖြင့် ၂၀၀၂ခုနှစ် ဒီဇင်ဘာလမှ ၂၀၀၅ခုနှစ် ဖေဖော်ဝါရီလအထိ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါ စီမံကိန်းကို မြစ်ကြီးနား၊ ဝိုင်းမော်၊ တနိုင်း၊ ဟားခါး၊ ဖလမ်း၊ တီးတိန်၊ ထန်တလန်၊ ပလက်ဝ၊ ကျောက်တော်၊ မြောက်ဦး၊ မင်းပြား၊ ဘူးသီးတောင်၊ မောင်တောမြို့နယ်များတွင် ပညာရေး၊ ကျန်းမာရေး၊ စားနပ်ရိက္ခာဖူလုံရေး၊ ဝင်ငွေတိုးပွားရရှိရေး၊ ရေကောင်းရေသန့်ရရှိရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သစ်တောပြုန်းတီးမှုကာကွယ်ရေးနှင့် AIDS ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိနေပါကြောင်း။

ဂျပန်နိုင်ငံ Nippon Foundationအနေဖြင့်လည်း အမေရိကန်ဒေါ်လာ သုံးသန်း အထောက်အပံ့ဖြင့် ရှမ်းပြည်နယ်အတွင်း စာသင်ကျောင်း ၁၀၀ ဆောက်လုပ်လှူဒါန်းရေးစီမံကိန်းကို နတလနှင့် ဂျပန် NGOစေတနာအဖွဲ့က ၂၀၀၂ခုနှစ်မှ ၂၀၀၇ခုနှစ်အထိ ငါးနှစ်စီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၀၂မှ ၂၀၀၃ခုနှစ်အတွင်း ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ၁၄ကျောင်းနှင့် (တောင်ပိုင်း)တွင် ၂၆ကျောင်း စုစုပေါင်း ကျောင်း၄၀ ဆောက်လုပ်ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ၂၀၀၄ခုနှစ်တွင် ကျောင်း၂၀ ထပ်မံဆောက်လုပ်ရန် ညှိနှိုင်းဆောင်ရွက်နေပြီဖြစ်ပါကြောင်း။

ဆက်လက်အကောင်အထည်ဖော်

နိဂုံးချုပ်အနေဖြင့် တင်ပြလိုသည်မှာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကို ဗဟိုကော်မတီက ချမှတ်ပေးသည့် မူဝါဒလမ်းညွှန်ချက်များအတိုင်း လုပ်ငန်းကော်မတီ၏ ကြီးကြပ်မှုနှင့် ဝန်ကြီးဌာနများ၊ ဒေသဆိုင်ရာလုပ်ငန်းကော်မတီများ၊ လုပ်ငန်းဆပ်ကော်မတီများက ဒေသခံတိုင်းရင်းသားခေါင်းဆောင်များ၊ ပြည်သူများနှင့် ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်နိုင်မှုကြောင့် မြန်မာနိုင်ငံနယ်စပ်ဒေသများ၏ လူမှုစီးပွားရေး အခြေခံအဆောက်အအုံများ သိသိသာသာ ဖြစ်ပေါ်တိုးတက်ပြောင်းလဲလာသည်ကိုလည်း တွေ့မြင်နေရကြောင်း၊ ဤကဲ့သို့ နယ်စပ်ဒေသများ၏ လူမှုစီးပွားရေး အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်လာခြင်းကြောင့်လည်း မြန်မာနိုင်ငံ၏ ဒေသအသီးသီးက တိုင်းရင်းသားပြည်သူများသည် အပြန်အလှန်ကူးလူးဆက်သွယ်မှုများ များပြားလာပြီး တစ်ဦးနှင့်တစ်ဦး ရင်းနှီးချစ်ကြည်မှု၊ ယုံကြည်ကိုးစားလေးစားမှု ပိုမိုမြင့်မားလာသည်ကိုလည်း အားရဖွယ်ရာ တွေ့မြင်နေရပြီဖြစ်ကြောင်း၊ လုပ်ငန်းကော်မတီအနေဖြင့် ဗဟိုကော်မတီ၏ ယခင်အစည်းအဝေးများနှင့် ယခုအစည်းအဝေးတွင် ချမှတ်ပေးသည့် မူဝါဒဆိုင်ရာလမ်းညွှန်ချက်များကို ဆက်လက်၍ အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် တင်ပြသွားသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီး ဖေငြိမ်း နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ အစည်းအဝေး အမှတ်စဉ် (၁/၂၀၀၄) တွင် အခမ်းအနားမှူးအဖြစ် ဆောင်ရွက်စဉ်။ (သတင်းစဉ်)

ရှင်းလင်းတင်ပြ

ဆက်လက်၍ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးဗဟိုကော်မတီ အတွင်းရေးမှူး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းက နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီအစည်းအဝေးဆုံးဖြတ်ချက်များ အကောင်အထည်ဖော်မှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ၏ လမ်းညွှန်ချက်များနှင့်အညီ နယ်စပ်ဒေသနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို နယ်စပ်ဒေသများနှင့်ထိစပ်နေသည့် ပြည်နယ်ခုနစ်ခုနှင့် တိုင်းနှစ်ခုအတွင်းမှ မြို့နယ် ၆၈မြို့နယ်၌ ၁၉၈၉ခုနှစ်မှစတင်ပြီး အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုဆိုလျှင် ၁၅နှစ်ကာလ ရှိပြီဖြစ်ပါကြောင်း။

ပြီးခဲ့သည့် ဗဟိုကော်မတီအစည်းအဝေးတွင် နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ရရှိလာပြီဖြစ်သည်နှင့်အညီ အခြားဖွံ့ဖြိုးတိုးတက်နေသည့် နယ်မြေဒေသများကဲ့သို့ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာများ ဆောင်ရွက်ရန် လမ်းညွှန်ချက်နှင့်အညီ ဖွဲ့စည်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

ပညာရေးနှင့် ကျန်းမာရေးကဏ္ဍတွင် အထက်တန်း၊ အလယ်တန်းကျောင်းများ၊ တိုက်နယ်ဆေးရုံများ၊ ကျေးလက်ကျန်းမာရေးဌာနများကို ဒေသ၏ လိုအပ်ချက်များအပေါ်မူတည်ပြီး ဖြည့်ဆည်းတည်ဆောက်ပေးရန် ဟူသည့် လမ်းညွှန်ချက်နှင့်စပ်လျဉ်း၍ ၂၉-၂-၂၀၀၄ရက်အထိ အထက ၆၅ ကျောင်း၊ အလက ၅၈ ကျောင်း၊ အမက ၆၄၄ ကျောင်း ဖွင့်လှစ်နိုင်ခဲ့ပြီး ဖြစ်ပါကြောင်း၊ သင်ကြားရေးဝန်ထမ်း ၃၀၈၃ဦးဖြင့် အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် ကျောင်းသားကျောင်းသူ စုစုပေါင်း ၁၀၈၆၂၁ဦး ပညာသင်ကြားနိုင်လျက်ရှိပါကြောင်း။

အလားတူ ကျန်းမာရေးလုပ်ငန်းတွင်လည်း ၂၉-၂-၂၀၀၄ရက်အထိ ဆေးရုံ ၅၄ ရုံ၊ ဆေးပေးခန်း ၈၁ ခန်း၊ ကျေးလက်ကျန်းမာရေးဌာန ၃၂ ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၅၂ ခု အထိ တိုးချဲ့ဖွင့်လှစ်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

နယ်စပ်ဒေသများ၌ ရွှေ့ပြောင်းတောင်ယာစနစ် ကျင့်သုံးနေသော တောင်သူများအတွက် လှေကားထစ် တောင်ယာစနစ်၊ တစ်နည်းအားဖြင့် ကုန်းမြင့်လယ်ယာစနစ် ထူထောင်ဆောင်ရွက်ရေးနှင့်စပ်လျဉ်း၍ စီမံကိန်းစတင်ဆောင်ရွက်သည့်အချိန်မှ ၁၈-၃-၂၀၀၄ရက်အထိ ဌာနအစီအစဉ်ဖြင့် ၃၈၇၆ ဒသမ ၁၂ဧက၊ တောင်သူအစီအစဉ်ဖြင့် ၃၄၅၀ ဒသမ ၂၈ ဧက စုစုပေါင်း ၇၃၂၆ ဒသမ ၄၀ ဧကကို ကုန်းမြင့်လယ်ယာများအဖြစ် ဖော်ထုတ်ပြီး ဖြစ်ပါကြောင်း။

နယ်စပ်ဒေသများတွင် စီမံခန့်ခွဲရေး၊ စီးပွားရေး၊ လူမှုရေးကိစ္စများကို ပြည်သူများအတွက် ပြည့်ပြည့်ဝဝ ထိရောက်ထက်မြက်စွာ ဆောင်ရွက်ပေးနိုင်စေရန် လိုအပ်သည့် ပြည်နယ်နှင့် တိုင်းများ၌ ဌာနဆိုင်ရာရုံးများ၊ ကျောင်းများ၊ ဆေးရုံများကို ဖွင့်လှစ်ဖွဲ့စည်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ထူးခြားသည့် နယ်မြေအခြေအနေအရ တချို့ဒေသများတွင် အခြေခံပညာအထက်တန်းကျောင်းတစ်ကျောင်းအပြင် အခြေခံပညာအလယ်တန်းကျောင်းတစ်ကျောင်း သို့မဟုတ် နှစ်ကျောင်း ဖွင့်လှစ်ရန် လမ်းညွှန်ချက်နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်က နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ကုန်းမြင့်ဒေသ လယ်ယာမြေဖော်ထုတ်ခြင်းလုပ်ငန်းကို ရည်ရွယ်ချက်ငါးရပ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ ကုန်းမြင့်ဒေသလယ်ယာမြေဖော်ထုတ်ရေးလုပ်ငန်းများဆောင်ရွက်ရန် ဒေသများလျာထားခဲ့မှု၊ လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ရန် ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများ ဖွဲ့စည်း၍ ဆောင်ရွက်နေမှု၊ စက်ယန္တရားလိုအပ်ချက်နှင့် ဖြည့်ဆည်းရရှိမှု၊ စက်ယန္တရားများ ဖြန့်ခွဲထားရှိမှု၊ ဝန်ထမ်းအင်အားနှင့် ကုန်းမြင့်လယ်ယာမြေဖော်ထုတ်ရေးအစီအစဉ်၊ ကုန်းမြင့်လယ်ယာမြေဖော်ထုတ်မည့် ပမာဏ၊ ကုန်းမြင့်လယ်ယာမြေ ဖော်ထုတ်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က ရွှေ့ပြောင်းတောင်ယာစနစ်ကြောင့် ဖြစ်ပေါ်လာသည့် ပြုန်းတီးသစ်တောများအား စနစ်တကျ ပြုစုထိန်းသိမ်းသွားမည့် လုပ်ငန်းရည်ရွယ်ချက်များ၊ ရွှေ့ပြောင်းတောင်ယာစနစ် ပပျောက်ရေးလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ကော်မတီများ ဖွဲ့စည်းဆောင်ရွက်နေမှုများ၊ ၂၀၀၃-၂၀၀၄ခုနှစ်အတွင်း လုပ်ငန်းဆောင်ရွက်နိုင်မှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်က ဒေသအလိုက် အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ပေးနေမှုများနှင့်ပတ်သက်၍ အကောင်အထည်ဖော်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က မဟာဗျူဟာလမ်းများ တည်ဆောက်ထိန်းသိမ်းမှုနှင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို လမ်းညွှန်ပြီး နိဂုံးချုပ် အမှာစကားပြောကြားရာတွင်–

ရည်မှန်းချက်ထားဆောင်ရွက်

နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများသည် တိကျခိုင်မာသော မျှော်မှန်းချက်များဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေသည့်လုပ်ငန်းများ ဖြစ်သည့်အားလျော်စွာ လုပ်ငန်းများ အကောင်အထည်ပေါ် ဖြစ်ထွန်းသည့်အထိ အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ လုပ်ငန်းများ တစ်နှစ်ထက်တစ်နှစ် တိုးတက်အောင်မြင်စေရအောင် ရည်မှန်းချက်ထား ဆောင်ရွက်ကြရန်လည်းလိုကြောင်း။

နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ စဉ်ဆက်မပြတ် ဖြစ်ထွန်းနေစေရအောင်လည်း ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

နယ်စပ်ဒေသနေ တိုင်းရင်းသားများ ဆင်းရဲနွမ်းပါးမှု လျော့နည်းပပျောက်ရေး၊ စီးပွားရေးဘဝ တိုးတက်ဖြစ်ထွန်းရေးအတွက် ဆောင်ရွက်နေသည့် ကုန်းမြင့်လယ်ယာစနစ် ပီပီပြင်ပြင် အကောင်အထည်ပေါ် ဖြစ်ထွန်းလာစေရအောင် ဆက်လက် ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

အခြေခံကောင်းများထူထောင်

တောင်ယာများ ရွှေ့ပြောင်းစိုက်ပျိုးမှု၊ အချို့ဒေသများတွင် ဘိန်းရွှေ့ပြောင်းစိုက်ပျိုးမှု လုံးဝပပျောက်စေရအောင် စီမံဆောင်ရွက်ရန် လိုကြောင်း၊ ရွှေ့ပြောင်းစိုက်ပျိုးနေသည့် တိုင်းရင်းသားများကို အိမ်ခြေယာခြေ အခြေတကျဖြစ်အောင် ကုန်းမြင့်လယ်ယာစိုက်ပျိုးမြေများ ဖော်ထုတ်လုပ်ကိုင်စေခြင်း၊ ပညာရေး၊ ကျန်းမာရေး အခြေခံများထူထောင်ပေးခြင်းတို့ ဖြည့်ဆည်းဆောင်ရွက်ပေးကြရန် မှာကြားလိုကြောင်း။

နယ်စပ်ဒေသဖွံ့ဖြိုးရေး အစီအမံများတွင် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးကဏ္ဍများ သိသာစွာ တိုးတက်ဖြစ်ထွန်းလာပြီဖြစ်ရာ လမ်းပန်းဆက်သွယ်မှုတိုးတက်ကောင်းမွန်ရေးကို တိုးမြှင့်ဆောင်ရွက်ပေးရန်လိုကြောင်း။

ပိုမိုတိုးတက်မြန်ဆန်လာမည်

လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်လာသည်နှင့်အမျှ ဖွံ့ဖြိုးမှုနောက်ကျနေသောဒေသများနှင့် ဖွံ့ဖြိုးပြီးဒေသများ ဆက်စပ်ပေါင်းစည်းမိပြီး ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန် ပိုမိုတိုးတက် မြန်ဆန်လာမှာဖြစ်ကြောင်း။

သို့ဖြစ်၍ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ရည်မှန်းချက်နှင့်အညီ အောင်မြင်ဖြစ်ထွန်းရေးအတွက် ဖွံ့ဖြိုးရေးနှင့်စည်းရုံးရေး တွဲဖက်ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

(၅၉)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြု မော်လမြိုင် ကတိုးတိုက်နယ်ပြည်သူ့ဆေးရုံဖွင့်လှစ်

ရန်ကုန် မတ် ၂၉

(၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုဖွင့်လှစ်သည့် မွန်ပြည်နယ် မော်လမြိုင်မြို့မှ အလှူရှင်ဦးတင်လှနှင့် ဇနီးဒေါ်ကျင်ငွေမိသားစုက ဆောက်လုပ်လှူဒါန်းသော ကတိုးတိုက်နယ်ပြည်သူ့ ဆေးရုံဖွင့်ပွဲ အခမ်းအနားကို မတ် ၂၆ရက် မွန်းတည့် ၁၂နာရီက အဆိုပါ ကျေးရွာ တိုက်နယ်ပြည်သူ့ဆေးရုံရှေ့၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှဒုတိယ ဗိုလ်ချုပ်ကြီးမောင်ဘိုတက်ရောက်ချီးမြှင့်သည်။

ရှေးဦးစွာ အလှူရှင်ဦးတင်လှနှင့် တာဝန်ရှိသူများက ကတိုးတိုက်နယ် ပြည်သူ့ဆေးရုံဖွင့်ပွဲ အထိမ်းအမှတ်အလံကို ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ ဝန်ကြီးဗိုလ်မှူးချုပ်အုန်းမြင့်နှင့် တာဝန်ရှိသူတို့အား ပေးအပ်ကြသည်။

ဖွင့်လှစ်ပေး

ယင်းနောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးဗိုလ်မှူးချုပ်အုန်းမြင့်၊ ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင်စိုးမိုးနိုင်နှင့် အလှူရှင်ဦးတင်လှ၊ ဇနီး ဒေါ်ကျင်ငွေတို့က ကတိုးတိုက်နယ် ပြည်သူ့ဆေးရုံကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က တိုက်နယ်ပြည်သူ့ဆေးရုံ ဆိုင်းဘုတ်ကိုလည်းကောင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက တိုက်နယ် ပြည်သူ့ဆေးရုံ ကမ္ပည်းမော်ကွန်း ကျောက်စာကိုလည်းကောင်း စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်နှင့် အလှူရှင်တို့က တိုက်နယ်ပြည်သူ့ဆေးရုံ ကမ္ပည်းမော်ကွန်း ကျောက်စာအပေါ် အမွှေးနံ့သာရည်တို့ဖြင့် ပက်ဖျန်းပေးကြသည်။

လှည့်လည်စစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် ကတိုးတိုက်နယ်ပြည်သူ့ဆေးရုံ အမျိုးသား၊ အမျိုးသမီးလူနာခန်းများ၊ ခွဲစိတ်ခန်း နှင့် ဆေးသိုလှောင်ခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

လက်ခံရယူ

ယင်းနောက် ဖွင့်ပွဲအခမ်းအနား အစီအစဉ်ကို ဆေးရုံအစည်းအဝေး ခန်းမ၌ ဆက်လက်ကျင်းပရာ ရှေးဦးစွာ ကတိုးတိုက်နယ်ပြည်သူ့ဆေးရုံ နှင့်သက်ဆိုင်သည့် စာရွက်စာတမ်း များကို အလှူရှင်ဦးတင်လှက ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ရာ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူး(ကုသရေး)ဒေါက်တာ ဦးတင်ဝင်းမောင်က လက်ခံရယူသည်။

ဆက်လက်၍ တိုက်နယ်ပြည်သူ့ဆေးရုံ ဆေးပဒေသာပင်စိုက်ထူရန်အတွက် ဦးလှထွန်း-ဒေါ်တင်လှ မိသားစုက ငွေကျပ် ငါးသိန်း၊ ဦးသောင်းဇော်-ဒေါ်ငွေညွှန့် မိသားစုက ငွေကျပ် သုံးသိန်း၊ မွန်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကငွေကျပ်သုံးသိန်း၊ဦးတင်လှ-ဒေါ်ကျင်ငွေ မိသားစုက ငွေကျပ်သုံးသိန်း၊ ကတိုး မဟာရင် ကျောင်းတိုက်

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို မော်လမြိုင်မြို့နယ် ကတိုးတိုက်နယ် ပြည်သူ့ဆေးရုံကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

စာချဆရာတော် ဦးနန္ဒကိုယ်စားဒါယကာတစ်ဦးက ငွေကျပ် တစ်သိန်းအပါအဝင် အလှူရှင်များက စုစုပေါင်း ငွေကျပ် ၂၇၄၅၀၀၀ကို ပေးအပ်လှူဒါန်းကြရာ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊တိုင်းမှူးဗိုလ်ချုပ်သူရ မြင့်အောင်၊ ဝန်ကြီးဗိုလ်မှူးချုပ် အုန်းမြင့်နှင့် တာဝန်ရှိသူတို့က လက်ခံရယူကြသည်။

ယနေ့ ဖွင့်လှစ်လိုက်သည့် ကတိုးတိုက်နယ်ပြည်သူ့ဆေးရုံကို မော်လမြိုင်မြို့မှ အလှူရှင် ဦးတင်လှ-ဒေါ်ကျင်ငွေ မိသားစုက ငွေကျပ်သိန်း ၆၅၀အကုန်အကျခံကာ ဆောက်လုပ်လှူဒါန်းလွှဲပြောင်းဖွင့်လှစ်ခြင်း ဖြစ်ကြောင်း သိရသည်။

ထို့နောက်သတ္တုတွင်းဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က ကော့နှပ်ကျေးရွာ ပရိယတ္တိစာသင်တိုက် ပရဝဏ်ရှိ သာသနိကအဆောက် အအုံများ ရှေးမူမပျက် ထိန်းသိမ်းပြု ပြင်မွမ်းမံရန်အတွက် အလှူရှင်များ စုပေါင်းလှူဒါန်းထားသော အလှူငွေ ကျပ်သိန်း ၃၀ကို မော်လမြိုင်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစိုးသိန်းထံ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက် ထွက်ခွာကြရာ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည် ရောက်ရှိကြသည်။ **(သတင်းစဉ်)**

(၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုဖွင့်လှစ်သည့် မော်လမြိုင်မြို့နယ် ကတိုးတိုက်နယ် ပြည်သူ့ဆေးရုံကို မတ် ၂၆ ရက်က တွေ့ရစဉ်။ (သတင်းစဉ်)

သံလွင်တံတား(မော်လမြိုင်)မှဝန်ထမ်းများ ဝန်ကြီးဗိုလ်ချုပ်စောထွန်းတွေ့ဆုံ ရန်ကုန်-မြိတ်လမ်း၏ သထုံ-မုတ္တမအပိုင်း လုပ်ငန်းဆောင်ရွက်မှုစစ်ဆေး

ရန်ကုန် မတ် ၂၉

(၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံ၌ တည်ဆောက်ထားသော တံတားများအနက် အရှည်ဆုံးနှင့် အကောင်းဆုံးတံတားတစ်စင်းဖြစ်သည့် သံလွင်တံတား(မော်လမြိုင်)နှင့် ပင်မတံတား နောက်ဆုံးသံပေါင်တပ်ဆင်ခြင်းအတွက် ပါဝင်ဆောင်ရွက်ခဲ့သော အင်ဂျင်နီယာများ၊ ဆောက်လုပ်ရေး ဝန်ထမ်းများအား ဆောက်လုပ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက မတ်၂၇ရက်က မုတ္တမဘက်ကမ်းရှိ တံတားတည်ဆောက်ရေး ရှင်းလင်းဆောင်၌ ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ရှေးဦးစွာ ဝန်ကြီးအား အင်ဂျင်နီယာမှူး ဦးမျိုးဝင်းက မြို့ပြအင်ဂျင်နီယာများ၊ လျှပ်စစ် အင်ဂျင်နီယာများ၊ ရေသန့်အင်ဂျင်နီယာများ၊ ယန္တရား အင်ဂျင်နီယာများ၊ ကျွမ်းကျင်သူ ဝန်ထမ်းများအား မုတ္တမဘက်ကမ်း၌ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များတွင် တာဝန်ခွဲဝေချထားမှု အခြေအနေကို လည်းကောင်း၊ အင်ဂျင်နီယာမှူး ဦးတင့်လွင်က မော်လမြိုင်ဘက်ကမ်းလုပ်ငန်းများနှင့်ပတ်သက်၍ လည်းကောင်း ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက ယခု သံလွင်တံတား (မော်လမြိုင်)၏ ပင်မတံတား၏ နောက်ဆုံးသံပေါင်ကို သတ်မှတ်ချိန် ထက်စော၍ တပ်ဆင်ပြီးစီးမှုအတွက် နိုင်ငံတော် အနေနှင့်ရော ဆောက်လုပ်ရေး ဝန်ကြီးဌာနအတွက်ပါ အထူး ဂုဏ်ယူမိကြောင်း၊ တံတားကြီးသည် တစ်ရက်စောပြီးပါက တစ်ရက်စော၍ ပြည်သူအားလုံး အသုံးပြုနိုင်မည်ဖြစ်၍ အမြန်ဆုံးဖွင့်လှစ်နိုင်အောင် အားသွန်ခွန်စိုက် ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း၊ တံတားကြီးအတွက် သတ်မှတ်စံချိန်စံညွှန်းများ ပြည့်မီစေရေးအတွက် တာဝန်ခံ အင်ဂျင်နီယာမှူး ကိုယ်တိုင် လုပ်ငန်းခွင်အတွင်းအနီးကပ် ကြီးကြပ်၍ဆောင်ရွက်ကြစေလိုကြောင်း၊ လုပ်ငန်းခွင်အတွင်း မတော်တဆ ထိခိုက်မှုအန္တရာယ်များမဖြစ်ပေါ်စေရေးကိုလည်း အထူးအလေးထား ဆောင်ရွက်စေလိုကြောင်း၊လုပ်ငန်းများဆောင်ရွက်ရာတွင် ညှိနှိုင်းဆောင်ရွက်မှု၊ လုပ်ငန်းလျာထားချက်များ ချမှတ်၍ ပူးပေါင်းဆောင်ရွက်ကြပါကမည်သည့် အခက်အခဲကို မဆိုကျော်လွှား၍ လုပ်ငန်းများ အောင်မြင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ဝန်ကြီးသည် ရန်ကုန်-မြိတ်လမ်း၏ သထုံ-မုတ္တမအပိုင်း လုပ်ငန်း ဆောင်ရွက်နေမှုများကို အသေးစိတ်ကြည့်ရှုစစ်ဆေးပြီးလုပ်ငန်းပိုင်းဆိုင်ရာများကို မှာကြား၍ ၎င်းလမ်းတစ်လျှောက် လုပ်ငန်းဆောင်ရွက်နေမှုများ၊ လုပ်ငန်းပြီးစီးနေမှုများ၊ လမ်းခင်းကျောက်များ စုဆောင်းထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မတ် ၂၄ရက်က အမက(၄) ကမာရွတ်တွင် ၂၀၀၃-၂၀၀၄ ပညာသင်နှစ် မူလတန်းဆင့် ပညာသင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်ချီးမြှင့်ပွဲကျင်းပရာ စတုတ္ထတန်းကျောင်းသား မောင်ရဲရင့်ဝင်းအား ကျောင်းအုပ်ဆရာမကြီးဒေါ်မြမြဝင်းက သင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်စဉ်။ (က-ပ)

မင်္ဂလာတောင်ညွန့်မြို့နယ် အခြေခံပညာမူလတန်းကျောင်း အမှတ်(၂)၏ မူလတန်းဆင့် သင်ယူပြီးမြောက်ခြင်းလက်မှတ်ပေးအပ်ပွဲကို မတ် ၂၆ရက်က ကျောင်းခန်းမတွင် ပြုလုပ်ရာ စတုတ္ထတန်းကျောင်းသူ မလေးလေးခိုင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်ချို က သင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်စဉ်။ (၂၅၉)

မြဝတီရုပ်မြင်သံကြား

၃၀-၃-၂၀၀၄
(အင်္ဂါနေ့)နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅ ၄။ လက်စွမ်းပြပဟန်ဂီတသံ
၄:၂၅ ၅။ အလွမ်းတေးပန်းချီချစ်သူဆီ
၄:၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄:၅၀ ၇။ မျိုးချစ်တပ်မတော်
၅:၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Index Number (စီးပွားရေး၊ စီးပွားစီမံ၊ အိမ်တွင်းစီးပွား)
၅:၃၀ ၉။ စက်မှုနိုင်ငံဖြစ်ထွန်းဖို့
၅:၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
၆:၂၀ ၁၃။ မိုးလေဝသသတင်း
၆:၂၅ ၁၄။ မြန်မာ့ရှုခင်း
၆:၄၀ ၁၅။ လျှပ်တစ်ပြက်
၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မောင့်ရွှေနဖာစူး၊ မယ့်ရွှေနဖူးစာ"** (အပိုင်း-၁၉)
၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၉။ လျှပ်တစ်ပြက်
၂၀။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သိုင်းမင်းသားလေးနှင့် ရွှေမင်းသမီး"** (ဒုတိယတွဲ) (အပိုင်း-၂)

ရွှေပြည်သာ မလွန်ဆန်လှူအသင်း ရေစက်ချတရားပွဲကျင်းပ

ရန်ကုန် မတ် ၂၉

ရွှေပြည်သာမြို့နယ် မလွန်ဆန်လှူသင်းထောက်အဖွဲ့၏ (၁၁)ကြိမ်မြောက်အဖြစ် စစ်ကိုင်း၊ မင်းကွန်း၊ မင်းဝံတောင်ရိုးကြီးသုံးရပ်နှင့် မန္တလေး ငါးမြို့နယ်ရှိ ရဟန်း၊ သာမဏေ၊ သူတော်၊ သီလရှင်စုစုပေါင်း ၄၂၀၀၀ကျော်တို့အား ရည်စူးလှူဒါန်းသော ဆန်လှူရေစက်ချမဟာဓမ္မသဘင်ပွဲကို လှော်ကားဘူတာအနီး ထ/၁၆ရပ်ကွက် မြို့ပတ်လမ်း မလွန်ဆန်လှူမဏ္ဍပ်၌ မတ် ၂၄ ရက်မှ ဧပြီ ၆ ရက်အထိ ၁၄ ရက်တိုင်တိုင် ညစဉ်ကျင်းပလျက်ရှိသည်။

အဆိုပါ ဓမ္မသဘင်တွင် ဦးစန္ဒသူရိယ(အောင်စကြာဆရာတော်)၊ ဦးဝိသုတ(မုံရွာအရှင်)၊ အရှင်အာစာရာလင်္ကာရ(မလွန်ဆန်လှူနယ်လှည့် ဓမ္မကထိက) ဦးခေမိန္ဒ(စစ်ကိုင်းဆရာတော်)၊ သီတဂူဦးပညာနန္ဒာ(သီတဂူကြယ်တစ်ပွင့်)၊ ဦးစက္ကိန္ဒ(အဂ္ဂမဟာအကျော်၊ အင်္ဂပူဆရာတော်)၊ ဉာဏဒီပဦးဇဋိလ(မဟာဓမ္မကထိက)နှင့် ဦးနရပတိ(ဖြူးဆရာတော်)တို့က တရားဓမ္မများ ဟောကြားကြသည်။ (က-ပ)

ရွှေတောင်နှင့်မင်းဘူးရေနံမြေလုပ်ငန်းခွင် ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီစစ်ဆေး

တွင်းအမှတ်(၆၅၅)သည် အနက်ပေ ၁၀၀၀၀ ကျော်အထိတူးဖော်မည့်ပေနက်တွင်းဖြစ် ရည်မှန်းချက်အနက်ပေသို့ သတ်မှတ်ရက်အတွင်းရောက်ရှိရေး အထူးဂရုစိုက်ရန်မှာကြား

ရန်ကုန် မတ် ၂၉

စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် တာဝန်ရှိသူများ လိုက်ပါလျက် ယမန်နေ့ မွန်းလွဲပိုင်းတွင် ပဲခူးတိုင်း ရွှေတောင်မြို့နယ်ရှိ ပြည်တောင်တန်းရေနံနှင့် သဘာဝဓာတ်ငွေ့မြေသို့ သွားရောက်စစ်ဆေးသည်။

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ မန်းရေနံမြေရှိ ရှင်းလင်းဆောင်၌ တာဝန်ရှိသူများအား တွေ့ဆုံမှာကြားစဉ်။ (စွမ်းအင်)

မကွေးတိုင်း မင်းဘူးမြို့နယ် မန်းရေနံမြေရှိ တွင်းအမှတ်(၆၅၅)တွင်းတူးဖော်နေမှုကို တွေ့ရစဉ်။ (စွမ်းအင်)

ဝန်ကြီးအား ရေနံမြေရှင်းလင်းဆောင်တွင် ရေနံမြေအထွေထွေမန်နေဂျာ ဦးဇော်ဝင်းက လက်ရှိထုတ်လုပ်နေမှုအခြေအနေ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Chinnery Assets ကုမ္ပဏီနှင့် ရေနံနှင့်သဘာဝဓာတ်ငွေ့အထွက်တိုးရေး လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နေမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြရာ တာဝန်ရှိသူတို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။ ဝန်ကြီးက တွင်းဟောင်းပြုပြင်ခြင်း၊ တွင်းသစ်များတူးဖော်ခြင်းတို့ကို သတ်မှတ်ရက်အတွင်း အချိန်မီပြီးစီးရေး၊ ရေနံနှင့်သဘာဝဓာတ်ငွေ့တိုးတက်ထုတ်လုပ်နိုင်ရေး၊ တွင်းတူးစက်နေရာချထားမှုအစီအစဉ်များကို ပေါင်းစပ်ညှိနှိုင်းပေးပြီး ရှေ့လုပ်ငန်းစဉ်များ ချမှတ်ပေးသည်။

ဆက်လက်၍ ဝန်ကြီးသည် မကွေးတိုင်း မင်းဘူးမြို့နယ် မန်းရေနံမြေသို့ သွားရောက်ကာ လက်ရှိတူးဖော်လျက်ရှိသော တွင်းသစ်အမှတ်(၆၅၅)သို့ သွားရောက်စစ်ဆေးသည်။ ဝန်ကြီးအား ရေနံမြေလုပ်ငန်းခွင်၌ ရေနံမြေ အထွေထွေမန်နေဂျာဦးကြည်ရှိန်နှင့် တာဝန်ရှိသူတို့က လက်ရှိတူးဖော်နေမှု အခြေအနေ၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ အလားအလာတို့ကို ရှင်းလင်းတင်ပြကြသည်။ ဝန်ကြီးက ပြည်တွင်းသုံးစွဲမှုဖူလုံရေးအတွက် နောက်ထပ်ရေနံနှင့် သဘာဝဓာတ်ငွေ့ အလားအလာသစ်များကို ဆက်လက်ရှာဖွေတူးဖော်ထုတ်လုပ်သွားနိုင်ရေး၊ ယခုတွင်းအမှတ်(၆၅၅)သည် အနက်ပေ ၁၀၀၀၀ကျော်အထိ တူးဖော်မည့်ပေနက်တွင်းဖြစ်၍ ရည်မှန်းချက်အနက်ပေသို့ သတ်မှတ်ရက်အတွင်းရောက်ရှိရေး အထူးဂရုစိုက်ကြရန်မှာကြားပြီး တွင်းတူးဖော်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စာမျက်နှာ ၇ မှ

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသူများက အထွေထွေကိစ္စရပ်များကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် သဘာပတိမြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက ပြည်နယ်၊ တိုင်း ကိုယ်စားလှယ်များ၏ တင်ပြချက် အစီရင်ခံစာများနှင့် စပ်လျဉ်း၍လည်းကောင်း၊ အထွေထွေဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍လည်းကောင်း ပြန်လည်သုံးသပ်ခြုံငုံဆွေးနွေးပြီး အစည်းအဝေးကို ခေတ္တရပ်နားသည်။

သုံးသပ်ဆွေးနွေး

မွန်းလွဲပိုင်းတွင် အစည်းအဝေးအစီအစဉ်များကို ပြန်လည်ကျင်းပပြီး ပြည်နယ်၊တိုင်း ကိုယ်စားလှယ်များ၏ တင်ပြချက် အစီရင်ခံစာများအပေါ် လုပ်ငန်းကဏ္ဍအလိုက် ခြုံငုံသုံးသပ်ဆွေးနွေးကြရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ပါမောက္ခဒေါက်တာ ဒေါ်မေမေရီက အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေး၊ လူမှောင်ခိုလူကုန်ကူးမှု တားဆီးကာကွယ်ရေး၊ ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်း ကဏ္ဍကိုလည်းကောင်း၊ ဒေါ်ခင်လေးသက်က ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းကဏ္ဍကိုလည်းကောင်း၊ ဒေါ်သန်းသန်းနွဲ့က ယဉ်ကျေးမှု၊ ပြန်ကြားဆက်သွယ်ရေး၊ အမျိုးသမီး ငယ်/ရွယ်၊ တိုင်းရင်းသားရေးရာလုပ်ငန်းကဏ္ဍကိုလည်းကောင်း၊ ဒေါ်ခင်ခင်ဝင်းက စည်းကမ်းထိန်းသိမ်းရေး၊ ဘဏ္ဍာရေးနှင့် စီမံရေးရာ၊ စည်းရုံးရေး လုပ်ငန်းကဏ္ဍများကိုလည်းကောင်း အသီးသီးခြုံငုံသုံးသပ်ဆွေးနွေးကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ပါမောက္ခဒေါက်တာ ဒေါ်ခင်အေးဝင်းက အစည်းအဝေးကြီးမှ ဆွေးနွေးချက်များအပေါ်အခြေခံ၍ ရရှိလာသော အကြံပြုချက်များကို တင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက သုံးသပ်ချက်များ၊ အကြံပြုချက်များအပေါ် လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် အဖွဲ့ဝင်အဖြစ် လျှောက်ထားလိုသူများသည် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏လုပ်ငန်းများကိုသိရှိပြီးအမျိုးသမီးထုအတွက် ဆောင်ရွက်နေကြောင်းကို အမျိုးသမီးများက သိရှိလာသဖြင့် ၎င်းတို့၏အသိစိတ်ဓာတ်ဖြင့် စိတ်ပါဝင်စားလာကာ အဖွဲ့ဝင်လျှောက်ထားရန် ဖြစ်ကြောင်း။

သစ္စာဒီပကဝိပဿနာကျောင်း မဟာသင်္ကြန်တရားစခန်း

ရန်ကုန် မတ် ၂၉

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် မြင်သာ(၁၅)ရပ်ကွက် ၁ လမ်းရှိ သစ္စာဒီပကဝိပဿနာကျောင်းတိုက်ကြီးတွင် (၅၆)ကြိမ်မြောက် ဓမ္မာနုပဿနာမဟာသတိပဋ္ဌာန်တရားစခန်းပွဲကို ကျောင်းတိုက်ကြီး၏ပဓာနနာယက ကမ္မဋ္ဌာနာစရိယအရှင်ဣန္ဒောဘာသ ဆရာတော်အရှင်သူမြတ်က ကျေးဇူးရှင် သစ္စာဒီပကနာယကဆရာကြီးဦးကြည်၏ဥပနိဿယအတိုင်း မြတ်စွာဘုရားရှင်၏မဇ္ဈိမပဋိပဒါလမ်းစဉ် သစ္စာဓမ္မအစဉ်တို့ကို(၁၃၆၆ ခုနှစ် နှောင်းတန်ခူးလပြည့်ကျော် ၆ ရက်) ဧပြီ ၁၁ ရက်မှ(နှောင်းတန်ခူးလပြည့်ကျော်၁၂ ရက်) ဧပြီ ၁၆ ရက်အထိ ခုနစ်ရက်တိုင်တိုင် ကျင်းပမည်ဖြစ်ရာ ဓမ္မမိတ်ဆွေ သူတော်စင်အပေါင်းတို့အား(၁၃၆၅ခုနှစ် နှောင်းတန်ခူးလပြည့်ကျော် ၅ရက်)ဧပြီ ၉ရက် ညနေ ၆နာရီ အရောက်ကြွရောက်ကြရန်နှင့် ကန့်သတ်မှုရှိပါ၍ ကြိုတင်စာရင်းပေးသွင်းကြရန် နှိုးဆော်ထားကြောင်း သိရသည်။ (က-ပ)

ကြိုးစားဆောင်ရွက်

ပြည်နယ်၊ တိုင်းများ၌ ပညာပေးဟောပြောပွဲများလှုပ်ရှားဆောင်ရွက်ခြင်းကို အလေးပေးဆောင်ရွက်နေကြသည့် နည်းတူ ပြည်သူလူထုအခြေပြု ဖွံ့ဖြိုးမှု(Development)လုပ်ငန်းများကိုလည်း ကြိုးစားစမ်းသပ်ဆောင်ရွက်ရန် လိုကြောင်း၊ အမျိုးသမီးများဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းများဆောင်ရွက်ရာတွင် ဆက်သွယ်ရေးလမ်းကြောင်းများကောင်းမွန်ရေးအတွက် သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဆက်စပ်သော ဝန်ကြီးဌာန အသီးသီး၏ပံ့ပိုးကူညီမှုကို ရယူဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

ဖြန့်ဝေပေးလိုက်သော ပညာပေး CD အခွေများကို ရပ်ကွက်၊ ကျေးရွာများအထိရောက်အောင်ပြသပေးရန် လိုကြောင်းဖြင့် မှာကြားပြီး အစည်းအဝေးကို ညနေပိုင်းတွင် အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။ (သတင်းစဉ်)

တပ်မတော်နေ့အထိမ်းအမှတ်ပြပွဲ ဆက်လက်ကျင်းပ

ရန်ကုန် မတ် ၂၉

၂၀၀၄ ခုနှစ် (၅၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ်ပြပွဲကို ယနေ့ နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော်စစ်သမိုင်းပြတိုက်၌ စတုတ္ထနေ့အဖြစ် ဆက်လက်ဖွင့်လှစ်ပြသသည်။

ယင်းပြပွဲတွင် တပ်မတော် စစ်သမိုင်းပြတိုက်နှင့် တပ်မတော်ခန်းမရှိ တိုင်းကျိုးပြည်ပြု ပြည်သူ့အကျိုးပြုလုပ်ငန်းများပြခန်း၌ ဗဟုသုတဉာဏ်စမ်း မေးခွန်းလွှာဖြေဆိုမှုပြိုင်ပွဲကို နေ့စဉ် မွန်းတည့် ၁၂ နာရီတွင် ကျင်းပပေးရာ စိတ်ပါဝင်စားသူများဝင်ရောက် ဖြေဆိုကြပြီး ဆုရရှိသူများအား နေ့စဉ် ဆုများပေးအပ် ချီးမြှင့်သည်။

ယနေ့ပြပွဲသို့ (၅၉)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပါဝင်ကြသည့် ဆင်ဖြူရှင်စစ်ကြောင်း၊ နဝဒေးစစ်ကြောင်း၊ ဗန္ဓုလစစ်ကြောင်းနှင့်အောင်ဆန်းစစ်ကြောင်းတို့တွင်ပါဝင်ကြသောတပ်မတော်သားများ၊ ရဟန်းရှင်လူ ပြည်သူများ၊ ကျောင်းသား ကျောင်းသူများစုစုပေါင်း ၂၂၂၀ လာရောက် ကြည့်ရှုလေ့လာကြသည်။ (သတင်းစဉ်)

(၅၉)နှစ်မြောက်တပ်မတော်နေ့ဂုဏ်ပြု ရပ်စောက်၌ ကျောက်ချောလမ်းဖွင့်

ရန်ကုန် မတ် ၂၉

(၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ဇော်ဂျီကွက်သစ် ဇရော(တောင်) ကျောက်ချောလမ်းသစ်ဖွင့်ပွဲကို မတ် ၂၅ ရက်တွင် အဆိုပါလမ်းထိပ်မုခ်ဦး၌ ကျင်းပရာ ဗထူးတပ်နယ်မှူး ဗိုလ်မှူးချုပ် ဇော်ဝင်းနှင့် တပ်မတော်အရာရှိကြီးများ၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ရှမ်းပြည်နယ်(တောင်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးထင်အောင်မြင့်နှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးတင်ရွှေနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကြည်စောတို့က ကျောက်ချောလမ်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ရပ်စောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ၂၀၀၃-၂၀၀၄ ခု ဘဏ္ဍာရေးနှစ်အတွင်း မြို့ပြလမ်းတံတားငါးခု၊ မြို့ပြရေပေးရေးတစ်ခု၊ ကျေးလက်ရေပေးရေးသုံးခုတို့ကို ငွေကျပ် ၆၂ သိန်းကျော် အကုန်အကျခံဆောင်ရွက်ပေးခဲ့သည်။ အဆိုပါဖွင့်လှစ်လိုက်သည့် ကျောက်ချောလမ်းသစ်မှာ အကျယ် ၁၂ ပေ၊ အလျားပေ ၉၀၀ ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မိုးညှင်းအရှင်ကန္တက(ဓမ္မာစရိယ) တရားပွဲကျင်းပမည်

ရန်ကုန် မတ် ၂၉

ဗဟန်းမြို့နယ် ဓမ္မစေတီလမ်း မိုးညှင်းဝိပဿနာတိုက်သစ်ဆရာတော် မိုးညှင်းအရှင်ကန္တက(ဓမ္မာစရိယ)သည် ရန်ကင်းမြို့နယ် မိုးကောင်းဆုတောင်းပြည့်စေတီတော် အရိယာဓမ္မာရုံကြီးတွင် မဟာသင်္ကြန် ဒုတိယအကြတ်နေ့ ဧပြီ ၁၅ ရက် မွန်းလွဲ ၂ နာရီတွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားချီးမြှင့်မည်ဟု သိရသည်။ (က-ပ)

မီးကြွင်းမီးကျန် မရှိရန်
ကျင့်ကြံသတိ အမြဲရှိ

ဓာတ်ဆီဖြည့်မှု သတိပြု

ရန်ကုန် မတ် ၂၉

ပူပြင်းခြောက်သွေ့သော နွေရာသီကာလ မွန်းလွဲပိုင်းတွင် မော်တော်ယာဉ်များ ဓာတ်ဆီဖြည့်စဉ် ပွတ်တိုက်မှုနှင့် သဘာဝတည်ငြိမ်လျှပ်စစ်ဓာတ်ဖြစ်ပေါ်မှုကြောင့် မီးလောင်မှုဖြစ်ပွားနိုင်သဖြင့် သတိပြုရှောင်ကြဉ်ကြပါရန် မီးသတ်ဦးစီးဌာနက သတိပေးနှိုးဆော်ထားသည်။ (သတင်းစဉ်)

အရှင်နန္ဒက(မြင်းမူ)တရားပွဲ

ရန်ကုန် မတ် ၂၉

သာကေတမြို့နယ် ရှုခင်းသာ(၆) ရပ်ကွက် အောင်သုခပရိယတ္တိစာသင်တိုက် စာချမ္ဘကထိက အရှင်နန္ဒက(မြင်းမူ) အရှင်သူမြတ်သည် ဧပြီ၁ရက်ညတွင် သာကေတ(၆)ရပ်ကွက် အောင်သုခလမ်းမ ဓမ္မသဘင်မဏ္ဍပ်နှင့် ၇ရပ်ကွက် ပတ္တမြား ၂လမ်း ဓမ္မသဘင်မဏ္ဍပ်၊ ဧပြီ ၂ရက်ညတွင် (၆)အရှေ့ရပ်ကွက် ဝေဇယန္တာ (အရှေ့၁၈လမ်း) ဓမ္မသဘင်မဏ္ဍပ်၊ ဧပြီ၆ရက် ညတွင် (၂)ရပ်ကွက်သဒ္ဒါရုံလမ်း(အနောက်) ဓမ္မသဘင်မဏ္ဍပ်တို့၌ ညစဉ် ၇နာရီတွင် တရားတော်များ ဟောကြားတော်မူမည်ဟု သိရသည်။ (က-ပ)

သဲအင်းဂူတိုက်ခွဲ(၅) သင်္ကြန်အထူးအဓိဋ္ဌာန်တရားစခန်း

ရန်ကုန် မတ် ၂၉

ဒဂုံမြို့သစ်(မြောက်ပိုင်း)၊(၁၆) ရပ်ကွက်၊ သာသနာဒီပဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက် သဲအင်းဂူတိုက်ခွဲ(၅)တွင် သင်္ကြန်အထူး အဓိဋ္ဌာန်ခြောက်ရက်တရားစခန်းကိုဧပြီ၁၂ရက်(သင်္ကြန်အကြိုနေ့) မှဧပြီ၁၇ရက်(နှစ်ဆန်းတစ်ရက်) နေ့အထိ မူလသဲအင်းဂူဆရာတော်ကြီး၏ နည်းနိဿယအတိုင်း မော်ဘီမြို့(ပင်မ) သဲအင်းဂူဆရာတော်ဘဒ္ဒန္တ ဝိလာသ အမှူးပြုသော ကမ္မဋ္ဌာနာစရိယ ဆရာတော်များက ခန္ဓာဉာဏ်ရောက်ဝိပဿနာတရားတော်များကို ဟောကြားပြသမည်ဖြစ်ရာတရားစခန်းဝင်လိုသူ ယောဂီများနှင့် ရဟန်း၊ သာမဏေ၊ သီလရှင်ဝတ်လိုသူများ ကြိုတင်စာရင်းပေးသွင်း နိုင်ကြောင်းသိရသည်။ (က-ပ)

သီတဂူကြာတစ်ပွင့်ဓမ္မခရီး

ရန်ကုန် မတ် ၂၉

စစ်ကိုင်းတောင်ရိုး ရွှေကျောင်းနှင့် ရန်ကုန်မြို့ ရွှေပြည်ဟိန်းကျောင်းပဓာနနာယက သီတဂူကြာတစ်ပွင့် ဓမ္မကထိက အရှင်ခေမာသီရိလင်္ကာရသည် မတ်၃၀နှင့်၃၁ရက်ညများတွင် မင်္ဂလာဒုံမြို့နယ် ပုလဲမြို့သစ် မလွန်ဆန်လှူဓမ္မသဘင်၊ ဧပြီ၁ရက်ညတွင် မင်္ဂလာတောင်ညွန့်ဖဆပလ ဓမ္မသဘင်၊ ၂ရက်ည သဃ်န်းကျွန်း ၁၆/၃ မလွန် ဆန်လှူဓမ္မသဘင်၊ ၃ရက်ညသာကေတ ရန်အောင်မြင်ဓမ္မာရုံ၊ ၅ရက်မှ ၁၁ရက်အထိ ကချင်ပြည်နယ်နမ္မတီး၊ မိုးကောင်း၊ မော်ဟန်၊ မော်လူးမြို့များသို့လည်းကောင်း ဓမ္မခရီးကြွရောက်မည်ဖြစ်ရာ မေလအထိ အသေးစိတ် ဓမ္မခရီးစဉ်များကို ရွှေပြည်ဟိန်းကျောင်းပြည်သာယာ ရန်ကင်း ဖုန်း-၅၄၁၄၉၃ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။ (က-ပ)

၁၄-၃-၂၀၀၄ ရက်နေ့ တရားရုံးချုပ်ရှေ့နေ ဦးစန်းလွင်၏ အမှတ် ၂၄၊ ကိုယ့်မင်းကိုယ့်ချင်းရိပ်သာလမ်းနှင့်ပတ်သက်၍ အများသိစေရန် ပြန်လည်ရှင်းလင်းခြင်း

ကျွန်ုပ်တို့၏ အမှုသည်ဖြစ်သူ ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၆)ရပ်ကွက်၊ လသာလမ်း၊ အမှတ် ၁၄၈ နေ ဒေါ်ခင်ခင်ချို ၁၂/လသန(နိုင်)၀၁၆၂၀၆၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

အဆိုပါမြေနှင့်ဥပစာတွင် လူကြီးမင်းသည် မိဘများနှင့်အတူ ယနေ့အထိနေထိုင်ခဲ့ကြကြောင်း၊ လူကြီးမင်းတို့၏ ကြေညာချက်အရ ဝန်ခံခဲ့ပြီးသော်လည်း အိမ်လခများပေးအပ်ထားခဲ့သည်ကိုမူ လူကြီးမင်းတို့၏ ကြေညာချက်တွင် ထိမ်ချန်ထားခဲ့ပါသည်။

လူကြီးမင်း၏ ကြော်ငြာပါအတိုင်း နှစ်ပေါင်း (၅၇)နှစ်နေထိုင်စေကာမူ ပိုင်ရေးပိုင်ခွင့်မရနိုင်သည့်အပြင် ပိုင်ရှင်ဖြစ်သူ၏ ပိုင်ရေးပိုင်ခွင့်ကို လူကြီးမင်းအနေဖြင့် ဥပဒေအရ ငြင်းဆိုပိုင်ခွင့်လည်းမရှိပါကြောင်း သိစေအပ်ပါသည်။ လူကြီးမင်းအနေဖြင့် ကျွန်ုပ်အမှုသည်ပိုင် မြေ၊အိမ်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အလွဲသုံးစားပြုလုပ်ကာ ရောင်းချခဲ့သဖြင့် လူကြီးမင်းသည် ဥပဒေနှင့်အညီ ဆောင်ရွက်ထားခံနေရကြောင်းကိုလည်း လူကြီးမင်းအသိပင်ဖြစ်ပါသည်။

ထို့ပြင် ကျွန်ုပ်အမှုသည်ကိုယ်တိုင်နှင့် ၎င်း၏ယောက်ျားမနှင့် ခင်ပွန်းဖြစ်သူတို့သည် မြန်မာနိုင်ငံသားဖြစ်ကြပါသောကြောင့် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ ကျွန်ုပ်အမှုသည်သာလျှင် အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိပါကြောင်းကို သိပါလျက်နှင့် ဤကဲ့သို့ အများပြည်သူ အထင်အမြင်လွဲမှားစေရန် ကြေညာခြင်းနှင့်ပတ်သက်၍ လူကြီးမင်းအား ပြင်းထန်စွာ ထပ်ဆင့်သတိပေး ကြေညာအပ်ပါသည်။

သို့ပါ၍ နောက်နောင်တွင် ကျွန်ုပ်အမှုသည်၏ ပိုင်ရေးပိုင်ခွင့်နှင့် ဂုဏ်သိက္ခာကို ထိပါးသည့် မည်သည့်ကိစ္စကိုမျှ သည်းခံခွင့်လွှတ်မည်မဟုတ်ဘဲ သက်ဆိုင်ရာ တရားဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားရလိမ့်မည်ဖြစ်ကြောင်း ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ဥမ္မာသျှား၊ ဒေါ်ဆွေဆွေညီမ်း
တရားရုံးချုပ်ရှေ့နေများ

တိုက်အမှတ်(၆၇-စီ)၊ အခန်း(၆-ဒီ)၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊
ယုဇနကွန်ဒို၊ ရွှေဂုံတိုင်လမ်းဆုံ၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၅၅၈၂၃၆။

၂၀၀၄ခုနှစ် (၁၁)ကြိမ်မြောက် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား

ပိုက်ကျော်ခြင်းပြိုင်ပွဲ

ဗိုလ်လုပွဲစဉ်များ

၃၁-၃-၂၀၀၄ (ဗုဒ္ဓဟူးနေ့)

(၁) အမျိုးသမီး အလွတ်တန်းဗိုလ်လုပွဲ (၁၂း၃၀)နာရီ

(၂) အမျိုးသား လူသစ်တန်းဗိုလ်လုပွဲ (၁၃း၀၀)နာရီ

(၃) အမျိုးသား အလွတ်တန်းဗိုလ်လုပွဲ (၁၄း၀၀)နာရီ

* **အခမဲ့ လာရောက်ကြည့်ရှုနိုင်သည်** *

ပထမ	-	ကျပ် ၃၀၀၀၀၀
ဒုတိယ	-	ကျပ် ၂၀၀၀၀၀
တတိယ	-	ကျပ် ၁၀၀၀၀၀
စတုတ္ထ	-	ကျပ် ၅၀၀၀၀ **(အမျိုးသားပြိုင်ပွဲများ)**

အချစ်ဟာသနှင့်ဘဝစုံလင် ဗီဒီယို ၁၂ ကားဖြန့်ချိ

မောင်ဆွေထွန်း

ရန်ကုန် မတ် ၂၉

မတ်လ ၂၉ရက်မှစ၍ တစ်ပတ်အတွင်း မြန်မာဗီဒီယို ဇာတ်ကား ၁၂ကား ဖြန့်ချိပြသခွင့်ရရှိရာ အချစ်၊ ဟာသ၊ ဘဝသရုပ်ဖော်ဇာတ်ကားများ ပါဝင်ကြောင်းသိရသည်။ ၎င်းဇာတ်ကားများမှာ အောက်ပါအတိုင်းဖြစ်သည်။ ကြောင်ကမ္ဘာဗီဒီယိုမှ လူမင်း၊ နေမျိုးအောင်၊ အောင်ပိုင်၊ မျိုးသန္တာထွန်းတို့ ပါဝင်သော **'တို့သားအဖ'** ဇာတ်ကား၊ မိုးကောင်းကင် ဗီဒီယိုမှ ဒွေး၊ အိန္ဒြာကျော်ဇင်တို့ ပါဝင်သော **'မင်းနဲ့မှချစ်တတ်ပြီ'** ရုပ်ရှင်ဇာတ်ကားကြီး၊ လပ်ကီးပလေ့ဗီဒီယိုမှ မင်းမော်ကွန်း၊ ဇင်ဇင်ဇော်မြင့်တို့ ပါဝင်သော **'မင်းလျှပ်စစ်နတ်သမီး'**၊ ဂျော်လီဆွေနှင့်သားများ ဗီဒီယိုမှ အောင်ပိုင်၊ ကျော်ဇောဟိန်း၊ ယွန်းသက်ထားတို့ ပါဝင်သော **'မာန်ဟုန်ပြင်းပြင်း'**၊ လှုဗီဒီယိုမှဇာဂနာ၊ ခိုင်နှင်းဝေတို့ ပါဝင်သော **'ပိတောက်ပွင့်ချိန်'**၊ မြဗီဒီယိုမှ ရဲမင်းပိုင်၊ ရွှန်းလဲ့ဦးတို့ ပါဝင်သော **'သမုဒ္ဒရာထဲမှာပဲ မိုးရွာမှာလား'**၊ မြန်မာနိုင်ငံ ရုပ်ရှင် အစည်းအရုံး ဗီဒီယိုထုတ်လုပ်ရေးမှ ရာဇာနေဝင်း၊ ပုလဲဝင်းတို့ပါဝင်သော **'အချစ်ဝက်ပါ'**၊ မျက်ခြယ် ဗီဒီယိုမှ မိုးဒီ၊ ခင်လှိုင်၊ မြို့တော်ချစ်ဖွယ်၊ အေးဝတ်ရည်သောင်းတို့ ပါဝင်သော **'နှာတစ်ဖျား'**၊ ကြောင်ကမ္ဘာဗီဒီယိုမှ နေမျိုးအောင်၊ ခိုင်နှင်းဝေ တို့ ပါဝင်သော **'တို့ကပိုချစ်တယ်'** ဇာတ်ကား၊ ဆွေ ဗီဒီယိုမှ အောင်ပိုင်၊ ကျော်ဇောဟိန်း၊ ဆုလာဘ်သန္တာထက်တို့ ပါဝင်သော **'အချစ်အကြမ်း၊ အလွမ်းသစ္စာ'**၊ အာကာခြယ်ဗီဒီယိုမှကင်းကောင်၊ဇရော၊ မြသင်းချယ်တို့ပါဝင်သော **'ဘာဖြစ် ချင်လဲ'**၊ တက်လမ်းဗီဒီယိုမှ ရန်ကျော်၊ ခင်စိုးပိုင်တို့ ပါဝင်သော **'မာတုဃာရက'** ဇာတ်ကားများ ဖြန့်ချိမည်ဖြစ်သည်။

(မြန်မာ့အလင်း)

'တို့ကပိုချစ်တယ်' ဗီဒီယို ဇာတ်ကားမှ ခိုင်နှင်းဝေ၏ သရုပ်ဆောင်ဟန်။



ကြောင်ကမ္ဘာဗီဒီယိုမှဖြန့်ချိမည့် 'တို့သားအဖ' ဇာတ်ကားမှ လူမင်းနှင့် မျိုးသန္တာထွန်း။

'အချစ်ဝက်ပါ' ဇာတ်ကားမှ ရာဇာနေဝင်း၊ပုလဲဝင်းနှင့်ဟေသီလင်း။

'မြေကြီး' ဇာတ်ကား စတင်ရိုက်ကူး

ရန်ကုန် မတ် ၂၉

ဇမ္ဗူတလူဗီဒီယိုမှ ကိုခင်ဌေး စီစဉ်၍ ကျော်သူ၊ ဖိုးသောကြာ၊ ထူးခြား၊ မေသဥ္ဇာဦး၊ဆုပန်ထွာတို့ပါဝင်သော **'မြေကြီး'** ဗီဒီယိုအဆင့်မြင့်ဇာတ်ကားကို ဒါရိုက်တာဟိန်းဇော်က စတင်ရိုက်ကူးသည့် အခမ်းအနား မတ် ၂၅ရက်က အိုလံပစ် စားသောက်ခန်းမ၌ပြုလုပ်၍ စတင်ရိုက်ကူးနေပြီဖြစ်သည်။

သရုပ်ဆောင်အဆိုတော်သုမောင်၏သား ဖိုးသောကြာကို အထူးပွဲထုတ်ထားကြောင်း သိရသည်။ ။

မတ် ၂၁ ရက်က စမ်းချောင်းမြို့နယ်ဖားကရာတိုက် ရွှေတောင်တိုက်သစ် စာသင်တိုက် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှ ကျောင်းသားကလေးများအတွက် မွေးနေ့နှင့် (၃၆) နှစ်မြောက်မင်္ဂလာအထိမ်းအမှတ်အဖြစ် ၆၄ မင်းလမ်းနေ ဦးတင်စိန် (ဘဏ်/ငြိမ်း)-ဒေါ်သိန်းသိန်းအေး (ယုဝတီကဗျာရှင် တက္ကသိုလ်နွယ်သဇင်)မိသားစုတို့က ခြင်ထောင်၊ ခေါင်းအုံး၊ စောင်၊ မျက်နှာသုတ်ပဝါနှင့် ကျောင်းသုံးဖတ်စာအုပ်များအား ရွှေတောင်တိုက်သစ် စာချဆရာတော် အရှင်ပညာစက္ကထံဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ဆုတောင်းပြည့် ကြေးတော်ကြီးဘုရားဗုဒ္ဓပူဇနီယပွဲတော်ကျင်းပ

ရန်ကုန် မတ် ၂၉

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် ပါရမီလမ်း ဘေလီတံတားထိပ်၌ သီတင်းသုံးအပူဇော်ခံလျက်ရှိသော ဆုတောင်းပြည့်ကြေးတော်ကြီးဘုရား၏ ဗုဒ္ဓပူဇနီယပွဲတော်ကို ပထမအကြိမ်အဖြစ် မတ်၂၁ရက်မှ ၂၃ရက်အထိ အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ၊ သံဃာတော်၄၅ပါးတို့အား နေ့ဆွမ်းနှင့် ဆွမ်းဆန်စိမ်း လောင်းလှူပွဲများကျင်းပခဲ့သည်။

ယင်းဆုတောင်းပြည့် ကြေးတော်ကြီးဘုရား ထာဝရသီတင်းသုံးရန် ဂန္ဓကုဋိတိုက်ကျောင်းတော်ကြီးကို ခမ်းနားထည်ဝါစွာ စုပေါင်းဆောက်လုပ်လှူဒါန်းသွားမည်ဖြစ်ရာ ဆရာတော်ဘဒ္ဒန္တအဂ္ဂဝံသ ဖုန်း-၅၇၁၅၈၁၊ ဦးလှစိုး (ရန်ကုန်တိုင်း အုပ်ချုပ်ရေးမှူး) ဖုန်း-၃၇၀၅၀၈၊ ၀၉-၈၀-၃၃၅၈၂၊ ဦးသန်းဦး၊ ဦးဌေးဝင်း၊ ဦးဇော်ထွန်း ဖုန်း-၅၇၁၈၇၂၊ ဘုရား ဒါယကာဦးသက်-ဘုရား ဒါယိကာမ ဒေါ်မြင့်မြင့် ဖုန်း-၅၇၁၅၈၁တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

မိုးကုတ်ဝိပဿနာဓမ္မစရီးစဉ်

ရန်ကုန် မတ် ၂၉

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယနှင့်အညီ မြောက်ဥက္ကလာပမြို့နယ် သဇင်ရေကျော်ကျောင်းတိုက် ကမ္မဋ္ဌာနာစရိယ မိုးကုတ်နယ်လှည့် သာသနာပြု ဓမ္မကထိက ဘဒ္ဒန္တပဏ္ဍဝံသနှင့် ဘဒ္ဒန္တကောသလ္လ အရှင်သူမြတ်တို့သည် တန်ခူးလဆန်း ၁၄ ရက်မှ လပြည့်ကျော် ၅ ရက်အထိ ပဲခူးတိုင်း မိုးညိုမြို့နယ် ထိန်တောကျေးရွာ တရားစခန်းပွဲ၌လည်းကောင်း၊ တန်ခူးလပြည့်ကျော် ၆ရက်မှ ၁၄ ရက်အထိ ရန်ကုန်တိုင်း တွံတေးမြို့ စကြာကျောင်းတိုက် အဖွဲ့ခွဲ(၁၅၂) တရားစခန်းပွဲ၌လည်းကောင်း၊ ကဆုန်လဆန်း ၁ ရက်မှ ၉ ရက်အထိ ပဲခူးတိုင်း ရေတာရှည်မြို့နယ် ဆွာမြို့ ခင်တန်းလေးကျေးရွာ တရားစခန်းပွဲ၌လည်းကောင်း ခန္ဓာဉာဏ်ရောက် ဝိပဿနာတရားများ ဟောကြားပြသသွားမည်ဟုသိရသည်။ **(က-ပ)**

မတ် ၂၇ ရက်က(၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် တောင်ဥက္ကလာပမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့က ကြီးမှူး၍ သက်ကြီးပူဇော်ပွဲနှင့် မသန်စွမ်းအဖွဲ့ဝင်များအား ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို မြို့နယ်ရုံးခန်းမတွင် ကျင်းပရာ သက်ကြီးပုဂ္ဂိုလ်နှင့် မသန်စွမ်းအဖွဲ့ဝင် ၆၁ ဦးအတွက် ထောက်ပံ့ငွေကို မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးအုန်းသန်း(ငြိမ်း)က ပေးအပ်စဉ်။ (က-ပ)

သင်္ကြန်အတွင်း အထူးတရားစခန်းပွဲ

ရန်ကုန် မတ် ၂၉

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်း အောင်မင်္ဂလာ ၂ လမ်း ဒက္ခိဏာရုံကျောင်းတိုက် ပဓာနနာယက ဘဒ္ဒန္တဇောတာလင်္ကာရ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သာသနဓဇ သီရိပဝရ ဓမ္မာစရိယ ဒီဃဘာဏက ဒီဃနိကာယကောဝိဒ၊ A.A.BA. ပြည်တွင်း ပြည်ပ သာသနာပြု ဆရာတော်ကြီး၏ ဩဝါဒကို ဦးထိပ်ပန်ဆင်၍ ကမ္မဋ္ဌာနာစရိယ ဆရာတော် ဘဒ္ဒန္တမေဓာနန္ဒ၊ဘဒ္ဒန္တဥတ္တရနှင့် ဘဒ္ဒန္တသုဇာတ (မေတ္တာအေးဆရာတော်) တို့က (သင်္ကြန်အကြိုနေ့)ဧပြီ ၁၂ရက်မှစ၍ (နှစ်ဆန်းတစ်ရက်နေ့) ဧပြီ ၁၇ ရက်အထိ ကျင်းပမည်ဖြစ်သည်။

တရားစခန်းဝင်ရောက်လိုသူ ယောဂီများနှင့် စေတနာရှင် အလှူရှင်များသည် ဖုန်း-၆၅၁၇၆၄ သို့ ဆက်သွယ်စာရင်းပေးသွင်း လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

မင်္ဂလာတောင်ညွန့်မြို့နယ် အခြေခံပညာမူလတန်းကျောင်းအမှတ် (၁)၏ မူလတန်းဆင့်သင်ယူပြီးမြောက်ခြင်းလက်မှတ်ပေးအပ်ပွဲကို မတ်၂၄ ရက်က ကျောင်းခန်းမတွင်ပြုလုပ်ရာ စတုတ္ထတန်းကျောင်းသား မောင်စိုင်းဟန်လင်းအောင်အား တာဝန်ခံဆရာမ ဒေါ်သင်းသင်းအောင်က သင်ယူပြီးမြောက်ခြင်းလက်မှတ်စဉ်။ (က-ပ)

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၇၁) ရပ်ကွက် အမှတ်(၁၁)အခြေခံပညာမူလတန်းကျောင်း သင်ယူပြီးမြောက်ခြင်းလက်မှတ်ပေးအပ်ပွဲ အခမ်းအနားကို မတ် ၂၁ ရက်က ကျင်းပရာ ကျောင်းသူမယုယုမွန်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်သိန်းသိန်းဆွေက သင်ယူပြီးမြောက်ခြင်း လက်မှတ်ချီးမြှင့်စဉ်။ (က-ပ)

ဝိပဿနာခုနစ်ရက်တရားစခန်း

ရန်ကုန် မတ် ၂၉

မင်္ဂလာဒုံမြို့နယ် ကုန်းတလပေါင်း ဓမ္မသင်္ဂီပျော်ဘွယ် ပဋိပတ္တိသာသနာ့ရိပ်သာ၌ ဧပြီ ၃ ရက်မှ ၉ ရက်အထိ ဗုဒ္ဓနည်းမှန် မဟာစည်သတိပဋ္ဌာန် ဝိပဿနာ ခုနစ်ရက်စခန်း တရားအားထုတ်ပွဲကို ကျင်းပမည်ဖြစ်သည်။ ဧပြီ၃ရက်၌ ညနေ၆နာရီတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း) သီရိမင်္ဂလာ မဟာစည်ရိပ်သာ ပဓာနနာယက ဓမ္မကထိကဗဟုဇနဟိတဓရ တွံတေးဆရာတော် ဘဒ္ဒန္တဣန္ဒက က လည်းကောင်း၊ ၄ ရက် ညနေ ၆ နာရီတွင် သဃ်န်းကျွန်းမြို့နယ်၊ (၁၆) ရပ်ကွက် ငါးကျမ်းပြန် ထားဝယ်သာသနာ့ရိပ်သာ ပြည်တွင်းပြည်ပ ကမ္မဋ္ဌာနာစရိယ ဓမ္မကထိကဓမ္မာ စရိယ (M.A) ဒေါက်တာ ဓမ္မပိယက လည်းကောင်း၊ ဧပြီ၅ရက်မှ၉ ရက်အထိမဟာစည်ဩဝါဒခံ ညောင်ကန်အေး သာသနာ့ ရိပ်သာ တက္ကသိုလ မဟာဓမ္မာစရိယ (M.A Buddhism) ကမ္မဋ္ဌာနာစရိယ ဓမ္မကထိက အရှင် အာစိဏ္ဏနှင့်ညောင်ကန်အေး သာသနာ့ ရိပ်သာ အစိုးရဓမ္မာစရိယမဟာစည် နယ်လှည့်ဓမ္မ ကထိက ကမ္မဋ္ဌာနာ စရိယထိလာ အရှင်သုန္ဒရတို့က လည်းကောင်း၊ ဧပြီ ၁၀ ရက်တွင် တရားစခန်းအောင်ပွဲ ကို မဟာ ဓမ္မကထိက ဗဟုဇနဟိတဓရ အဂ္ဂ မဟာကမ္မဋ္ဌာနာ စရိယညောင်ကန်အေး ဆရာတော် ဘဒ္ဒန္တဣန္ဒက ကလည်းကောင်း မဟာ သတိပဋ္ဌာန် ဝိပဿနာတရားတော်များ ဟောကြား ပြသတော်မူကြမည် ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ပထမအကြိမ် အာစရိယပူဇော်ပွဲ

ရန်ကုန် မတ် ၂၉

မအူပင်စက်မှုလက်မှုသိပ္ပံ (လျှပ်စစ်စွမ်းအား) ကျောင်းသားကျောင်းသူဟောင်းများ(၁၉၉၄-၂၀၀၀)၏ ပထမအကြိမ် အာစရိယပူဇော်ပွဲကို ဧပြီ၄ရက် (တနင်္ဂနွေနေ့) နံနက်၁၀နာရီတွင် တာမွေမြို့နယ် နတ်ချောင်းရှိ မဟာသန္တိသုခကျောင်း၌ ကျင်းပမည်ဖြစ်သည်။

ကျောင်းသား ကျောင်းသူဟောင်းများ အားလုံးတက်ရောက်ကြ ရန်နှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းလိုသူများသည် ကိုဝင်းယုခိုင် ဖုန်း-၆၂၀၄၄၁၊ ကိုလှသောင်း ဖုန်း-၅၀၀၂၀၇၊ မဝင့်သဥ္ဇာတင့်ဆန်း ဖုန်း-၅၁၁၁၁၂၊ ၂၄၄၀၈၉၊ မဟန်သီဝေမျိုးအောင် ဖုန်း-၆၄၁၅၀၄တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။**(က-ပ)**

ရှမ်းပြည်နယ်(မြောက်ပိုင်း)မိုင်းရယ်–နမ့်လောင်းအထူးဖွံ့ဖြိုးရေးလမ်းဖွင့် ဒေသဖွံ့ဖြိုးရေးတိုင်းရင်းသားပြည်သူများ တက်ညီလက်ညီကြိုးပမ်းဆောင်ရွက် လမ်းမကြီးရေရှည်တည်တံ့စေရေးပိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်

ရန်ကုန် မတ် ၂၉

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးသည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့် တာဝန်ရှိသူများနှင့်အတူ မတ်၂၁ရက် နံနက်ပိုင်းက မိုင်းရယ်မြို့ ပြည်ထောင်စုခန်းမ၌ ကျင်းပသည့် ရှမ်းပြည်နယ်(မြောက်ပိုင်း)မိုင်းရယ်–နမ့်လောင်း အထူးဖွံ့ဖြိုးရေးလမ်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။

အထူးဖွံ့ဖြိုးရေးလမ်း

ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးက အမှာစကား ပြောကြားရာတွင် နိုင်ငံအတွင်း လမ်းပန်းဆက်သွယ်ရေး လုံခြုံချောမွေ့ ကောင်းမွန်စေရေးသည် အဓိကကျသည့်အတွက် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်တောင်ပိုင်း) အတွင်း

မတ် ၂၁ ရက်က တာမွေမြို့နယ် အမက(၂)၏ ၂၀၀၃–၂၀၀၄ ပညာသင်နှစ် မူလတန်းဆင့် ပညာသင်ယူပြီးမြောက်ခြင်း လက်မှတ်နှင့် ပညာရည်ချွန်ဆုပေးပွဲကျင်းပရာ ကျောင်းအုပ်ဆရာကြီးဦးမြင့်ဦးက စတုတ္ထတန်း(ခ)မှ ကျောင်းသူ မသက်ဖူးဝေအား ပညာသင်ယူပြီးမြောက်ခြင်း လက်မှတ် ပေးအပ်စဉ်။ (က–ပ)

အထူးဖွံ့ဖြိုးရေးလမ်းခြောက်လမ်း သတ်မှတ်၍ ၂၀၀၂–၂၀၀၃ခုနှစ် မှ ၂၀၀၅–၂၀၀၆ခုနှစ်အထိ လေးနှစ်စီမံကိန်းထားရှိပြီး ဖြစ်နိုင်ပါက သုံးနှစ်အတွင်း ပြီးစီးအောင် ဆောင်ရွက်ရန် လမ်းညွှန်မှာကြားခဲ့ကြောင်း။

ယင်းလမ်းများမှ ယခုဖွင့်လှစ်သည့် ရှမ်းပြည်နယ်(မြောက်ပိုင်း)မိုင်းရယ်–နမ့်လောင်းလမ်း ၂၄မိုင်၊ လွိုင်လင်–သီပေါလမ်း ၁၅၅မိုင်၊ တန့်ယန်း–မိုင်းကောင်–မိုင်းရှူးလမ်း ၅၅မိုင်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် ခိုလန်–ဝမ်ဆင်း–မိုင်းနောင်–မိုင်းရှူးလမ်း ၇၇မိုင်၊ လဲချား–မိုင်းနောင်လမ်း ၄၆ မိုင်၊ နမ့်လောင်း–ကျေးသီး–ပန်ကေတုလမ်း ၅၂မိုင်တို့ ဖြစ်ကြောင်း။

အဆိုပါ လမ်းခြောက်လမ်းအနက် ရှမ်းပြည်နယ် (မြောက်ပိုင်း)နှင့် (တောင်ပိုင်း) ဆက်သွယ်ထားသည့် လွိုင်လင်–လဲချား–မိုင်းကိုင်–ပန်ကေတု–တုံလော–နမ့်လန်–သီပေါကားလမ်းမကြီး အဆင့်မြှင့်တင်ဖောက်လုပ်ခြင်းကို ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် (တောင်ပိုင်း)ရှိတပ်မတော်သားများ လုပ်အားဖြင့် ဆောင်ရွက်ခဲ့ခြင်းကြောင့် ၂၀၀၃ခုနှစ် မတ်လ၂၆ရက်နေ့တွင် ဖွင့်လှစ်ပေးခဲ့ပြီး ဖြစ်ကြောင်း။

ပိုင်းဝန်းထိန်းသိမ်း

နိုင်ငံတော်အစိုးရက ဒေသဖွံ့ဖြိုး တိုးတက်ရေးအတွက် စီမံချက်များ ချမှတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ တိုင်းရင်းသားပြည်သူများကလည်း တက်ညီလက်ညီဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ယခုဖွင့်လှစ်သည့် ကားလမ်းမကြီး ရေရှည်တည်တံ့နေစေရေးအတွက် ဝိုင်းဝန်း ထိန်းသိမ်းစောင့်ရှောက်ကြရန် လိုကြောင်းစသည်ဖြင့် အကျယ်တဝင့် မှာကြားသည်။

ဆက်လက်၍ တိုင်းမှူးဗိုလ်ချုပ်မြင့်လှိုင်က မိုင်းရယ်–နမ့်လောင်းလမ်း အဆင့်မြှင့်တင်ဖောက်လုပ်ခြင်းဆိုင်ရာ လုပ်ငန်းဆောင်ရွက်ခဲ့မှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဂုဏ်ပြုဆုငွေချီးမြှင့်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးက မိုင်းရယ်–နမ့်လောင်း အဆင့်မြှင့်တင်ဖောက်လုပ်ခြင်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် တပ်ရင်းတပ်ဖွဲ့များမှ တပ်မတော်သားများအား ဂုဏ်ပြုလက်ဆောင်နှင့် ဂုဏ်ပြုဆုငွေကျပ် သုံးသိန်းပေးအပ်ချီးမြှင့်ရာ တန့်ယန်း တပ်နယ်မှ ဗိုလ်မှူးကြီး ခင်မောင်မြင့်က လက်ခံရယူသည်။

ကျေးဇူးတင်စကားပြောကြား

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးက မိုင်းရယ်–နမ့်လောင်းလမ်း အဆင့်မြှင့်တင်ဖောက်လုပ်ခြင်း လုပ်ငန်းတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဝန်ထမ်းများအား ဂုဏ်ပြုလက်ဆောင်နှင့် ဂုဏ်ပြုဆုငွေကျပ် တစ်သိန်းပေးအပ်ချီးမြှင့်ရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တွဲဖက်ပြည်နယ် အင်ဂျင်နီယာမှူးကြီး ဦးကျော်မင်းသိန်းက လက်ခံရယူပြီးနောက် ဒေသခံ တိုင်းရင်းသားခေါင်းဆောင် ဦးလွယ်မောင်းက မိုင်းရယ်–နမ့်လောင်း အထူးဖွံ့ဖြိုးရေးလမ်း အကောင်အထည်ဖော် ဆောက်လုပ်ပေးခဲ့ခြင်းအတွက် ကျေးဇူးတင်စကား ပြောကြားသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်၊ ဒေသခံတိုင်းရင်းသားခေါင်းဆောင် ဦးလွယ်မောင်းတို့က မိုင်းရယ်–နမ့်လောင်း အထူးဖွံ့ဖြိုးရေးလမ်းကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးနှင့် တိုင်းမှူးတို့က ရွှေမိုးငွေမိုး ရွာသွန်းဖြိုးပေး၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးက ဖောက်လုပ်ပြီးစီးသည့် မိုင်းရယ်–နမ့်လောင်းလမ်းအပိုင်း ပြုပြင်ထိန်းသိမ်းဆောင်ရွက်ခြင်း လုပ်ငန်းများကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဆောင်ရွက်သွားရန်နှင့် လမ်းရေရှည်တည်တံ့ခိုင်မြဲပြီး ယာဉ်များ အမြဲမပြတ် အသုံးပြုသွားလာနိုင်ရေးအတွက် ကြီးကြပ်ထိန်းသိမ်းဆောင်ရွက်သွားရန် မှာကြားကာ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

လှည့်လည်စစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မိုင်းရယ်–နမ့်လောင်းအထူး ဖွံ့ဖြိုးရေးလမ်း ၂၄ မိုင်ဖောက်လုပ် ပြီးစီးမှုအခြေအနေကို လမ်းကြောင်းတစ်လျှောက် မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ တိုင်းမှူးနှင့်အဖွဲ့သည် မိုင်းရယ်–နမ့်လောင်းလမ်းပိုင်းရှိ နမ့်လောင်းတံတားသို့ ရောက်ရှိကြည့်ရှုစစ်ဆေးပြီး တံတားပြုပြင်တည်ဆောက်ရေးအတွက် တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးက လိုအပ်သည်များ မှာကြားညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

Vertical Limit ဇာတ်ကား နေပြည်တော်ရုံဝင်လာ ‘ပေါ့ပေါ့ပါးပါးပြုံး’ ဇာတ်ကား ဆက်လက်အောင်ပွဲခံပြသ

ရုပ်ရှင်သတင်းထောက်

ရန်ကုန် မတ် ၂၉

ချစ်သူ ရုပ်ရှင်ထုတ်လုပ်ရေး အတွက်ဒါရိုက်တာ ကိုအောင်မင်းသိမ်း ရိုက်ကူးပြီး ကျော်ရဲအောင်၊ ဇာဂနာ၊ နန္ဒာလှိုင်၊ အိန္ဒြာကျော်ဇင်၊ မေသဉ္ဇာဦး တို့ ခေါင်းဆောင်ပါဝင်သော **‘ပေါ့ပေါ့ပါးပါးပြုံး’** ဇာတ်ကား သမ္မတ၊ သွင်၊ မင်္ဂလာအဆင့်မြင့်ရုံများတွင် ဆက်လက် အောင်ပွဲခံပြသလျက်ရှိသည်။

Vsမျိုး ရုပ်ရှင်ထုတ်လုပ်ရေးမှ ဒါရိုက်တာ ထပ်ဆင့် အကယ်ဒမီ ကြည်စိုးထွန်း ရိုက်ကူးပြီး ညွှန့်ဝင်း၊ ရန်အောင်၊ ကျော်ရဲအောင်၊ မျိုးသန္တာထွန်းတို့ ခေါင်းဆောင် ပါဝင်သော **‘ပေးဆပ်သူတို့ နှလုံးသား’** ဇာတ်ကား ရွှေ့ဆောင်နှင့် နဝဒေးရုံများတွင် ရုံဝင်လာသည်။

ဒါရိုက်တာMartin Campbell ရိုက်ကူးပြီး Chris O' Donnell, Robin Tunney တို့ပါဝင်သရုပ်ဆောင်ထားသည့် Vertical Limit ဇာတ်ကား နေပြည်တော်ရုံတွင် ဝင်လာသည်။ Vertical Limit ဇာတ်ကားသည် တောင်တက်သမားဘဝကို အခြေခံ ရိုက်ကူးထားသော ဇာတ်ကား ဖြစ်သည်။ တောင်တက်သမားတို့၏ စွန့်စားပုံ၊ မိမိ၏အသက်အန္တရာယ်ကိုပင်ပဓာနမထားဘဲမိမိဝါသနာပါရာ တောင်တက်ခရီးကိုစွန့်စွန့်စားစား တက်ရောက်ပုံများကို ပီပီပြင်ပြင် ရိုက်ကူးထားသောဇာတ်ကားဖြစ်သည်။

ဒါရိုက်တာ Raam Shetty ရိုက်ကူးပြီးသရုပ်ဆောင် Sridevi၊ Shahrukh Khan၊ Harish၊ Mohnish Behl တို့ ပါဝင်သရုပ်ဆောင်ထားသော Armyဇာတ်ကား ဘုရင်ရုံတွင်ဝင်လာသည်။

မိုးကုပ်စက်ဝိုင်း ဗီဒီယိုထုတ်လုပ်ရေးမှ ဒါရိုက်တာ မင်းထင်ကိုကိုကြီး ရိုက်ကူးပြီး ရာဇာနေဝင်း၊ ခိုင်သင်းကြည်တို့ ပါဝင်သရုပ်ဆောင်ထားသော မောင်ရာဇာနေဝင်း (Clone) ဇာတ်ကား ရွှေဂုံအဆင့်မြင့်ရုံတွင် ဝင်လာသည်။ ။ **(မြန်မာ့အလင်း)**

‘ပေါ့ပေါ့ပါးပါးပြုံး’ဇာတ်ကားမှ ကျော်ရဲအောင်နှင့် နန္ဒာလှိုင်။

Vertical Limit ဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခန်း။

လာမည့်အပတ် သကြၤန်ဝေးဝေးဇာတ်ကား ရုံဝင်လာမည်

စိန်ငွေရုပ်ရှင်ထုတ်လုပ်ရေးအတွက် ဒါရိုက်တာ ညွှန့်မြန်မာ၊ ညီညီအောင် ရိုက်ကူးပြီး လွင်မိုး၊ ခန့်စည်သူ၊ အိန္ဒြာကျော်ဇင်တို့ ပါဝင်သရုပ်ဆောင်သော ‘သကြၤန်ဝေးဝေး’ဇာတ်ကား လာမည့် သောကြာပတ်တွင် ရုံဝင်လာမည်ဖြစ်သည်။

ကောင်းမှကောင်းဇာတ်ကား မကြာမီရုံဝင်မည်

စိန်ချစ်ဗီဒီယိုထုတ်လုပ်ရေးမှ ပွဲဦးထွက်တင်ဆက်သည့် ‘ကောင်းမှကောင်း’ ဗီဒီယိုဇာတ်ကား မကြာမီ ရုံဝင်လာမည်ဖြစ်သည်။

‘ကောင်းမှကောင်း’ ဇာတ်ကားကို ဒါရိုက်တာ ခိုင်မြတ်အောင်ရိုက်ကူးပြီး အကယ်ဒမီရန်အောင်၊ ရာဇာနေဝင်း၊ ရီဝေယံ၊ ပုလဲဝင်း၊ ဇင်ဇင်ဇော်မြင့်၊ ဆုရွှန်းလဲ့ တို့ ပါဝင်သရုပ်ဆောင်ထားသည်။

‘သကြၤန်ဝေးဝေး’ ဇာတ်ကားမှ ဇာတ်ဝင်ခန်း တစ်ခန်း။

မတ် ၆ရက်က ပဲခူးဝိနယာဓိက ပရိယတ္တိအသင်းကြီး၏ (၅၈)ကြိမ်မြောက် ပါရဂူဓမ္မာစရိယအောင် သံဃာ ၁၇ပါး ဘွဲ့တံဆိပ်အောင်လက်မှတ် ဆက်ကပ်ပွဲကို အယုဝဓနကုသိုလ်ဖြစ် ဆေးကုဌာနခန်းမ၌ ကျင်းပရာ အလှူရှင်ဦးကြည်လင် (စိန်ဘယက်ဆေးတိုက်)က သံဃာတော်အား အောင်လက်မှတ်နှင့် ဓမ္မပူဇာလှူဒါန်းစဉ်။ (မြို့နယ် ပြန်/ဆက်)

ဝါးခယ်မမြို့ မြသိန်းတန်စေတီတော်ကြီး ကမ်းဆယ်ခြင်းလုပ်ငန်းများဆောင်ရွက်

ဝါးခယ်မ မတ် ၂၇

ဝါးခယ်မမြို့နယ် ကျက်သရေဆောင် သမိုင်းဝင် မြသိန်းတန်စေတီတော်မြတ်ကြီး မြစ်ရေတိုက်စားခြင်းမှ ကင်းဝေးစေရန်အတွက်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှု ဆည်မြောင်းဦးစီးဌာန၏ ကြီးကြပ်မှု မြသိန်းတန် ဂေါပကအဖွဲ့၏ စီစဉ်ဆောင်ရွက်မှုဖြင့် သံကူကွန်ကရစ်ဖြင့်တုတ်ခတ်ခြင်း၊ ကျောက်ချခြင်း၊ ရေတားကတုတ်ရိုက်ခြင်းနှင့် ကမ်းဆယ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ **(အပေါ်ယာပုံ)**

အဆိုပါ မြသိန်းတန်ဘုရား ကမ်းဆယ်ခြင်းလုပ်ငန်းများ လုပ်ကိုင်ရာသို့ မတ် ၇ရက် မွန်းလွဲပိုင်းတွင် မြို့နယ်သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော် ဘဒ္ဒန္တဝိသုဒ္ဓနှင့် အဖွဲ့ဝင်ဆရာတော်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းဇော်နှင့် အဖွဲ့ဝင်များ လာရောက်ကြည့်ရှုကြသည်။

အဆိုပါမြသိန်းတန် စေတီတော်မြတ်ကြီး ကမ်းဆယ်ခြင်း လုပ်ငန်းကို ရန်ကုန်မြို့နေ ဆရာလေးဒေါ်ခေမာစာရီအား အမှူးထား၍ ရွှေသံလွင်မိသားစု၊ နယူးတိုင်စင်ရွှေဆိုင်နှင့် အလှူရှင်များ စုပေါင်းလှူဒါန်းငွေ သိန်းငါးဆယ်နှင့် ဒေသခံအလှူရှင်များ ထည့်ဝင်ငွေများဖြင့် ဆောင်ရွက်ကြသည်။ **(၃၇၆)**

လက်ပံတန်းမြို့ မရပ်ကွက် ၂လမ်း ကတ္တရာခင်းရန် စေတနာရှင်များငွေလှူဒါန်း

လက်ပံတန်း မတ် ၂၄

ပဲခူးတိုင်း(အနောက်ပိုင်း)သာယာဝတီခရိုင် လက်ပံတန်းမြို့ မြို့မရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် မတ် ၁၄ရက် နံနက်၁၀နာရီက မြို့မရပ်ကွက် ၂လမ်း ကတ္တရာလမ်း အဆင့်တိုးမြှင့်မွမ်းမံပြုပြင်ရေးကို စေတနာရှင်များက အလှူငွေပေးအပ်ပွဲ ကျင်းပသည်။

အခမ်းအနားတွင် အဘိုးအဘွားများနှင့် မိဘများကို ရည်စူး၍ အောင်ဓမ္မရိပ်သာလမ်း သမိုင်း၊ လှိုင်မြို့နယ်နေ ဦးကျော်မြ-ဒေါ်နွဲ့နွဲ့ဝင်း သားသမီးမြေးတစ်စုတို့က လက်ပံတန်းမြို့ မြို့မရပ်ကွက် ၂လမ်း ကတ္တရာလမ်း အဆင့် တိုးမြှင့်ခြင်းလုပ်ငန်း ဆောင်ရွက်ရန် မတည်ငွေကျပ် ၂၅၀၀၀၀ နှင့် ဦးမြသိန်း မြို့မရပ် ၂လမ်းက ကျပ် ၅၀၀၀၀ ပေးအပ်လှူဒါန်းကြရာ မြို့မရပ်ကွက်ဥက္ကဋ္ဌ ဦးသန်းမြင့်က လက်ခံရ ယူသည်။

အဆိုပါလမ်းအား ၂၀၀၄ခုနှစ်အတွင်းအပြီး ဆောင်ရွက်နိုင်ရန်စေတနာရှင်များ လှူဒါန်းလျက် ရှိကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဘွဲ့တံဆိပ်တော်ရ ဆရာတော်အား ဂုဏ်ပြုပူဇော် မိုးကုတ်မြို့နယ်အသင်း(မန္တလေး)မှထပ်ဆင့်ဂုဏ်ပြုပွဲကျင်းပ

မန္တလေး မတ် ၂၆

နိုင်ငံတော်မှချီးမြှင့်သော အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်ရ မန္တလေးတိုင်း မိုးကုတ်မြို့ သတိပဋ္ဌာန် ပရိယတ္တိစာသင်တိုက် ပဓာနနာယက အဂ္ဂမဟာ ပဏ္ဍိတ ပရိယတ္တိသာသန ဟိတဓရ ဂုဏဝိသိဋ္ဌ ဆရာတော် ဘဒ္ဒန္တ သုနန္ဒအား ဂုဏ်ပြုပူဇော်ပွဲနှင့် သီရိသုဓမ္မမဏိဇောတဓရဘွဲ့ရ မိုးကုတ်မြို့မှ ဦးဘဌေး၊ သီဟသုဓမ္မသီဂီဘွဲ့ရ မန္တလေးမြို့မှ ဒေါ်မေသက်မော် (မော်မော်စန်းထိုးမုန့်)နှင့် သီဟသုဓမ္မသီဂီဘွဲ့ရ မိုးကုတ်မြို့မှ ဒေါ်သန်းမြင့်တို့ကို မိုးကုတ်မြို့နယ်အသင်း (မန္တလေး)မှ ထပ်ဆင့်ဂုဏ်ပြုချီးမြှင့်ပွဲ အခမ်းအနားကို မတ် ၂၄ရက် မွန်းလွဲ ၁နာရီက မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် တံခွန်တိုင် တမာတန်းရပ် မူလသစ်ဆိပ်တိုက်အတွင်းရှိ မိုးကုတ် ကျောင်းတိုက်တွင် ကျင်းပသည်။

ရှေးဦးစွာ ဘွဲ့ရဆရာတော်ကြီး ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး မိုးကုတ်မြို့နယ် အသင်း (မန္တလေး) ဥက္ကဋ္ဌ ဦးသာဌေးက ပူဇော်ပွဲနှင့် ဂုဏ်ပြုပွဲကျင်းပရခြင်း အကြောင်းကို ရှင်းလင်းပြောကြားသည်။ ငြိမ်းချမ်းရွှေပြည်ကျောင်း၏ ပဓာနနာယက သာသနဓဇဓမ္မာစရိယ ဓမ္မကထိက ဗဟုဇနဟိတဓရ သီတဂူကြယ်တစ်ပွင့် ဆရာတော် ဘဒ္ဒန္တ ပညာနန္ဒနှင့် ဆရာ ဦးဥတ်ကျော်တို့က ဘွဲ့ရ ဆရာတော်၏ ထေရုပ္ပတ္တိကို ဖတ်ကြား လျှောက်ထား၍ ထုတိ ဝေဒလ္လဂါထာဖြင့် ချီးကျူးပူဇော်ကြသည်။

ပေးအပ်ဂုဏ်ပြု

ဆက်လက်၍ အသင်းဥက္ကဋ္ဌ ဦးသာဌေးက ဘွဲ့ရ ဆရာတော်ကြီးအား ဂုဏ်ထူးဆောင် လက်မှတ်နှင့် လှူဖွယ်များ ဆက်ကပ် လှူဒါန်းသည်။ ထို့နောက် သီရိသုဓမ္မ မဏိဇောတဓရဘွဲ့ရ ဦးဘဌေး (မိုးကုတ်)၊ သီဟသုဓမ္မ သီဂီဘွဲ့တို့ ရရှိကြသည့် ဒေါ်မေသက်မော် (မော်မော်စန်း ထိုးမုန့်)နှင့် ဒေါ်သန်းမြင့် (မိုးကုတ်) တို့အား အသင်း ဒုတိယ ဥက္ကဋ္ဌဦးလော ချမ်၊ အမှုဆောင်အဖွဲ့ဝင် ဦးညီညီနှင့် ဒုတိယဥက္ကဋ္ဌ ဦးတင်ဝင်းတို့က ဂုဏ်ထူးဆောင် လက်မှတ်များ ပေးအပ်ဂုဏ်ပြုချီးမြှင့်ကြသည်။ **(ဓါပုံ)**

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ ဘွဲ့ရရှိသူများကမန္တလေး မိုးကုတ်အသင်းအတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြပြီး ဆရာတော်ကြီးအား လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းကြသည်။ ယင်းနောက်ဆရာတော်ကြီးထံမှရေစက်ချ တရား နာယူ၍ အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုကာ ရုပ်သိမ်းလိုက်သည်။**(က-ပ)**

နှစ်ပတ်လည်အစည်းအဝေးအတွေ့အကြုံရှင်းလင်း

တောင်ငူ မတ် ၂၅

ပဲခူးတိုင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မိသားစုစည်းကမ်းထိန်းသိမ်းရေးကော်မတီက ကြီးမှူး၍ ပြည်ထဲရေးဝန်ကြီးဌာန စည်းရုံးရေးကော်မတီ၏ ၂၀၀၃ခုနှစ် နှစ်ပတ်လည် ပထမအကြိမ် အစည်းအဝေး အတွေ့အကြုံ ရှင်းလင်းပွဲကို ပဲခူးတိုင်း တောင်ငူမြို့ ခပေါင်းခန်းမ၌ မတ် ၈ရက် နံနက် ၈နာရီက ကျင်းပသည်။

အခမ်းအနားသို့ ခရိုင်မြို့နယ် မိသားစု စည်းကမ်းထိန်းသိမ်းရေး ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ တက်ရောက်ကြပြီး ပဲခူးတိုင်းအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မိသားစု စည်းကမ်းထိန်းသိမ်းရေး ကော်မတီဥက္ကဋ္ဌ၊ တိုင်းအုပ်ချုပ်ရေးမှူး၏ ဇနီးဒေါ်ခင်မော်မော်**(အပေါ်ယာပုံ)**က ၂၀၀၃ခုနှစ် နှစ်ပတ်လည် အစည်းအဝေး အတွေ့အကြုံကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပဲခူးတိုင်းအတွင်းရှိ ပဲခူးခရိုင်နှင့် တောင်ငူခရိုင်တို့မှ ခရိုင်နှင့် မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန မိသားစု စည်းကမ်းထိန်းသိမ်းရေး ကော်မတီဥက္ကဋ္ဌများက လုပ်ငန်းဆောင်ရွက်ချက် အစီရင်ခံစာများကို တင်ပြဆွေးနွေးကြသည်။ ယင်းဆွေးနွေးချက်များအပေါ် ပဲခူးတိုင်း မိသားစု စည်းကမ်းထိန်းသိမ်းရေး ကော်မတီဥက္ကဋ္ဌတိုင်းအုပ်ချုပ်ရေးမှူး၏ ဇနီးက ဖြည့်စွက်ရှင်းလင်း ဆွေးနွေးသည်။

(၃၀၃)

အမြို့မြို့ အနယ်နယ် သတင်းများ

မတ် ၂၃ ရက်က ကျောက်တန်းမြို့ပေါ်ရပ်ကွက်များ ရေစီးရေလာကောင်းစေရန် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများနှင့် ဈေးသူဈေးသားများက ရေနုတ်မြောင်းများ ပြန်လည်တူးဖော်ခြင်းလုပ်ငန်းကို မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကြည်တင်နှင့် ဈေးတာဝန်ခံ ဒေါ်သူဇာဆွေတို့က ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။ (က-ပ)



မြန်မာ့အသံ

၃၁-၃-၂၀၀၄
(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၀၇း၀၀ မင်းကွန်းဆရာတော်ကြီး၏ ရတနသုတ်တရားတော်

နေ့လယ်ပိုင်း

၁၁း၁၅ သားငါးဖွံ့ဖြိုးပြည့်အကျိုး (မွေးမြူရေးရာပြန်ကြားလွှာ)
၁၁း၃၀ သောတရှင်အတွက်ပြန်ကြားချက်
၁၂း၀၀ မြန်မာမှုအထွေထွေ(ကနီဦးလူညွှန့်) (ရာသီနှင့် မြန်မာပြည်)
၁၂း၂၅ သူ့အတွေးနဲ့သူ့အရေး (အသက် ၄၀ ကျော်လျှင်)(ကံချွန်)
၁၂း၃၅ ခရီးသွားစကားဝိုင်း(မြစ်ကြီးနားမှ ဆွမ်းပရာဟိုတယ်)
၁၃း၁၀ ယဉ်ကျေးမှုအနုပညာ(ထီးတော်များ အကြောင်း) (ဦးမင်းနိုင်)

ညနေပိုင်း

၁၇း၀၀ သောတရှင်သုတေသနဆွေးနွေးခန်း
၁၇း၃၀ ခံတွင်းမြိန်စရာသုလက်ရာ (ငါးအာလူးကတ်တလိတ်ကြော်နှင့် သက်သတ်လွတ်အာလူး ကတ်တလိတ်ကြော်)
၁၇း၄၅ ဆို၊က၊ရေး၊တီးဆုရအစီအစဉ် (မန္တလေးတိုင်းမှ မောင်ပြည့်ဖြိုးမော်နှင့် မောင်ရန်ပိုင်တို့၏ ပတ္တလားလက်သံ)
၁၈း၄၀ စာအုပ်စာပေလူ့မိတ်ဆွေ (၁)မာနုဘာဂရိ အဟော ပဒေသာကျမ်း(ပထမတွဲ) (ဆရာဦးအောင်ခိုင် ပြန်ဆိုသည်) (၂)အမှုသည်များလက်စွဲ (ဦးကျော်ဇေယျ)
၁၉း၁၅ သီချင်းကြီး တူရိယာအဖွဲ့ (စိမ်းရောင်စိုသီချင်းကြီးတူရိယာအဖွဲ့)
၂၀း၃၀ ၂၀၀၄ ခုနှစ် ဧပြီလအတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

(၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မော်လမြိုင်ကျွန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ခဲ့သော ပိဿာကျေးရွာစက်ရေတွင်းဖွင့်ပွဲကို မတ် ၂၆ ရက်က ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၂) မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုး သားမှတ်ပုံတင်ရေးဦးစီးဌာန၊ ဦးစီးဌာနမှူး ဦးမြင့်လွင်နှင့် စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးခိုင်ဇင်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ရွှေထူးလွင်

မြန်ကြီးနား ... ပေလီ (သင်္ကြန်)

မင်္ဂလာဆောင်ခြင်း

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့နေ၊ ဗိုလ်မှူးချုပ်ခင်မောင်စိုး–ဒေါ်ကြည်ကြည်စန်းတို့၏တူသား
မန္တလေးတိုင်း၊ မြင်းခြံမြို့ အမှတ် (၁၉) ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊
အမှတ် (က/၂၁)နေ ဦးဖေယျာလွင်– ဒေါ်လှလှဌေး တို့၏သား

မောင်ပြည့်ဖြိုးလွင် B.E (IT) နှင့်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ မင်းရဲကျော်စွာလမ်း၊ အမှတ် (၁၁၅)နေ
ဗိုလ်မှူးကြီးမျိုးမြင့် (ငြိမ်း) (ညွှန်ကြားရေးမှူးချုပ်၊ စည်ပင်သာယာရေး
ဦးစီးဌာန)–(ဒေါ်ယဉ်ယဉ်မြင့်)တို့၏သမီး
ဗိုလ်မှူးကြီးသိန်းဌေး(ငြိမ်း) (ဦးဆောင်ညွှန်ကြားရေးမှူး၊
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)–ဒေါ်အေးအေးမြင့်တို့၏ တူမ

မယဉ်ဥမ္မာမျိုး M.E (IT) (Thesis)

တို့သည် ၂၈–၃–၂၀၀၄ရက်တွင် နှစ်ဖက်မိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိ လူကြီးမင်းများ၏ရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်မိဘများနှင့်
မောင်ပြည့်ဖြိုးလွင်–မယဉ်ဥမ္မာမျိုး။

မွေးနေ့မင်္ဂလာဆုမွန်လွှာ

ချစ်သမီးဦး ရတနာပိုင်ရဲ့ ၃၀–၃–၂၀၀၄ ရက်နေ့တွင် ကျရောက်သော (၁၀) နှစ်မြောက် မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင် လိမ္မာယဉ်ကျေး၍ ပညာထူးချွန်တတ်မြောက်ပြီး ဖေဖေ မေမေတို့နှင့်အတူ သာယာချမ်းမြေ့သောဘဝကို ရရှိနိုင်ပါစေ...

ဖေဖေ–ဒုဗိုလ်မှူးကြီးမြင့်နောင် **ဘိုးဘိုး–ဗိုလ်မှူးချုပ်မြင့်သိန်း**
မေမေ–ဒေါ်ဆွေဆွေသိန်း **ဘွားဘွား–ဒေါ်မြသန်း**
မောင်လေး–ဇေယျာဘုန်းမြင့်

ဧဝတနာရှင်

379528

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
ပစ္စည်းဝယ်ယူရောင်းချရေးအဖွဲ့
ချိပ်ပိတ်ဈေးနှုန်းလွှာများခေါ်ယူခြင်း

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ လုပ်ငန်းသုံးအတွက် အောက်ဖော်ပြပါ ပစ္စည်းများကို ဌာနအရောက် ကျပ်ငွေဖြင့် ပေးချေဝယ်ယူရန် ချိပ်ပိတ်ဈေးနှုန်းလွှာများဖိတ်ခေါ်ပါသည်–

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
၁	Track Loader (CAT-955K) စက်အရန်ပစ္စည်းများ	1 Lot
၂	တာယာအရွယ်(၃)မျိုး	၅၇၆လုံး
၃	စက်ဆီ၊ချောဆီ	1 Lot
၄	Wool Lead (ခဲမျှင်)	၂၀၀၀ကီလိုဂရမ်
၅	ရေတွန်းစက်ကြီးများအတွက် စက်အရန်ပစ္စည်းများ	1 Lot
၆	ACSR (95 mm^2)ကြိုး	၈.၅တန်

ချိပ်ပိတ်ဈေးနှုန်းလွှာများကို ၂–၄–၂၀၀၄ရက်(၁၆:၀၀)နာရီအချိန် နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက ဘတ်ဂျက်နှင့်ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရောင်းချရေးဌာနခွဲ၊ ဖုန်းအမှတ် ၂၈၂၅၃၄၊ ၂၄၈၁၁၂ လိုင်းခွဲ ၂၃၅ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဥက္ကဋ္ဌ
ပစ္စည်းဝယ်ယူရောင်းချရေးအဖွဲ့။

မော်တော်ယာဉ်မှတ်ပုံတင်ခွင့်လျှောက်ထားခြင်း ယာဉ်အမှတ် မလမ/၂၉၀၈မော်တော်ယာဉ် လက်ဝယ်ရှိသူ ဒေါ်တင်တင်ညို နိုင်ငံသားစိစစ်ရေးကတ်အမှတ် ၁၁/တကန(နိုင်) ဝ၅၁၅၅၁ ကိုင်ဆောင်သူက မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃) မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့်နေ့မှစ၍ ၁၅ရက်အတွင်း ကညန၊ ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်)သို့လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။ **ကညန၊(မော်လမြိုင်)။**

ဖခင်အမည်မှန် မန္တလေးမြို့ အထက(၁၄) ဆဋ္ဌမတန်း(က)မှ မောင်ကျော်ကျော်ဝေ၏ ဖခင်အမည်မှန်မှာ ဦးကြင်ဝေအစား ဦးကျင်ဝေဖြစ်ပါသည်။
ဦးကျင်ဝေ၊ နိုင်ငံသားစိစစ်ရေး အမှတ် ၁၃/နခန(နိုင်)၀၃၈၃၃၃

Thingyan. Water Festival @ Myanmar New Year
Come and enjoy our Water Festival
Thingyan Holiday Packages available right now!
(Inbound Program Only)

- Chiang Mai/Bangkok/Singapore-Yangon-Mandalay-Yangon-Singapore/Bangkok/Chiang Mai
  - 6 Days/ 5 Nights (13th to 18th April'04)
  - 5 Days/ 4 Nights (11th to 15th April'04)
  - 3 Days/ 2 Nights (13th to 15th April'04)
- Chiang Mai-Mandalay-Yangon- Chiang Mai
  - 4 Days/ 3 Nights (15th to 18th April'04)
- For further information, please kindly contact:

Myanmar Travels & Tours (M.T.T)

Union of Myanmar Travel Association

Myanmar Hoteliers' Association

TOP ☎ 243363 705877

ငပလီ သင်္ကြန်
(ပန်းသဇင်အဖွဲ့)
စား တည်း ငြိမ်း (၄)ညအိပ် ဧပြီ ၁၂ ရက်ထွက်မည်။
အမှတ် ၃၀၃၊ အနော်ရထာလမ်း၊ ကုန်ဈေးတန်းလမ်းထိပ်
ဖုန်း– ၂၄၃၇၆၀၊၃၈၀၅၂၇

သမီးအဖြစ်မှစွန့်လွှတ်ခြင်း

ရေတာရှည်မြို့နယ် မြို့လှဈေး (၂) ရပ်ကွက်နေ ဦးတင်မြင့်–ဒေါ်ဘိုမတို့၏ သမီး မချိုချိုမြင့် ၇/ရတရ (နိုင်) ၁၀၆၂၈၂ သည် မိဘတို့၏ ဆိုဆုံးမမှုကို မနာခံဘဲ နေအိမ်မှထွက်သွားပါသဖြင့် အမွေစားအမွေခံသမီးအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ (၎င်းနှင့်ပတ်သက်လာ သောကိစ္စများ လုံးဝတာဝန်မယူပါ။) **ဦးတင်မြင့်**
၇/ရတရ (နိုင်) ၀၇၆၀၂၄
ဒေါ်ဘိုမ
၇/ရတရ (နိုင်) ၀၇၀၂၅၆

လေလံတင်ရောင်းချရန်ကြော်ငြာ

ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်းရှိ အောက်ဖော်ပြပါ တံတားများအား ၂၀၀၄–၂၀၀၅ ခုနှစ်မှ ၂၀၀၆–၂၀၀၇ ခုနှစ်အထိ တံတားအသုံးပြုခတောင်းခံခြင်းလုပ်ငန်း သုံးနှစ်လုပ်ပိုင်ခွင့် လုပ်ငန်းလိုင်စင်ကို နိုင်ငံသားလုပ်ငန်းရှင်များအား တံတားတည်ရှိရာ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်နယ်မြေများတွင် ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ကြောင်း ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းဆောက်လုပ်ရေးဝန်ကြီးဌာနမှ သတင်းစာများတွင် ကြော်ငြာပြီးဖြစ်ပါသည်။ သို့ဖြစ်၍ လုပ်ငန်းလိုင်စင်လျှောက်ထားလိုသူများသည် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ(တောင်ကြီးမြို့)သို့ အမြန်လာရောက်ဆက်သွယ်နိုင်ပါရန် အသိပေးအပ်ပါသည်–

(က) တာကော်တံတား(ကွန်ဟိန်းမြို့)
(ခ) ကွန်ဟိန်းတံတား(ကွန်ဟိန်းမြို့)
(ဂ) သံလွင်(တာဆန်း)တံတား(မိုင်းတုံမြို့)

ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
တောင်ကြီးမြို့။

နှစ်သစ်မဟာသင်္ကြန်ပွဲတော်

Discount Up To 70%

ယုဇနအထူးလျှော့ဈေး

(31.3.2004 to 9.4.2004)

ယုဇနရွှေပါမားကက်– ၁၅၊မွေ့ဇေတီလမ်း၊စမ်းချောင်းမြို့နယ်၊ (ဖုန်း)၅၂၄၈၉၅
ယုဇနစင်တာ–၁၃၀၊ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်၊ (ဖုန်း) ၅၄၀၇၄၉
ယုဇနကုန်တိုက်–ပထမထပ်ယုဇနပလာဇာ၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊(ဖုန်း) ၂၀၀၇၉၄

ဝမ်းနည်းကြေကွဲခြင်း

ဦးခင်လှိုင် (ညွှန်ကြားရေးမှူး၊ အငြိမ်းစား၊ သစ်တောဦးစီးဌာန)သည် ၂၈-၃-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ၊ သစ်တောဦးစီးဌာန။

ဝမ်းနည်းကြေကွဲခြင်း

မမကြီး ဒေါ်ခင်စီ(ခ)ဒေါ်တုတ် အသက်(၆၁)နှစ်သည် ၂၂-၃-၂၀၀၄ ရက်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

လေးလွင်။

ဝမ်းနည်းကြေကွဲခြင်း

မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဟင်္သာတခရိုင်မှ ဒေါ်ခင်ခင်မြင့် ဖခင် ဦးထွန်းတင် (၇၈)နှစ် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးကိုကိုကြီး-ဒေါ်အေးအေးဦး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းရုံးချုပ်၊ ရန်ကုန်။

ဒေါ်ခင်ညိုလေး
B.Sc (Chemistry)
အလုပ်ရုံခွဲမှူး(ဘဏ္ဍာရေး) ရေနံဓာတ်ငွေ့ရည်စက်ရုံ(မင်းဘူးမြို့)
အသက်(၅၁)နှစ်

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်နေ (ဦးခင်ကြီး)-ဒေါ်လေးမေတို့၏ သမီးကြီး၊ ရန်ကုန်မြို့နေ (ဦးတင်ညို)-ဒေါ်လှစိန်တို့၏သမီးချွေးမ၊ ဦးသိန်းဆွေ (ကုန်ထုတ်ဌာန၊ ရေနံဓာတ်ငွေ့ရည်စက်ရုံ၊ မင်းဘူး)ဇနီး၊ မောင်ကျော်ဝင်းနိုင် (Site: Engg, PTT Co.,၊ သာပေါင်း)၊ မောင်ဇော်ဝင်းပိုင်(နောက်ဆုံးနှစ်၊နည်းပညာတက္ကသိုလ်၊ မန္တလေး)၊ မနှင်းထွေးလှိုင်(နောက်ဆုံးနှစ်၊ စာပေစာယူ၊ မကွေးတက္ကသိုလ်)တို့၏မိခင်၊ ဗိုလ်မှူးချုပ်မောင်မောင်(ငြိမ်း)-ဒေါ်နော်ဘွေဖော၊ ဦးမောင်မောင်ဆန်း-ဒေါ်ခင်ရီ၊ ဦးမောင်ဘို-ဒေါ်ညွန့်ရီ၊ ဦးမောင်မောင်ချို-ဒေါ်ကေသီမြတ်တို့၏ညီမ၊ ဦးမောင်မောင်လွင်-ဒေါ်ခင်မေအောင်၊ ဦးမောင်မောင်သွင်-ဒေါ်စန်းစန်းအေး၊ ဦးသန်းလွင်-ဒေါ်တင်တင်ထွေးတို့၏ အစ်မသည် ၂၅-၃-၂၀၀၄ရက် နံနက် ၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၃-၂၀၀၄ရက်တွင်မင်းဘူးမြို့၌ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဦးမြင့်ဝေ
(CE Technology)
အသက်(၄၀)

ရန်ကုန်မြို့၊ ရန်ကင်း (Duplex)၊ တိုက်အမှတ် ၁၅၄(ခ)၊ ရန်နိုင်လမ်းသွယ် ၈၊ (၄)ရပ်ကွက်နေ (ဒုတိယဗိုလ်မှူးကြီးတင်ထွန်း)-ဒေါ်မမစိန်တို့၏သားထွေး၊ ဦးပြုံးမောင်မောင်-ဒေါ်ခင်သီတာထွန်း၊ ဗိုလ်မှူးအေးကိုကို(ငြိမ်း)-ဒေါ်နီလာဝေ၊ ဦးမိုးမြင့်တို့၏ညီငယ်၊ မခင်ပန်းနုပြုံး-Charles၊ မခင်နှင်းပွင့်ပြုံး၊ မောင်မြတ်ကိုကိုစိန်၊ မောင်ကျော်ထွန်းနိုင်၊ မနန္ဒာအေးကိုကိုတို့၏ဦးလေးသည် ၂၇-၃-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၃၁-၃-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၅ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃း၃၀ နာရီတွင် ထွက်ပါမည်။)

အထက်ပါနေအိမ်သို့ ၂-၄-၂၀၀၄ ရက်တွင် နံနက် ၇ နာရီမှ ၁၁ နာရီအထိ ရက်လည်ဆွမ်းကျွေး တရားနာကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဗိုလ်မှူးအောင်ဇော်မိုး
ဘီအေ(ဒီအက်စ်အေ-၂၉)
အသက်(၃၈)နှစ်

မိတ္ထီလာမြို့နေ ဦးကျော်ညွန့်-ဒေါ်ခင်တုတ်တို့၏သား၊ မခင်ကြူကြူ-ကိုလှိုင်မျိုးထိုက်တို့၏အစ်ကို၊ ရန်ကုန်မြို့နေ ဒေါ်ဥမ္မာမြင့် (ကထိက၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန)၏ခင်ပွန်း၊ မအိန္ဒြာမိုးမြင့်၊ မစန္ဒာမိုးမြင့်တို့၏ ဖခင်သည် ၂၈-၃-၂၀၀၄ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု။



ဦးလှသောင်း
(မိုးကောင်းဘုရားဂေါပကအဖွဲ့ဝင်)
အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ရန်ကင်းမြို့နယ်၊အမှတ် ၄၊ မဂ္ဂင်လမ်း၊ ကျောက်ကုန်းနေ (ဦးစိန်ခို-ဒေါ်မြအေး)တို့၏ သား၊ ဒေါ်တင်ကြည်၏ခင်ပွန်း၊ (ဦးငွေစိုး)၊ ဦးသောင်း-ဒေါ်တင်မြင့်၊ (ဒေါ်စန်းမြင့်)၊ (ဒေါ်စန်းတင့်)တို့၏အစ်ကို၊ ဦးမြင့်သိန်း - ဒေါ်သိန်းသိန်းထွန်း (မထူး)၊ ဦးမျိုးမြင့်ဝင်း-ဒေါ်ခင်ဝင်းမြင့်(ပေါက်ပေါက်)တို့၏ဖခင်၊ ဒေါ်နန်းမူ၊ ဒေါ်ခင်မိမိ၊ ဒေါ်ခင်စန်း၊ ဒေါ်မာမာလွင်၊ ဒေါ်တင်တင်လွင်၊ ဒေါ်လွင်လွင်ချောတို့၏ဘကြီးသည် ၂၉-၃-၂၀၀၄ရက်(တနင်္လာနေ့) ည ၈း၄၅ နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၃၁-၃-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။)ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဆရာမကြီးနော်သူးလေဖော(ခ)
Rosebelle Khin Mg
အမျိုးသမီးဌာနတာဝန်ခံ (မြန်မာနိုင်ငံ နှစ်ခြင်းခရစ်ယာန်အသင်းချုပ်)
အသက်(၅၄)နှစ်

ရန်ကုန်တိုင်း၊ အလုံမြို့နယ်၊ ကရင်ခြံရပ်ကွက်၊ အမှတ် ၁၂၁(င)၊ မင်းရဲကျော်စွာလမ်း၊ (သာသနာ့ဝင်း)နေ (ဟင်္သာတ ဒေါက်တာ စောခင်မောင်-နော်စိန်ဖြူ)တို့၏သမီးထွေး၊ စောထွေးကျော်-(နော်သိန်းရင်)တို့၏သမီးချွေးမ၊ (စောရော်နယ်(ခ)စိုးနိုင်)-နော်ခင်ငွေး၊ နော်အဲနာဘဲလ်-စောရွှေကျော်ထွန်းတို့၏ ညီမ၊ စော Lucannus၊ စော Paniel၊ စော Blessed၊ နော် Purity၊ နော် Gloria တို့၏မိခင်၊ သိက္ခာတော်ရ ဆရာတော်စောကွာလာ(မြောင်းမြ-စခန်းကြီးကရင်နှစ်ခြင်းအသင်းတော်၊ သင်းအုပ်ဆရာတော်)၏ဇနီးသည် ၂၉-၃-၂၀၀၄ရက် နံနက် ၁၀ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပြီဖြစ်ပါ၍ ၃၁-၃-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၉ နာရီတွင် နှစ်ခြင်းသာသနာဌာနချုပ်၊ အောက်မေ့ဖွယ်ခန်းမ၊ အမှတ် ၁၄၃၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၌ ဘုရားဝတ်ပြုပြီး ရေဝေးကရင်နှစ်ခြင်း ခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ကျောင်း၊ရေကန်ဒါယကာ
ကိုခင်အောင်ကြည်
(Dolhoff Larsen Horneman)
အထက(၆)ဗိုလ်တထောင် ကျောင်းသားဟောင်း
အသက်(၃၃)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ နံ့သာလမ်း၊ အမှတ် ၄၅၊ မြေညီထပ်နေ (ဦးတင်မောင်ကြည် - ဒေါ်သိန်းကြည်)၊ (ဦးဘသင်း) - ဒေါ်တင်တင်အေးတို့၏မြေး၊ (ဦးအောင်သိဏ်းကြည်)-ဒေါ်မြမြသန်းတို့၏သား၊ ဦးစိုးဝင်း (Win & Win Trading Co.,Ltd.)-ဒေါ်နီလာအောင်တို့၏မောင်၊ မရူပါအောင် (Dolhoff Larsen & Horneman A/S)၏အစ်ကိုသည် ၂၇-၃-၂၀၀၄ ရက်(စနေနေ့) နံနက် ၁၀ နာရီတွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါ၍ ယင်းနေ့ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးများအား အကြောင်းကြားပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂-၄-၂၀၀၄ရက် (သောကြာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်၌ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဒေါ်ခင်မေ (စစ်တွေ)
အသက်(၈၂)နှစ်

စစ်တွေမြို့(မြို့အုပ်ကြီး ဦးကျော်ဇောဖြူ-ဒေါ်လှဖြူ)တို့၏သမီးကြီး၊ (ဦးစံသာ၊ ဒုမန်နေဂျာ၊ ယခင်အထည်အလိပ်ကုန်သွယ်ရေး)၏ဇနီး၊ ဒေါ်သိန်းမေ-(ဦးစံသာ)၊ ဒေါ်ခင်ထွေး-(ဦးစံရွှေ)၊ ဦးစောထွေး-(ဒေါ်ကျော့ဝင်းစိန်)တို့၏ အစ်မကြီး၊ အမှတ် ၃၀၊ ရန်ပြေ ၁၄ လမ်း၊ (၃)ရပ်ကွက်၊ သာကေတမြို့နယ်နေ ဦးမြထွန်း(အငြိမ်းစား၊ကုန်သွယ်/လယ်ယာ)- ဒေါ်ခင်ခင်ကြည်၏ မိခင်၊ ဦးကျော်ဝင်း(မြန်မာ့သစ်လုပ်ငန်း)-ဒေါ်ကေသီဝေ(အလက-၂၊ ဒေါပုံ)၊ ဦးစိုးသီဟထွန်း(တပ်စာရင်းကိုင်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်)၊ ဒေါ်မိုးသိင်္ဂီထွန်း (မြန်မာနိုင်ငံသားများဘဏ်)၏အဘောင်ရှင်ကြီး၊ မြစ်နှစ်ယောက်တို့၏ အဖိုးရှင်သည် ၂၉-၃-၂၀၀၄ရက်တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၃-၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (သာကေတနေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဦးခင်လှိုင်
ညွှန်ကြားရေးမှူး(ငြိမ်း) သစ်တောဦးစီးဌာန
အသက်(၇၃)နှစ်

သရက်မြို့၊ သံကြိုးလမ်းနေ (ဦးဘိုးဆောင်-ဒေါ်အုန်း)တို့၏သားကြီး၊ အိမ်အမှတ် ၁၅၈၊ အကွက် ၃၀၊ မြဟေဝန်လမ်း၊ အမှတ်(၂)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်နေ ဒေါ်စိန်စိန်လေး၏ခင်ပွန်း၊ ရန်ကုန်မြို့၊ ၆၀(H)၊ ကမ္ဘာအေးဘုရားလမ်းနေ (ဒေါက်တာခင်ကြိုင်)-ဒေါ်သွင်သွင်ကြိုင်တို့၏အစ်ကိုကြီး၊ (ဦးစိန်လှိုင်ဦး)၊ ဦးငြိမ်းဝင်း-ဒေါ်ခိုင်သက်ဝါ၊ဦးမင်းဆွေ-ဒေါ်တင်တင်ဝင်း၊ ဒေါက်တာဝင်းထိန် - ဒေါက်တာသူဇာဝင်း၊ ဒေါက်တာဝင်းဝင်းနိုင်-ဦးကျော်ဇင်တို့၏ ဖခင်၊ မြေးခြောက်ယောက်တို့၏ အဘိုးသည် ရွှေဂုံတိုင်အထူးကုဆေးခန်း SSC တွင် ၂၈-၃-၂၀၀၄ရက် ည ၉း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၃-၂၀၀၄ရက် ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား သိစေအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်ခင်ညိုလေး
B.Sc (Chemistry)
အလုပ်ရုံခွဲမှူး(ဘဏ္ဍာရေး) ရေနံဓာတ်ငွေ့ရည်စက်ရုံ(မင်းဘူးမြို့)
အသက်(၅၁)နှစ်

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်နေ (ဦးခင်ကြီး)-ဒေါ်လေးမေတို့၏ သမီးကြီး၊ ရန်ကုန်မြို့နေ (ဦးတင်ညို)-ဒေါ်လှစိန်တို့၏သမီးချွေးမ၊ ဦးသိန်းဆွေ (ကုန်ထုတ်ဌာန၊ ရေနံဓာတ်ငွေ့ရည်စက်ရုံ၊ မင်းဘူး)၏ဇနီး၊ မောင်ကျော်ဝင်းနိုင် (Site: Engg, PTT Co.,၊ သာပေါင်း)၊ မောင်ဇော်ဝင်းပိုင်(နောက်ဆုံးနှစ်၊နည်းပညာတက္ကသိုလ်၊ မန္တလေး)၊ မနှင်းထွေးလှိုင်(နောက်ဆုံးနှစ်၊ စာပေစာယူ၊ မကွေးတက္ကသိုလ်)တို့၏မိခင်၊ ဒေါက်တာအောင်မင်း (တိုက်ကြီး)-ဒေါက်တာအေးအေးလှတို့၏ ညီမ၊ ဦးအောင်ဘော်-ဒေါ်သူသူခင်၊ ဦးအောင်သန့်-ဒေါ်စန်းလေး၊ ဦးခင်မောင်မောင်-ဒေါ်အေးအေးသန့်၊ ဒေါ်ခင်မမ၊ ဦးစိုးလွင်ဦး-ဒေါ်အေးသန့်ညို၊ ဦးကျော်ဇေယျ-ဒေါ်ထွေးထွေးညိုတို့၏ အစ်မသည် ၂၅-၃-၂၀၀၄ရက် နံနက် ၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၃-၂၀၀၄ရက်တွင် မင်းဘူးမြို့၌ ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

မောင်လင်းနိုင်အေး
A.G.T.I (MP) မအူပင်
B.Sc (Phy)
အသက်(၂၄)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ အော်တိုအိတ်ချိန်းဝင်း၊ ဝန်ထမ်းအိမ်ရာနေ ဦးအေးသန်း-ဒေါ်သန်းအိ(တာဝန်ခံအင်/ယာ၊ ဒဂုံမြောက်ပိုင်းအိတ်ချိန်း)တို့၏သား၊ မမိုးမိုးအေး(အင်ဂျင်နီယာချုပ်ရုံး၊ အော်တိုတယ်လီဖုန်း)၏မောင်၊ မောင်မင်းဇော်အေး (ရွှေရော ဗီဒီယိုရိုက်ကူးရေး)၏အစ်ကိုသည် ၂၉-၃-၂၀၀၄ရက် (တနင်္လာနေ့) ညနေ ၅း၄၀ နာရီတွင် သဃ်္ဃန်းကျွန်းစံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၃-၂၀၀၄ ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (သဃ်္ဃန်းကျွန်းစံပြဆေးရုံမှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်းဒါယိကာမကြီး
ဒေါ်မုန်း (မြိုင်ကုန်း)
အသက်(၉၀)

မန္တလေးတိုင်း၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်၊ မြိုင်ကုန်းရွာနေ(ဦးမြင့်-ဒေါ်ချင်း)တို့၏သမီး၊ (ဦးဖိုးရ)၏ဇနီး၊ ဦးတင်အောင်(ဦးဆောင်ညွှန်ကြားရေးမှူး၊ ငြိမ်း၊မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း)-ဒေါ်လှတင်၊ ဦးစံလှ (ဒုဦးစီးမှူး၊ မွေး/ကုတံတားဦး)-ဒေါ်သန်းသန်း၊ ဦးပြည့်-ဒေါ်နှင်းရီ၊ ဦးဝင်းနိုင်-ဒေါ်မြင့်မြင့်အေးတို့၏မိခင်၊ ကိုအောင်ဇင်ဝင်း-မသီတာအောင်၊ မနီလာအောင်၊ ကိုနေမျိုးဝင်းအောင်၊ ကိုလှမျိုးဝင်းအောင်-မကြူကြူမြတ်၊ ကိုဇော်ဝင်းအောင်-မအေးလဲ့ဖြူ၊ ကိုငြိမ်းထိုက်စံ၊ မဇာဇာ၊ ကိုဇော်ငွေး၊ ကိုကျော်ကျော်၊ မကေခိုင်ဝင်းနိုင်၊ မခင်နှင်းဦး၊ မခင်စိုးဦး၊ မောင်ဝင်းမြတ်သူတို့၏အဘွား၊ မြစ်ခြောက်ယောက်တို့၏ အဘွားသည် ၂၇-၃-၂၀၀၄ရက်တွင် မြိုင်ကုန်းရွာ နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၃-၂၀၀၄ရက်တွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဦးစောအော်ရီး(ခ) ဦးစောသောင်းတင်
အပြည်ပြည်ဆိုင်ရာဒိုင်လူကြီး(ငြိမ်း) (မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)
အသက်(၆၈)နှစ်

ပုသိမ်မြို့နေ (စောအယ်လင်အော်ရီး-နော်စိမ်းညွန့်)တို့၏သားထွေး၊ (နော်စတယ်လာအော်ရီး)၏မောင်၊ (ဦးစောရောဘတ်အော်ရီး)၏ညီ၊မြောက်ဥက္ကလာပမြို့နယ်၊(င)ရပ်ကွက်၊ နွယ်နီ ၁၁ လမ်း၊ အမှတ် ၄၃၁ နေ နော်ရှယ်လီဟားရေ၏ခင်ပွန်း၊ စောရှမိုအေးလ-နော်ပုလဲ၊ စောသိုးမား-မမိုးမိုး၊ စောယိုးနသာ၊ နော်နိုရင်း-ဦးသန်းဝင်း၊ နော်ရီးလာသောင်းတင်-မစ္စတာဝမ်ဂွမ်ချီးတို့၏ဖခင်၊ မြေး ၁၀ယောက်တို့၏အဘိုးသည် အထက်ပါနေအိမ်၌ ၂၇-၃-၂၀၀၄ရက် ည ၁၀း၃၀ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၃၁-၃-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉ နာရီတွင် ဗေသလကရင်နှစ်ခြင်းအသင်းတော်၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးကရင်နှစ်ခြင်း ခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဦးငွေသိန်း(ခ)ဦးမင်းသိန်း
(ပထဝီဝင်)
အသက်(၆၅)နှစ်

ရန်ကုန်မြို့၊ အမှတ် ၅၅၁၊ ရတနာပုံ(၂)လမ်း၊ (၁၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်နေ ဒေါ်သန်းသန်း၏ခင်ပွန်း၊ မောင်မျိုးကျော်-မစပယ်တို့၏ဖခင်၊ မစိုးသန္တာလင်း၏အဘိုးသည် ၂၇-၃-၂၀၀၄ရက်(စနေနေ့)နံနက် ၁၀ နာရီတွင်ကွယ်လွန်သွားပါ၍ ၂၉-၃-၂၀၀၄ရက် (တနင်္လာနေ့)နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

၂-၄-၂၀၀၄ရက် (သောကြာနေ့) နံနက်အရုဏ်တွင် ဆွမ်းကျွေးတရားနာ အထက်ပါနေအိမ်သို့ ကြွရောက်ပါရန် ဖိတ်ကြားပါသည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊ကျောင်း၊ရေကန်ဒါယကာ
ကိုခင်အောင်ကြည်
(Dolhoff Larsen Horneman)
အထက(၆)ဗိုလ်တထောင် ကျောင်းသားဟောင်း
အသက်(၃၃)နှစ်

အမှတ် ၄၅၊ မြေညီထပ်၊ နံ့သာလမ်း၊ အလုံမြို့နယ်နေ (ဦးတင်မောင်ကြည်-ဒေါ်သိန်းကြည်)၊(ဦးဘသင်း)-ဒေါ်တင်တင်အေးတို့၏မြေး၊ (ဦးအောင်သိဏ်းကြည်)-ဒေါ်မြမြသန်းတို့၏သား၊ ဒေါ်ခင်လေးကြည်-ဗိုလ်မှူးသိန်းလှ(ငြိမ်း)၊ ဗိုလ်မှူးတင်အောင်ကြည်(ငြိမ်း)-ဒေါ်ငွေးရွှေသာ၊ ဒေါ်ခင်ပြုံးကြည်(ထ-၆၊ ဗိုလ်တထောင်၊ ငြိမ်း)-(ဗိုလ်မှူးဝင်းလွင်)၊ ဒေါ်ခင်ထွေးကြည်-ဦးတင်ပိုင်၊ ဦးဘိုဘို-ဒေါ်မဥ္ဇူစိုး၊ ဒေါ်မာလာသင်း-ဦးခင်မောင်မြင့်(Taratip Co.)၊ ဒေါ်ကေခိုင်သင်း-ဦးကြည်မြင့် (C/E HUB Line)တို့၏တူသား၊ မောင်နှမ ၂၁ ယောက်တို့၏ညီ/အစ်ကို၊ တူ တူမ သုံးယောက်တို့၏ဘကြီးသည် ၂၇-၃-၂၀၀၄ရက် (စနေနေ့) နံနက် ၁၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ယင်းနေ့ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးများအား အကြောင်းကြားပါသည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာ
ဦးပု (တောင်ငူမြို့/မြို့လှ)
အသက်(၉၁)နှစ်

(ဦးဘိုဒွေး-ဒေါ်မှင်)တို့၏ သား၊ (ဦးဘိုနီ - ဒေါ်အေးစိန်)တို့၏ သားသမက်၊ တောင်ငူမြို့၊ ၇/၂၉၊ ဆေးရုံဟောင်းလမ်းနေ ဒေါ်ခင်ညွန့်၏ခင်ပွန်း၊ ဦးလွင်ဦး-ဒေါ်ခင်နီ၊ ဒေါ်ဝါဝါမော်၊ ဦးရန်မျိုးနိုင်-ဒေါ်သန်းသန်းငွေး(ပန်းသီကုမ္ပဏီ)၊ ဦးမျိုးခိုင်-ဒေါ်သီတာလင်း၊ ဦးမိုးဟိန်း-ဒေါ်သင်းသင်းမော်၊ ဦးထင်လင်းနိုင်တို့၏ဖခင်၊ မြေး ၁၁ ယောက်တို့၏အဘိုးသည် ၂၉-၃-၂၀၀၄ရက် မွန်းလွဲ ၁း၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၃၁-၃-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁ နာရီတွင်တောင်ငူမြို့ အနောက်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဦးတင်စိန် (မုတ္တမမြို့)
အသက်(၇၃)နှစ်

(ဦးပိန်-ဒေါ်ကြွေ)တို့၏သား၊(ဦးကုလားဖေ-ဒေါ်ရင်စိန်)တို့၏သားသမက်၊ မုတ္တမမြို့၊ အမှတ် ၁၁ နယ်မြေ၊ ဇေတဝန်ရပ်နေ (ဒေါ်အုန်းနု)၏ခင်ပွန်း၊ ကိုနိုင်ဝင်း-မညိုညိုစန်း၊ ကိုဝင်းဇော်၊ ဗိုလ်မှူးမင်းတလထော (သာယာဝတီခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ အတွင်းရေးမှူး) - ဒေါ်ခင်သက်မော်၊ ကိုတင်ထွန်း-မအေးအေးမော်၊ ကိုဝင်းကို- မနုနုငယ်(သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း)၊ ကိုသိန်းဇော်တို့၏ဖခင်၊ မိစုရတနာမင်းထော၊ မင်းတလသွန်းထော၊ မိသီရိရတနာမင်းထော၊ အိသဇင်ထွန်းတို့၏အဘိုးသည် ၂၉-၃-၂၀၀၄ရက် နံနက် ၉း၄၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၃၀-၃-၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် မုတ္တမမြို့ အောင်ဇေယျမြို့သစ် သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ရဟန်း၊ကျောင်းဒါယိကာမကြီး
ဒေါ်သန်းမြ
ကျောင်းအုပ်ဆရာမကြီး(ငြိမ်း)
အထက(၁)၊သုံးခွ
အသက်(၆၈)နှစ်

ရန်ကုန်မြို့၊တာမွေမြို့နယ်၊ကျားကွက်သစ်ရပ်ကွက်၊ ဘယသုဒ္ဓိလမ်း၊ အမှတ် ၃ နေ (ဦးသော်-ဒေါ်တင်)တို့၏သမီး၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မလွကုန်းငှေးကြွယ်(က)ရပ်ကွက်၊ သမ္မာဒိဋ္ဌိလမ်း၊ အမှတ် ၄၄ နေ (ဦးကျော်လွင်)၏ဇနီး၊ ဦးဝင်းထွဋ်-ဒေါ်ဝင်းဝင်းကျော် (အထက-၄၊ သဃ်္ဃန်းကျွန်း)၊ ဦးတင်မောင်ဆွေ(စည်ပင်၊ အခွန်ဌာန)-ဒေါ်စန်းစန်းလွင်၊ ဦးမင်းကြည်-ဒေါ်မြစန္ဒာ၊ ဦးမိုးဇော်အောင်(မြန်မာတိုယိုတာဆူရှိကုမ္ပဏီလီမိတက်)၊ ဒေါ်မြသီတာ(မြန်မာ့အာမခံလုပ်ငန်း)တို့၏မိခင်၊ မြေး ၁၂ ယောက်တို့၏ အဘွားသည် ၂၉-၃-၂၀၀၄ရက် နံနက် ၁၁း၁၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၃၁-၃-၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်း ကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁၂း၄၅ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်လှလှတင်
(ကျောက်ဖြူမြို့)
အသက်(၅၇)နှစ်

ရခိုင်ပြည်နယ်၊ကျောက်ဖြူမြို့၊အစိုးရရပ်ကွက်၊ ချင်းကွက်သစ်နေ (ဦးတလုတ်ဒါး-ဒေါ်မတင်)တို့၏သမီး၊ ဦးထွန်းဝင်း၏ဇနီး၊ စမ်းချောင်းမြို့နယ်နေ (ဦးကိုကိုကြီး)-ဒေါ်ချိုဝင်းမာ၊ ကျောက်ဖြူမြို့နေ ဦးကိုကိုလေး - ဒေါ်မဟန်ကျော့တို့၏ ညီမ၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ငှ)ရပ်ကွက်၊ ဣန္ဒာ ၉ လမ်း၊ အမှတ် ၇၅၆နေ ဦးထွန်းဝေ-ဒေါ်လှလှနိုင်တို့၏အစ်မ၊ ဦးထွန်းထွန်းစိုး၊ ဦးညီညီစိုး(သစ်တောဦးစီးဌာန၊ သန်လျင်မြို့နယ်)၊ ဦးအောင်ကျော်စိုး၊ ဒေါ်စိုးမိုးဝင်း (ပညာရေးကောလိပ်၊ အမက-၁၊ ကျောက်ဖြူ)၊ ကိုကျော်စိုးဝင်းတို့၏မိခင်၊ ဗိုလ်တထောင်မြို့နယ်၊ သန်လျက်စွန်း၊ အမှတ် ၄ နေ မဆွေဆွေယု၏အဒေါ်၊ မြေးလေးယောက်တို့၏ အဘွားသည် ၂၈-၃-၂၀၀၄ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၂း၁၅ နာရီတွင် ကွယ်လွန်ပါ၍ ၁-၄-၂၀၀၄ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယကာကြီး
ဦးဟုတ်ရှိန် (ကွမ်ရိုက်ရွာ)
အသက်(၉၅)နှစ်

မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ ကွမ်ရိုက်ကျေးရွာနေ (ဦးတင်မောင်-ဒေါ်ရိုင်)တို့၏သား၊ မော်လမြိုင်မြို့၊ အမှတ် ၂၆၊ ဦးဇိနဘုရားလမ်းနေ ဒေါ်မြမေ၏ခင်ပွန်း၊ ဦးတင်အောင်(သမဦးစီးအရာရှိ၊ ငြိမ်း)-(ဒေါ်ခင်အေးမော်)၊ ဒေါက်တာဘဏ်ဇော် (မြို့နယ်ကျန်းမာရေးမှူး၊လှည်းကူးမြို့နယ်)-ဒေါ်ကင်ထွေးတို့၏ဖခင်၊ မယဉ်ယဉ်အောင်(အာရှစနဘဏ်)၊ ဒေါက်တာတင်တင်အောင်၊ မောင်နေဇော်ဦး (OK Net Work Game Centre) - မချိုချိုအေး၊ မဆောင်းသဥ္ဇာဇော်(Final Year B-Pharm)၊ မငုနွေဇော်(1st Year Law)တို့၏ အဘိုးသည် ၂၈-၃-၂၀၀၄ရက် (တနင်္ဂနွေနေ့) ည ၁၁း၄၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၃၀-၃-၂၀၀၄ရက် (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် အထက်ပါနေအိမ်မှ ဝဲဂလာ တရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဆရာကြီးဦးသောင်းကျော်
(ရေနံချောင်း)
B.Sc, Dip. Ed
အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်းတောင်ရပ်ကွက်၊ အမှတ် ၃၁၊ ပန်းတနော်လမ်းနေ(ဆရာမကြီးဒေါ်မိမိ)၏ခင်ပွန်း၊ မင်းသံမွန် (Amtiam Co., Ltd.) - မအေးအေးစိုး(Eco)၊ မသက်စုဟန်(Final part II ဆေး-၁)၊ မင်းသံညီ (Final Yr, YTU)၊ ခိုင်ဇော်ဟန် (Final Yr, Geol, YUC)၊ ဒုဗိုလ် ရဲဇော်ဝင်း (DSA)၊ သံဒါစုလှိုင်(Final part I ဆေး-၁)၊ ညီဇော်ဟန်(Final Yr, Computer)၊ ခက်ပွင့်လှိုင်(3rd Yr, Law YUC)၊ တင်မင်းထက်၊ စိုးစန္ဒာဝင်း(2nd Yr, Computer)၊ တင်မင်းဆက်(1st Yr လေကြောင်းတက္ကသိုလ်)၊ ဖူးပွင့်လှိုင်(ထ-၄၊ စမ်းချောင်း)၊ ပန်းပွင့်လှိုင်(ထ-၄၊ စမ်းချောင်း)၊ သူရကျော်ကျော်(မ-၁၈၊ စမ်းချောင်း)၊ ကြည်ဇင်သန့်တို့၏အဘိုး၊ ခန့်သံစဉ်၏ဘိုးဘိုးကြီးသည် ၂၈-၃-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၃-၂၀၀၄ရက် (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမြေးမြစ်များ။

မောင်တောမြို့နယ်အသင်း(ရန်ကုန်)
ဦးရွှေသီး
နိုင်ငံခြားရေးဝန်ကြီးဌာန(ငြိမ်း)
အသက်(၇၀)

ရန်ကုန်တိုင်း၊ ပုဇွန်တောင်မြို့နယ်၊ ရေကျော်ရပ်၊ မြောင်းကြီးလမ်း၊ အမှတ် ၈၅(အေ)နေ ရာသက်ပန်အသင်းသား ဦးရွှေသီးသည် ၂၇-၃-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၃-၂၀၀၄ ရက် ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါ၍ အသင်းသူ အသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန် အကြောင်းကြားအပ်ပါသည်။(အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။) အမှုဆောင်အဖွဲ့။

ဒေါ်ဝင်းမြင့်
အသက်(၅၃)နှစ်

ဒိုက်ဦးမြို့နေ(ဦးမောင်လေး-ဒေါ်အေးသွယ်)တို့၏သမီး၊ ဟင်္သာတမြို့နေ (ဦးသိန်းဖေ-ဒေါ်အေးမေ)တို့၏ချွေးမ၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း၊ မဟာဗောဓိလမ်း၊ တိုက်အမှတ် ၁၆(ငါးလွှာ)နေ ဦးအေးလွင်(အမှတ်-၁၊ ဓာတ်ငွေ့စက်ရုံ၊ ငြိမ်း)၏ ဇနီး၊ ဦးကျော်ခင် (လ/ထညွှန်ကြားရေးမှူး၊ ငြိမ်း၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေး)-ဒေါ်စိန်စိန်တို့၏ညီမ၊ ဦးဇော်မျိုးဦး(2/0)- ဒေါ်လွင်လွင်မာ၊ ဦးနိုင်ထွန်းအောင်(Cafe Aroma)-ဒေါ်မြင့်မြင့်သိန်း၊ မောင်အောင်ကျော်မိုး၊ မောင်အောင်ကျော်မျိုးတို့၏မိခင်၊ မောင်ဟိန်းထက်လင်း(KG.B, TTC)၊ မဇာခြည်ထွန်းတို့၏အဘွားသည် ၂၈-၃-၂၀၀၄ ရက်(တနင်္ဂနွေနေ့) နံနက် ၇း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၃-၂၀၀၄ရက်(အင်္ဂါနေ့)နံနက် ၁၀ နာရီတွင် ရန်ကုန်ဆေးရုံကြီးမှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဆရာကြီးဦးသောင်းကျော်
(ရေနံချောင်း)
B.Sc, Dip. Ed
အထက-၁၊ ရေနံချောင်း
အထက-၁၊ အလုံ
အထက-၁၊ မရမ်းကုန်း
အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်းတောင်ရပ်ကွက်၊ အမှတ် ၃၁၊ ပန်းတနော်လမ်းနေ (ဦးတူ-ဒေါ်ဖွားမှီ)တို့၏သား၊ (ဆရာမကြီး ဒေါ်မိမိ)၏ခင်ပွန်း၊ ဗိုလ်ကြီးသံဆင်မြင့် (ငြိမ်း) (G/S Co.,Ltd.)-ဒေါ်ခင်မြင့်လှိုင် (လ/ထ ညွှန်မှူး၊ ဘဝရေ)၊ ဦးဟန်တင် (ရူပဗေဒ) - ဒေါ်ဝင်းနွဲ့ခိုင် (ထ-၁၊ စမ်းချောင်း)၊ ဦးတင်ဝင်း(ထက်/အုပ်၊ ငြိမ်း)-ဒေါ်ဝင်းနွဲ့လှိုင် (ထ-၄၊ စမ်းချောင်း)၊ ဗိုလ်ကြီးတင်မောင်ဇော်(လေ၊ ငြိမ်း) (အင်/ယာသာပေါင်း ပျော့ဖတ်စက်ရုံ)-ဒေါ်ဝင်းနွဲ့ကြိုင်(မ/၂၁၊ဗဟန်း)၊ (ဗိုလ်မှူးညီညီလှိုင်) - ဒေါ်ဝင်းနွဲ့မြိုင် (ဆရာမ၊ငြိမ်း)၊ ဦးကျော်အင်းမြင့်(ဦးပိုင်ကုန်စည်)-ဒေါ်နီလာတို့၏ ဖခင်ကြီး၊ မြေး ၁၅ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၂၈-၃-၂၀၀၄ရက် ည ၉း၄၀ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၃-၂၀၀၄ ရက် (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးမြင့်ဆွေ
ထွန်းကုမ္ပဏီလီမိတက်
လ/ထ ဦးစီးမန်နေဂျာ
ပုဇွန်တောင်ကုန်သွယ်ရေး(ငြိမ်း)
(ပန်းတနော်)
အသက်(၇၄)နှစ်

ပန်းတနော်မြို့နေ (ဦးဘထွန်း-ဒေါ်အမာ)တို့၏သား၊ ရန်ကုန်မြို့နေ ဦးထွန်းအောင်-ဒေါ်ခင်ခင်ထွန်း၊ ဦးတင်ဦး (အငြိမ်းစား၊ဆေးနှင့်ဆေးပစ္စည်း)-ဒေါ်ခင်ရီတို့၏မောင်၊ ဒုတိယဗိုလ်မှူးကြီး တင်အောင်(ငြိမ်း) - ဒေါ်ရင်ရင်ထွန်းတို့၏အစ်ကိုကြီး၊ ရန်ကုန်မြို့၊ အမှတ် ၂၀၊ အထက်ပုဇွန်တောင်လမ်းနှင့် တိုက် ၅/၃၈၁၊ အထက်ပုဇွန်တောင်လမ်းနေ ဒေါ်စန်းကြည်၏ခင်ပွန်း၊ ဒေါ်ခင်ဆွေဦး (UNICO Store)၊ ဦးညီညီလင်း-ဒေါ်ကြည်ဆွေဦး(ပုဇွန်တောင် စည်ပင်)၊ ဒေါ်ခိုင်ဆွေဦး (ဆိပ်ကြီးခနောင်တို၊ အမက-၁၂)၊ ဦးသန်း ငွေး-ဒေါ်လှနုဖြူ၊ ဒေါ်စုစုလှိုင်(ဗဟိုဘဏ်)၊ ဦးစပ်ခွန်ကြည်-ဒေါ်ခင်မာဝင်း၊ မတင်မျိုးမြတ်နွယ်တို့၏ဖခင်ကြီး၊ မောင်ကြည်လှဟန်၊ မောင်မြတ်ဘုန်းခန့်၊ မအမ်မရာသန်းငွေးတို့၏ဘိုးဘိုးကြီးသည် ၂၈-၃-၂၀၀၄ ရက် (တနင်္ဂနွေနေ့) ည ၆း၄၅ နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၃၀-၃-၂၀၀၄ရက်(အင်္ဂါနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမကြီး
ဒေါ်မြင့်မြင့် (ဟင်္သာတ)
အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ အမှတ် ၁၂၊ ကုက္ကိုင်းရိပ်သာလမ်း၊ရွှေတောင်ကြား(၂)၊ဗဟန်းမြို့နယ်နေ (ဦးတင်အေး) (ကုန်သွယ်/လယ်ယာ၊ ငြိမ်း)၏ဇနီး၊ ဟင်္သာတမြို့နယ်၊ တလုတ္တော်ကျေးရွာနေ (ဦးထွန်းလှ-ဒေါ်ဖွားကြွယ်)(ဆန်စက်ပိုင်)တို့၏သမီး၊ ဦးစိန်သောင်း (ဆောက်/လျှပ်၊ ငြိမ်း)-ဒေါ်စန်းစန်းမွန်၊ ဦးကျော်အေး (GM Five Stones Co.)-ဒေါ်ခင်အေးသန်း၊ Capt,ဦးအောင်ဝင်း(ကြယ်ငါးပွင့်)-ဒေါ်ညိုညို၊ဦးသန်းဆွေ(C/O)-ဒေါ်ဝါဝါတင်၊ ဦးဇော်မင်းလွင်-ဒေါ်ဥမ္မာဝင်းတို့၏မိခင်၊ မောင်ဇေယျာစိုး (A/B ကြယ်ငါးပွင့်)၊ မောင်ဗိုလ်ဗိုလ်၊ မောင်ဟိန်းဇော်(ဆေး-၁)၊ မသီရိဝါ၊ မောင်စစ်ပိုင်ဖြိုး၊ မောင်ကျော်ပွင့်သစ်ထွန်း၊ မနှင်းယွန်းဝတီတို့၏အဘွားသည် ၂၉-၃-၂၀၀၄ရက် (တနင်္လာနေ့)နံနက် ၁၁း၃၅ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၃-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ် မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။

R. 488

အမျိုးသားရေးလုပ်ငန်းစဉ်ကြီးများအောင်မြင်ဖြစ်ထွန်းရေး နယ်စပ်ဒေသဖွံ့ဖြိုးရေးအောင်မြင်မှုသည် ပဓာနကျ

★ ၁၀ နှစ်ကျော်မျှသော အချိန်တိုကာလအတွင်း နယ်စပ်ဒေသများတွင် အရှိန်အဟုန်ဖြင့် သိသာထင်ရှားစွာ ဖွံ့ဖြိုးတိုးတက်လာသကဲ့သို့ ဘိန်းစိုက်ပျိုးထုတ်လုပ်မှုမှာလည်းကျဆင်းလာခဲ့။

★ နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသ၏စီးပွားရေးလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းရေးနှင့် လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေးတို့ကို ယှဉ်တွဲဆောင်ရွက်ပေးနေ။

★ နယ်စပ်ဒေသ တိုးတက်ဖြစ်ထွန်းမှုများ စဉ်ဆက်မပြတ် တိုးတက်မြင့်မားသွားစေရအောင် လူ့စွမ်းအား အရင်းအမြစ်များ ပေါ်ထွန်းလာရေးအတွက်ပါ စီမံဆောင်ရွက်သွားရန်လိုအပ်။

★ အမျိုးသားရေးလုပ်ငန်းစဉ်ကြီးများ အောင်မြင်စွာအကောင်အထည်ပေါ်ဖြစ်ထွန်းလာရေးတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ အောင်မြင်ပြည့်မြောက်ရေးသည် ပဓာနကျသော အခန်းကဏ္ဍတွင် ရှိနေသည်ဆိုခြင်းကို သိမြင်ခံယူ။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရား ဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ယနေ့ထုတ်ခေါင်းရေ ၂၀၀၁၂၅

ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေခြင်းသည် အမျိုးသားရေးမူဝါဒနှင့်လုပ်ငန်းစဉ်များ မှန်ကန်ပြည့်စုံမှုကို ဖော်ညွှန်းပြသ

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီဝင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည် ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုး တိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီအစည်းအဝေး အမှတ်စဉ်(၁/၂၀၀၄)တွင် ဆွေးနွေးတင်ပြစဉ်။ **(သတင်းစဉ်)**

ရွှေ့ဖုံးမှ

အစည်းအဝေးသို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဗဟိုကော်မတီဝင် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဗဟိုကော်မတီဝင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ဗဟိုကော်မတီအတွင်းရေးမှူး နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ ဗဟိုကော်မတီဝင်များဖြစ်ကြသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်စိုးသိန်း၊ ကာကွယ်ရေး ဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသော ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ဗဟိုကော်မတီတွဲဖက်အတွင်းရေးမှူး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၊

စာမျက်နှာ ၈ ကော်လံ ၁

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည် ဖော်ရေး ဗဟိုကော်မတီ အတွင်းရေးမှူး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီ အစည်းအဝေး အမှတ်စဉ်(၁/၂၀၀၄)တွင် ဆုံးဖြတ်ချက်များ အကောင်အထည်ဖော်မှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။ **(သတင်းစဉ်)**

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် ပင်မဆောင် အဆောက်အအုံသစ်ကို တွေ့ရစဉ်။ (သတင်း–၃) **(သတင်းစဉ်)**

30-3 (20).p65 1 3/24/05, 11:00 PM